# ကြေးမုံ The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့၊ (9-4-2015) (၈၁၇၀)


**မေတ္တာ၏ အကျိုးအာနိသင်**

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ချတောင်ဆရာတော် ဦးတိလောက

# ပြည်ထောင်စုလွှတ်တော်မှ အဆိုပြုထားသည့် နိုင်ငံရေးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးရေး မကြာမီအချိန်အတွင်း ဆောင်ရွက်နိုင်ရန် စီစဉ်နေ

## ရွေးကောက်ပွဲမတိုင်မီ ကြားကာလ နိုင်ငံရေးတည်ငြိမ်မှုသည် အလွန်အရေးကြီး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များ နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ *(သတင်း စာမျက်နှာ - ၃)* (သတင်းစဉ်)

အသက်(၁၂)နှစ်အောက်ကလေးကို စွန့်ပစ်ခြင်းကျူးလွန်ပါက ထောင်ဒဏ်(၇)နှစ်အထိ ချမှတ်နိုင် စာမျက်နှာ - ၇

ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ပြည်သူလူထုနှင့် အမြဲထိတွေ့ပြီး ပညာပေး ဟောပြောပေးရမည် စာမျက်နှာ - ၈

မင်္ဂလာတောင်ညွန့်နှင့် ဒေါပုံမြို့နယ်တို့ ဆက်သွယ်သည့် ငမိုးရိပ်တံတား (မင်္ဂလာတောင်ညွန့်) ဇွန်လတွင် ပြီးစီးမည် စာမျက်နှာ - ၁၂




## ကြေးမုံ စာ တည်း ရှု ထောင့်

၉-၄-၂၀၁၅ [ကြာသပတေးနေ့]

# ယဉ်ကျေးစွာဖြင့် ပျော်ရွှင်စွာဆင်နွှဲ

အစဉ်အလာကို ထာဝရကိုင်စွဲထားမည်ဆိုလျှင် ခေတ်အမြင်အရ ရှေးရိုးစွဲဆန်လွန်းသည်ဟု ထင်မြင်နိုင်စရာရှိမည်။ အစဉ်အလာကို ခေတ်နှင့် လိုက်လျောညီထွေရှိစေဖို့ ပြုပြင်ပြောင်းလဲကြသည်မှာ သဘာဝကျသည်။ သို့သော် ခေတ်လွန်ပြီး အခြေခံပျောက်သည့် အပြောင်းအလဲမျိုးကိုဖြင့် သတိပြုဆင်ခြင်ကြရမည်ဖြစ်သည်။ ယဉ်ကျေးမှုတွင် အရိုးကို အရွက်မဖုံးစေချင်ဟု ဆိုချင်သည်။

မြန်မာ့ယဉ်ကျေးမှုအစဉ်အလာများတွင် နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်သည် မြန်မာတို့အတွက် ပျော်ရွှင်ဖွယ်အကောင်းဆုံး၊ အလိုလားဆုံး၊ အနှစ်သက်ဆုံး ပွဲတော်တစ်ခုဖြစ်သည်။ မြန်မာတိုင်း မြန်မာတိုင်း သင်္ကြန်ကို ချစ်မြတ်နိုးကြသလို သင်္ကြန်ကာလရောက်လေတိုင်း အထူးသဖြင့် လူငယ်လူရွယ်တိုင်း သင်္ကြန်တွင် ပျော်ရွှင်စွာရေကစားဖို့ ရည်သန်ကြသူများ များပါသည်။

မြို့တိုင်း၊ လမ်းတိုင်းတွင်လည်း သင်္ကြန်ရေကစားမဏ္ဍပ် အစီအရီဖြင့် အတာသင်္ကြန်ပွဲဆင်နွှဲဖို့ ပြင်ဆင်ကြသည်။ အထူးသဖြင့် ရန်ကုန်နှင့် မန္တလေးမြို့တို့၏ သင်္ကြန်အခင်းအကျင်းများမှာ ထည်ထည်ဝါဝါ မြိုင်မြိုင်ဆိုင်ဆိုင်ပင်။ တစ်ချိန်က သင်္ကြန်မဏ္ဍပ်၊ သင်္ကြန်အလှပြဆင်နွှဲရန်အတွက် အဆိုအက ဖျော်ဖြေတင်ဆက်မှုများအား ပြင်ဆင်ကြသည်များမှာ နှစ်လိုဖွယ်ကောင်းလှသည်။

မည်မျှပင် ပျော်ရွှင်စွာမြူးကြွကြသည်ဖြစ်စေ ရိုးရာယဉ်ကျေးမှုဓလေ့ဟန်ပန်တင်ဆက်မှုများက ပျောက်ကွယ်မသွားချေ။ ရေကစားခြင်း၊ ဖျော်ဖြေတင်ဆက်ခြင်းတို့သည် အရိုးကို အရွက်မဖုံးစေသကဲ့သို့ ခေတ်နှင့်အညီ ဆင်နွှဲခဲ့ကြသည်။ မြို့သူမြို့သားအားလုံး နှစ်သက်သဘောကျကြသည်။ ပါဝင်ဆင်နွှဲကြအားပေးကြနှင့် သင်္ကြန်၏ ပုံရိပ်သည် တက်ကြွလန်းဆန်းနေသည်။

သို့သော် နှစ်အနည်းငယ်အတွင်း သင်္ကြန်၏ပုံရိပ်သည် ပြောင်းလဲသွားခဲ့သည်။ သင်္ကြန်ကို မည်သူအရောင်ဆိုးခဲ့လေသနည်း။ သင်္ကြန်ကို မိမိတို့ကသာ အရောင်ဆိုးခဲ့ခြင်းဖြစ်သည်။ ယဉ်ကျေးသောသင်္ကြန်သည် မယဉ်ကျေးသောသင်္ကြန် ဖြစ်လာခဲ့သည်။ သင်္ကြန်ရေကစားခြင်း၏ အဓိကအချက် သင်္ကြန်ဖလားနှင့် ရေကစားပြီး အညစ်အကြေးကို ဆေးကြောရာမှ မီးသတ်ပိုက်နှင့် ဆင်နွှဲပြီး အပျော်လွန်ခဲ့ကြသည်။

နှလုံးဘဝင်ကိုအေးမြစေသည့် မေတ္တာရေစင်မှ ခန္ဓာတစ်ခွင်ကို နာကျင်မှုအသွင်အဖြစ်ပြောင်းလဲလာကြသည်။ သင်္ကြန်ရွှေဦး၊ မန်းတောင်ရိပ်ခို၊ ပိတောက်လက်ဆောင်၊ တူးပို့ တူးပို့ စသည့် မြူးမြူးကြွကြွ သင်္ကြန်တေးသွားများဖြင့် ယဉ်ယဉ်ကျေးကျေး သီဆိုကခုန်ပျော်မြူးကြမှုများရှိသလို အနောက်တိုင်းသရုပ်ပျက်တေးသွားများနှင့် ကခြေသိက္ခာမဲ့ပျော်မြူးကြသူများလည်းရှိသည်။

မည်သို့ပင်ရှိစေ နှစ်သစ်ကူးသင်္ကြန်ပွဲတော်သည် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာမှ ဆင်းသက်လာသဖြင့် ယဉ်ကျေးသော အသွင်သဏ္ဌာန်များ မပျောက်ဖို့လိုမည်။ ခေတ်ပေါ်သင်္ကြန်တေးသီချင်းများသည် မြူးကြွသည့် သင်္ကြန်နှင့် လိုက်ဖက်သည်မှန်သော်လည်း အပျော်လွန်၊ သရုပ်ပျက်သော ပုံရိပ်များနှင့် ဖုံးလွှမ်းမသွားစေဖို့ သတိပြုရမည်ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုအတွက် စိုးရိမ်ဖွယ်ရာအနေအထားသို့ မရောက်အောင် ထိန်းထိန်းသိမ်းသိမ်း ဆင်နွှဲကြရမည်ဖြစ်သည်။

မြန်မာ့ရိုးရာ ရေသဘင်ပွဲသည် ကြီးကြီးငယ်ငယ်၊ ကျားမ မရွေး ပျော်ရွှင်စွာဆင်နွှဲသည့် ပွဲတော်ဖြစ်သော်လည်း နှစ်ပေါင်းထောင်ချီကျက်သရေမင်္ဂလာအဖြာဖြာနှင့်ဆင်နွှဲခဲ့သော ယဉ်ကျေးမှုသမိုင်းမျက်နှာစာ မပျောက်ပျက်စေရန်အတွက် အမြောက်အမြားရှိသည့် သင်္ကြန်သံစဉ်တေးသွားများဖြင့် ပျော်ရွှင်မြူးထူးကြလျှင်လည်း တင့်တယ်သော ဆင်နွှဲခြင်းလည်းမြောက်ပါသည်။

သို့ဖြစ်ရာ မြန်မာ့နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲကြရာ၌ မြန်မာ့ရိုးရာအစဉ်အလာမပျက် ဆင်နွှဲခြင်းဖြင့် မိမိတို့၏ အမျိုးသားယဉ်ကျေးမှု အထိမ်းအမှတ်လက္ခဏာများ မပျောက်ပျက်အောင် ဆောင်ရွက်နိုင်ပါသည်။ အရိုးကို အရွက်မဖုံးသော အစဉ်အလာမပျက်သည့် ယဉ်ကျေးသော သင်္ကြန်ပွဲကို ပျော်ရွှင်စွာဆင်နွှဲခြင်းဖြင့် နှစ်သစ်ကို ဖြတ်သန်းကြဖို့ တိုက်တွန်းအပ်ပါသည်။ ။

# ကရင်ပြည်နယ်အတွင်း လူမှုစီးပွားဘဝမြင့်မားရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဧပြီ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဧပြီ ၅ ရက်က ကရင်ပြည်နယ် ဘားအံမြို့နယ် နောင်လုံအရှေ့ရွာ ကျေးရွာအုပ်စု မြောက်ကြီးရွာသို့ ကွင်းဆင်းပြီး အသက်(၁၀၅)နှစ်ရှိ အဘွားဒေါ်အုန်းမေနှင့် အသက်(၁၀၃)နှစ်ရှိ ဒေါ်စောရီတို့၏ နေအိမ်များသို့ သွားရောက်ကာ နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင် လက်မှတ်ရေးထိုးထားသော ဂုဏ်ပြုလွှာနှင့် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ ချီးမြှင့်ငွေ ၂၅ ရာခိုင်နှုန်းမှ **ထောက်ပံ့ငွေ နှစ်သိန်းကျပ်စီ**နှင့် အသုံးအဆောင်ပစ္စည်းများအား နိုင်ငံတော်ကိုယ်စားပေးအပ်ကာ အဘွားနှင့် မိသားစုဝင်များအား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့တော်ခန်းမ၌ ဖွင့်လှစ်ထားသော လူမှုစောင့်ရှောက်ရေးနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ မွမ်းမံသင်တန်း(၁/၂၀၁၅)တွင် ကျေးရွာ ၃၄ ရွာမှ လူငယ်မောင်မယ် ၁၁၀ တို့ကို မှာကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူဒေသ သစ္စာအေးမြိုင်ကျေးရွာသို့ ကွင်းဆင်း၍ ဝန်ကြီးဌာနမှ ကျပ်သိန်း ၃၀၀ ဖြင့် လှူဒါန်းထားသည့် မူကြိုကျောင်း တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။ ၎င်းနောက် သက်ကြီးဘိုးဘွားများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ယဉ်ကျေးလိမ္မာသင်တန်းသားသင်တန်းသူများကို ဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်း၍ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးသည်။ ဆက်လက်၍ မြိုင်ကြီးငူ တိုက်နယ်ဆေးရုံသို့ ရောက်ရှိကာ ကိုယ်ဝန်ဆောင်မိခင်များနှင့် ဆေးရုံတက်လူနာများကို ဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့ပူးပေါင်း၍ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးသည်။

ဧပြီ ၆ ရက်က ဘားအံမြို့ မူကြိုကျောင်း၌ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပြီး **နိုင်ငံတော် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ် ဝန်ထမ်းလစာနှုန်းသစ် တိုးမြှင့်ပေးခြင်း**တို့အား ရှင်းလင်းပြောကြားသည်။ ထို့နောက် အမျိုးသမီး လူမှုစီးပွားဘဝ မြင့်မားရေးလုပ်ငန်းများဖြစ်သော လက်ရက်ကန်းလုပ်ငန်းနှင့် စက်ချုပ်သင်တန်းများအား ကြည့်ရှုအားပေးပြီး ပြည်နယ်ကယ်ဆယ်ရေးဂိုဒေါင်သို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




**သာပေါင်း ဧပြီ ၈**

# သာပေါင်းမြို့နယ် ငါးဘတ်ချောင်းကျေးရွာအုပ်စု ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံများဖွင့်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ငါးဘတ်ချောင်းကျေးရွာအုပ်စု ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံများ ဖွင့်လှစ်ခြင်းအခမ်းအနားကို ဧပြီ ၈ ရက်က ကျင်းပရာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ထင်၊ တိုင်းပညာရေးမှူး ဦးအောင်ကျော်ဆန်းနှင့် ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှိုင်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်က အမှာစကားပြောကြားသည်။

ငါးဘတ်ချောင်းကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံများအတွက် ဝန်ကြီးချုပ် ဦးသိန်းအောင်က ဘီလပ်မြေ အိတ် ၆၅၀ အတွက် ကျပ်သိန်း ၃၀ နှင့် ငွေကျပ် ငါးသိန်း၊ ဦးမြင့်သိန်း(ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်ငွေငွေလွင် မိသားစုက စာသင်ကျောင်းနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ် ၁၈၅ သိန်း၊ ဦးဝဏ္ဏလှမြင့်-ဒေါ်ထက်ဇင်ဇင်အောင် မိသားစု (အာရှအဓိပတိကုမ္ပဏီလီမိတက်)က သိန်း ၈၀ တန်ဖိုးရှိ လူနာတင်ယာဉ်တစ်စီးနှင့် အခြားအလှူရှင်များကလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ငါးဘတ်ချောင်းကျေးရွာအုပ်စုအား ပညာရေး၊ ကျန်းမာရေး၊ ကျေးရွာချင်းဆက်လမ်းများ၊ တံတားများ၊ မီးလင်းရေး၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်လှိုင်(ဟိုတယ်/ခရီး)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဧပြီ ၈**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၈၃၂၀၀ | - | ၆၈၄၂၀၀ |
| မန္တလေး | ရွှေဈေး | ၆၈၂၇၀၀ | - | ၆၈၃၇၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၈၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၂၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၇၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၀၆၀. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၁၄၆. ၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၇၁. ၀၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၂. ၅၄၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၀. ၈၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၀၀၇ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၈၈၁. ၇၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၆. ၉၁၅ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၁၁. ၂၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၇၇၉. ၅၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

**ခြံနှင့်အိမ်ရောင်းမည်**
ပုတ္တမြားမြို့သစ်၊ သန္တာလမ်း ပေ(၃၀×၅၀)၊ ၂ထပ်အိမ်(ပါမစ်) ရေမီးစုံ(အမှတ် ၃လမ်းမနှင့်နီး)
ဖုန်း-၀၉-၅၀၃၂၀၉၈
(ဝယ်မည့်သူသာ ဆက်သွယ်ရန်)

သင်္ကြန်ပိတ်ရက်များအတွက် ခရီးနီး/ဝေးမဆို
ကား+**Driver** အငှား လိုက်သည်။
-Toyota Hiace
-Hiace Commuter(14 Seater)
-Alphard (7 Seater)
Hotline:09-73072222

**မျိုးမြတ်သူ** A/C Express 13 April
ပြင်ဦးလွင်မန္တလေးတောင်ကြီး 120000
09-254058712, 09-31568500

**ရွှေထီပိတန်း ချောင်းသာ(နေ့စဉ်)**
+ရွှေစက်တော်၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး ကျိုက်ထီးရိုး(နေ့စဉ်) ငွေဆောင်(ဆောင်း)
+တောင်ကြီး၊အင်းလေး၊ပင်းတယ၊ထမံ့စမ်း၊လိုဏ်ဂူ
+အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်
သင်္ကြန်တွင်း ပိတ်ရက်မရှိပါ ကြိုတင်လက်မှတ်ရောင်းမြီ
01-701015,01-710436,09-5403844,09-5044830

**အမည်မှန်**
ဦးရွှေချစ်၏သား နိုင်ငံသားစိစစ်ရေး အမှတ်[၁၂/သကတ(နိုင်) ၀၈၆၂၇၉] ကိုင်ဆောင်သူ၏ အမည်မှန်မှာ ဦးမြင့်အေး(ခ)ဦးပန်းချစ် ဖြစ်ပါသည်။

**ကလေးနာမည်ပေး ဆရာကြီးဂေဇာဇော်ဝင်း**
(LL.B.)
01-394727, 01-399426 09-73009994-

**ပျောက်ဆုံးကြောင်း**
၇-၄-၂၀၁၅ရက် (အင်္ဂါနေ့) ည (၉)နာရီခန့်က Taxi ကားပေါ်၌ တင်ထားသော အရေးကြီးစာရွက်စာတမ်းများထည့်သည့်ဖိုင်မှာ ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၄၄၈၀၁၆၆၂၀၊ ၀၉-၄၃၀၈၂၄၀၉

မီးစက်ရောင်းမည်
2C ဒီဇယ်အင်ဂျင်
25.K.V
Ph-5058183

**မြေကျယ် အမြန်ဆုံး ဝယ်လိုသည်**
ရန်ကုန်မြို့အနီးတစ်ဝိုက် (၈ကေမှ ၂၅ကေ)
အနည်းဆုံးဥယျာဉ်ခြံမြေ
အိမ်ဆောက်နိုင်သော မြေဖြစ်ရပါမည်။
ဖုန်း-၀၉-၃၂၁၉၀၂၂၀(9,10-Apr အတွင်း ရုံးချိန်ဆက်သွယ်ရန်)

ပြည်တွင်းရေးရာ

# ရွေးကောက်ပွဲများမတိုင်မီမှာ နိုင်ငံရေးဆွေးနွေးပွဲတွေ စတင်နိုင်ဖို့ အရေးကြီးပါတယ်

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

နေပြည်တော် မေ ၈

**နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များတွေ့ဆုံဆွေးနွေးပွဲကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ ကျင်းပသည်။**

ဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဒုတိယဥက္ကဋ္ဌ ဦးဌေးဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဥက္ကဋ္ဌ ဦးသန်းတင်၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF)မှ ဦးခင်မောင်ဆွေ၊ ညီနောင်တိုင်းရင်းသားများပါတီ ဖက်ဒရေးရှင်း (NBF)မှ ဦးစိုင်းအိုက်ပေါင်း၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားပါတီများမှ ခေါင်းဆောင်များ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ စုစုပေါင်း ၄၃ ဦး တက်ရောက်ကြသည်။

ဆွေးနွေးပွဲ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် အသွင်ကူးပြောင်းရေးကာလ၏ အလွန်အရေးပါသည့် အလှည့်အပြောင်းကာလကိုရောက်ရှိနေသည့်အတွက် မိမိအနေဖြင့် နိုင်ငံရေးအင်အားစုများအကြား တွေ့ဆုံမှုတွေကို ပုံစံမျိုးစုံဖြင့် ပြုလုပ်သွားမည်ဆိုသည်ကို ထပ်လောင်းပြောချင်ပါကြောင်း၊ မိမိအနေဖြင့် ပြည်ထောင်စုလွှတ်တော်မှအဆိုပြုထားသည့် နိုင်ငံရေးခေါင်းဆောင်များအကြား တွေ့ဆုံဆွေးနွေးရေးဆိုသည့် ကိစ္စကိုလည်း မကြာမီအချိန်အတွင်းမှာဆောင်ရွက်နိုင်ရန် စီစဉ်နေကြောင်းကိုလည်း အသိပေးလိုပါကြောင်း။

မိမိတို့၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်သည် တိုက်ရိုက်ဆက်စပ်နေခြင်းဖြစ်ပါကြောင်း၊ ယခုဆိုလျှင် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး ကြီးမားသည့်တက်လှမ်းမှုတစ်ခုဖြစ်သည့် တစ်နိုင်ငံလုံးဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် NCA မူကြမ်းကို ညှိနှိုင်းပြီးစီးကြောင်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

ယခုကဲ့သို့ NCA မူကြမ်းရရှိလာခြင်းသည် မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိပြီး ကာလနောက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး အစဉ်တစိုက်တောင်းဆိုခဲ့ကြသည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးအတွက် အရေးကြီးဆုံး သဘောတူညီချက်တစ်ခုကို အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ကျယ်ပြန့်သည့် သဘောတူညီမှုတစ်ခုရရှိခဲ့ခြင်းဖြစ်ပါကြောင်း။

ဤစာချုပ်မူကြမ်း သဘောတူညီချက်ရရှိခြင်းကို နိုင်ငံတကာအစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများက ဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြပါကြောင်း၊ ပြည်တွင်းမှလည်း နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ကြိုဆိုမှုများရရှိနေသည်ကို အားလုံးသိပြီးဖြစ်ပါကြောင်း။

ယင်းမှာ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အလွန်အရေးကြီးသည့် တက်လှမ်းမှုတစ်ခုဖြစ်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် NCCT တို့၏ ကြိုးပမ်းအားထုတ်မှုများကိုလည်း မိမိတို့အနေဖြင့် ချီးကျူးဂုဏ်ပြုရမည်ဖြစ်ပါကြောင်း။

NCA ကိုအပြီးသတ် လက်မှတ်ရေးထိုးရန် အလျင်အမြန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သို့မှသာ နောက်တစ်ဆင့် တက်လှမ်းရမည့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများမှာ Stakeholders များအားလုံးသည် မိမိတို့ကိုယ်စားပြုမှုအတိုင်း ပါဝင်ဆွေးနွေးခွင့်ရမည် ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲများမတိုင်မီတွင် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန်လည်း အရေးကြီးပါကြောင်း၊ သို့မှသာ မည်သည့်အစိုးရတာဝန်ယူသည်ဖြစ်စေ၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အစမှနေ၍ ပြန်စစရာမလိုဘဲ အပစ်အခတ်ရပ်စဲရေးမှ ရှေ့ဆက်သွားရမည့် နိုင်ငံရေး ဆွေးနွေးပွဲများအတွက် အခြေခံ အုတ်မြစ်ကောင်းတစ်ခုကို ကိုင်ပြီး ဆက်လက်လုပ်ဆောင်သွားနိုင်မည်ဖြစ်ပါကြောင်း၊ NCA ကို အောင်မြင်စွာအပြီးသတ် လက်မှတ်ရေးထိုးနိုင်ရေးအတွက် အားလုံး ဝိုင်းဝန်း ကြိုးပမ်းပေးကြပါဟု တိုက်တွန်းလိုပါကြောင်း။

ထပ်လောင်း ရှင်းပြလိုသည်မှာ NCA မှာ ပါဝင်သည့်အချက်အားလုံး လိုလိုသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များက အဆိုပြုခြင်းဖြစ်ပြီး မိမိတို့ ငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီသည် ငြိမ်းချမ်းရေးရလိုသည့် ဆန္ဒဖြင့် ညှိနှိုင်းခဲ့ခြင်းဖြစ်ပါကြောင်း။

အထွေထွေ ရွေးကောက်ပွဲများသည်လည်း နိုင်ငံရေးပါတီအားလုံး ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် ရွေးကောက်ပွဲအဖြစ် သမိုင်းဝင်ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ အစိုးရအနေဖြင့်လည်း အုပ်ချုပ်ရေးနည်းလမ်းများကို အသုံးပြုပြီး ရွေးကောက်ပွဲများကို ပွင့်လင်းလွတ်လပ်ပြီး မျှတသည့် ရွေးကောက်ပွဲများဖြစ်စေရန် အစွမ်းကုန် ကြိုးပမ်းပေးမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲမတိုင်မီ ကြားကာလနိုင်ငံရေးတည်ငြိမ်မှုသည် အလွန်အရေးကြီးပါကြောင်း။

ရွေးကောက်ပွဲကာလများတွင် ဖြစ်ပေါ်လာတတ်သည့် အငြင်းပွားမှုများ၊ လူမျိုးရေး၊ ဘာသာရေးအသွင်ဆောင်သည့် အဓိကရုဏ်းများ၊ မြင့်မားသည့် မျှော်လင့်ချက်များကို အခြေခံပြီး ဆန္ဒထုတ်ဖော်မှုများမှတစ်ဆင့် တင်းမာမှုများပေါ်ပေါက်တတ်ပါကြောင်း၊ ယင်းတို့ကို နိုင်ငံရေးအင်အားစုများ အားလုံးအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းပေးရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများက ငြိမ်းချမ်းရေးဖြစ်စဉ်၏ အခြေအနေများ၊ တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်(မူကြမ်း)အား အတည်ပြုနိုင်ခဲ့ခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ ချောမွေ့စွာဖြစ်ထွန်းရေးတို့နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ အထွေထွေရွေးကောက်ပွဲများမတိုင်မီ အရေးကြီးသည့် ကြားကာလ နိုင်ငံရေးတည်ငြိမ်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံရေးအင်အားစုများ အားလုံးအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့တစ်တွေသည် မတူကွဲပြားသည့် အယူအဆများရှိကြမည်ဖြစ်သကဲ့သို့ တူညီသည့်အချက်များလည်း များစွာရှိကြပါကြောင်း၊ တူညီသည့်အချက်များကို တိုင်းပြည်အတွက် လက်တွဲလုပ်ကြမည်၊ မတူကွဲပြားသည့် သဘောထားများကို ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးအဖြေရှာသွားကြမည်ဆိုသည့် နိုင်ငံရေးယဉ်ကျေးမှုအသစ်ကို မိမိတို့အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် ငြင်းခုံမှုများ၊ ပဋိပက္ခဖြစ်မှုများ များစွာလျော့နည်းသွားစေခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း။

စနစ်သစ်တစ်ခုမှ စနစ်သစ်တစ်ခုသို့ ပြောင်းလဲတည်ဆောက်ကြရာတွင် အတွေ့အကြုံနည်းပါးမှု၊ အလေ့အကျင့် နည်းပါးမှုတို့ကြောင့် ဆန္ဒလောဘများမှတစ်ဆင့် ဆန္ဒဒေါသများ ဖြစ်ပေါ်လာပြီး အားမလိုအားမရဖြစ်မှုများ၊ မကျေမနပ်ဖြစ်မှုများ ရှိနေကြသည်ကို မိမိတို့ နားလည်သိရှိပါကြောင်း၊ ပြဿနာအားလုံးသည် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကြောင့်၊ အဖွဲ့အစည်းတစ်ခုကြောင့်ဟု မယူဆဘဲ အားလုံးက တာဝန်ရှိသည်ဟု နားလည်စာနာပြီး အသီးသီး မျှဝေစာနာကြမည်၊ မျှဝေတာဝန်ယူကြမည်ဆိုလျှင် ဖြစ်ပေါ်လာသည့် ပြဿနာများသည် လျော့နည်းပပျောက်သွားမည် ဖြစ်ပါကြောင်း။

ယနေ့တွင် တိုင်းရင်းသားအားလုံး ငြိမ်းချမ်းရေးရလိုသော တူညီသည့်ဆန္ဒကိုအခြေခံပြီး အားလုံးပါဝင်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့်အတွက် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲနိုင်တော့မည့် အခြေအနေကောင်းတစ်ရပ်ကို ဖန်တီးနိုင်ခဲ့ကြပြီဖြစ်ပါကြောင်း၊ ဤအခြေအနေကောင်းကို ခိုင်ခိုင်မြဲမြဲဆုပ်ကိုင်ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရန် လက်မှတ်ရေးထိုးကြသည့်အဆင့်ကို အောင်မြင်အောင် နိုင်ငံသားအားလုံး၊ အဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းကြိုးပမ်းကြရဦးမည်ဖြစ်ပါကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးလက်မှတ်ရေးထိုးပြီးသည်နှင့် သတ်မှတ်ရက်အတွင်း Political Dialogue ဆက်သွားနိုင်အောင် ပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေး ဆွေးနွေးပွဲများတွင် လက်နက်ကိုင် တိုင်းရင်းသားခေါင်းဆောင်များသာမက အခြားသော တိုင်းရင်းသားခေါင်းဆောင်များ၊ ပါဝင်သင့် ပါဝင်ထိုက်သည့် အဖွဲ့အစည်းအသီးသီးတို့မှ ကိုယ်စားလှယ်များလည်း ပါဝင်ကြရမည်ဖြစ်ပါကြောင်း။

ဒုတိယအရေးကြီးသည့် ကိစ္စတစ်ရပ်မှာ ယခုနှစ် အောက်တိုဘာလကုန်၊ နိုဝင်ဘာလဆန်းတွင် ကျင်းပပြုလုပ်မည့် ပါတီစုံအထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ဖြစ်ပါကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန် နိုင်ငံအများအပြားက တိုက်တွန်းပြောကြားနေသကဲ့သို့ တစ်ဖက်ကလည်း စောင့်ကြည့်နေကြပါကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ရွေးကောက်ပွဲတစ်ရပ်၏ လုပ်သင့်လုပ်ထိုက်သည်များကို အစွမ်းကုန်ကြိုးပမ်းပြင်ဆင်လျက်ရှိပါကြောင်း၊

ယခုရွေးကောက်ပွဲသည် တိုင်းပြည်၏ ဂုဏ်သိက္ခာနှင့်လည်းသက်ဆိုင်နေသကဲ့သို့ အမျိုးသားရေးတာဝန်တစ်ရပ်လည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်အောင် နိုင်ငံသားအားလုံးကလည်း တာဝန်သိသိဖြင့် ဝိုင်းဝန်းကူညီပေးကြရန် လိုအပ်ပါကြောင်း၊ အစိုးရအဖွဲ့အနေဖြင့်လည်း ကျရာတာဝန်ကို အစွမ်းကုန် ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့အားလုံးသည် ဒီမိုကရေစီပန်းတိုင်ကိုအတူလျှောက်လှမ်းနေကြသူများဖြစ်ပါကြောင်း၊ လမ်းကြောင်းအသီးသီးမှ ကိုယ့်ယုံကြည်ချက်နှင့်ကိုယ် သွားနေကြသော်လည်း ရည်မှန်းချက်ပန်းတိုင်သည် တစ်ခုတည်းပင်ဖြစ်ပါကြောင်း၊ တူညီသည့် ပန်းတိုင်ကို ချီတက်ကြသည့် နေရာတွင် အချင်းချင်းနားလည်မှုရှိရှိဖြင့် အတူလက်တွဲချီတက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော်ပိုင်ပင်လယ်ပြင်အား ကာကွယ်နိုင်ရေးအတွက် ပင်လယ်ပြင်ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်းများ နှစ်စဉ်ပြုလုပ်

**နေပြည်တော် မေ ၈**

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုတို့ကို လုံခြုံစွာ ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော တပ်မတော် တည်ဆောက်ရေးအတွက် အစဉ်အမြဲ အကောင်အထည်ဖော် လေ့ကျင့်တည်ဆောက်လျက်ရှိသည်။ ထိုသို့ လေ့ကျင့် တည်ဆောက်ရာတွင် တပ်မတော်(ရေ)မှ နိုင်ငံတော်ပိုင် ပင်လယ်ပြင်ရေထု၊ လေထုအတွင်း အချုပ်အခြာအာဏာခိုင်မာစေရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေး စွမ်းရည်ထက်မြက်လာစေရန် ရည်ရွယ်၍ စစ်ရေယာဉ် တပ်ပေါင်းစု ပင်လယ်ပြင် စစ်ဆင်မှုလေ့ကျင့်ခန်း (Combined Fleet Exercise - Sea Shield 2015) အား ယနေ့ နံနက်ပိုင်းက မြန်မာ့ရေပိုင်နက် မာန်အောင်ကျွန်းအနီး (ကျောက်ဖြူဒေသ) ပင်လယ်ပြင်တွင် စစ်ရေယာဉ် ၂၀ ကျော်ဖြင့် လေ့ကျင့်ရေးဆောင်ရွက်ခဲ့ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ် အောင်ဇေယျပေါ်သို့ ရောက်ရှိပြီး တာဝန်ကျတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။ ထို့နောက် စစ်ရေယာဉ် အောင်ဇေယျပေါ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား လေ့ကျင့်ခန်းကို ဦးဆောင်မည့် တာဝန်ရှိတပ်မမှူးက လေ့ကျင့်ခန်းနှင့်ပတ်သက်၍ ဖြစ်စဉ်အကြောင်းအရာကို ရှင်းလင်းတင်ပြသည်။

၎င်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေငုပ်အထူးတပ်ဖွဲ့ (NAVY SEALs ) က ရန်သူ့နယ်မြေအတွင်းရှိ ဆီတင်ရေယာဉ်တစ်စီးအား စီးနင်း၍ ဖောက်ခွဲနှစ်မြှုပ်ခြင်း လေ့ကျင့်ခန်းအား ကြည့်ရှုကြသည်။

ဆက်လက်၍ တာဝန်ရှိတပ်မမှူးနှင့် စစ်ရေယာဉ်မှူးများသည် သက်ဆိုင်ရာစစ်ရေယာဉ်များသို့ ပြန်လည်ထွက်ခွာပြီး လေ့ကျင့်ခန်းအား အစီအစဉ်အတိုင်း ဆက်လက်လုပ်ဆောင်ကြသည်။

လေ့ကျင့်ရာတွင် ရေငုပ်သင်္ဘောတိုက်ဖျက်ရေး လက်နက်များ လက်တွေ့ပစ်ခတ်ခြင်း၊ လေကြောင်းရန်ကာကွယ်ရေး လက်နက်များဖြင့် လက်တွေ့ပစ်ခတ်ခြင်း၊ ၁၀၀ မီလီမီတာ အမြောက်ကြီးများဖြင့် လက်တွေ့ပစ်ခတ်ခြင်းများ အပါအဝင် ပစ်မှတ်ရေယာဉ်တစ်စီးအား ပဲ့ထိန်းဒုံးပျံဖြင့် လက်တွေ့ပစ်ခတ်နှစ်မြှုပ်ခြင်းများ လေ့ကျင့်ဆောင်ရွက်ခဲ့သည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှုလေ့ကျင့်ခန်းအား ကြည့်ရှုစဉ်။** (မြဝတီ)

လေ့ကျင့်ခန်း ပြီးဆုံးချိန်တွင် လေ့ကျင့်ခန်းတွင် ပါဝင်ခဲ့သည့် စစ်ရေယာဉ်များက စစ်ရေယာဉ် အောင်ဇေယျပေါ်တွင် စီးနင်းလိုက်ပါလာသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား Fleet Review ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ် အောင်ဇေယျ၏ ဧည့်သည်တော်မှတ်တမ်းတွင် လေ့ကျင့်ခန်းအထိမ်းအမှတ် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေယာဉ် အောင်ဇေယျပေါ်မှ စစ်ရေယာဉ် တပ်ပေါင်းစုပင်လယ်ပြင်စစ်ဆင်မှု လေ့ကျင့်ခန်း (Combined Fleet Exercise - Sea Shield 2015) တွင်ပါဝင်ခဲ့ကြသည့် စစ်ရေယာဉ်မှူးများနှင့် အရာရှိ၊ စစ်သည်များအား လေ့ကျင့်ခန်းနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်အမှာစကား ပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့နိုင်ငံသည် ကမ်းရိုးတန်းအရှည် ၁၂၄၇ မိုင်၊ မြန်မာ့ပိုင်နက်ပင်လယ် အကျယ်အဝန်း ဧရိယာစတုရန်း မိုင်ပေါင်း ၁၄၄၀၀၀ ကျော် ရှိပါကြောင်း၊ ၎င်းအပြင် ကျွန်းပေါင်း ၁၂၀၀ ကျော်ရှိပြီး ရေပေါ်ရေအောက် သယံဇာတများစွာရှိ၍ ရေကြောင်းအကျိုးစီးပွားများပြားပါကြောင်း၊ တည်နေရာအရလည်း အိန္ဒိယသမုဒ္ဒရာနှင့် ဆက်စပ်တည်ရှိပြီး မဟာဗျူဟာအရ အရေးပါခြင်းတို့ကြောင့် ဖြစ်လာနိုင်ဖွယ်ရှိသော ရန်ပြုမှုမှန်သမျှကို ရင်ဆိုင်နိုင်ရန်၊ ကာကွယ်နိုင်ရန် တပ်မတော်(ရေ)အနေဖြင့် ပြင်ဆင်လေ့ကျင့်နေရမည်ဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် အမြဲအသင့်ဖြစ်စေရန် တပ်မတော်(ကြည်း၊ ရေ၊ လေ)ကို အင်အားတည်ဆောက်ပေးခြင်း၊ ယင်းအင်အားများကို လေ့ကျင့်ပေးခြင်း၊ တပ်များ၏ စွမ်းရည်မြှင့်တင်ပေးခြင်းတို့အား ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ တပ်မတော်(ရေ) အနေဖြင့်လည်း အသင့်ဖြစ်မှု ၃ ခုဖြစ်သည့် တပ်ဖွဲ့ဝင်များအသင့်ဖြစ်မှု၊ စစ်ရေယာဉ်များအသင့်ဖြစ်မှု၊ အီလက်ထရွန်နစ် အသင့်ဖြစ်မှုများကို ရေတပ်သားအဆင့်မှ စစ်ရေယာဉ်မှူးများအထိ စဉ်ဆက်မပြတ်လေ့ကျင့်နေရမှာဖြစ်ကြောင်း၊ လေ့ကျင့်ရေးဆိုသည်မှာ တပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်သည့် အခန်းကဏ္ဍဖြစ်ပါကြောင်း၊ မည်သည့်အလုပ်မဆို လုပ်ငန်းနှင့် အကျွမ်းတဝင်ရှိမှသာ အောင်မြင်မှုရမှာ ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ရာတွင် တပ်မတော်(ရေ) အနေဖြင့် ရေပြင်၊ ရေအောက်၊ ကမ်းခြေစစ်ဆင်ရေးများကို အီလက်ထရွန်နစ်စစ်ဆင်မှုဖြင့် ပေါင်းစပ်ဆောင်ရွက်ရန်လိုကြောင်း၊ ယင်းအကြောင်းအချက်အားလုံးကို အကျွမ်းတဝင်ရှိမှသာ ရည်မှန်းချက်တာဝန်ကို အောင်မြင်စွာထမ်းဆောင်နိုင်မှာဖြစ်ကြောင်း၊ Maritime Security သည် သက်ဆိုင်ရာတိုင်းပြည်သာမက နိုင်ငံတကာကပါ စိတ်ဝင်စားပါကြောင်း၊ ၎င်းအပြင် HADR ဒုက္ခသည်ကယ်ဆယ်ရေးလုပ်ငန်းများမှာလည်း မလွဲမသွေဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်၍ ယင်းလုပ်ငန်းတာဝန်များကို နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် တပ်မတော်(ရေ)၏ တည်ဆောက်ရေးအပိုင်းကို လုပ်ဆောင်ပေးနေပြီး တပ်များ၏ စွမ်းရည်မြင့်မားရေးကို တစ်ဦးချင်းလေ့ကျင့်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ယခုလေ့ကျင့်ခန်း၏ အားသာချက်၊ အားနည်းချက်များကို သေချာစွာ ဖော်ထုတ်၍ ရေတပ်စွမ်းပကားမြင့်မားရေးအတွက် တပ်မတော်(ရေ)၏ ဆောင်ပုဒ်ဖြစ်သည့် ရွှေပင်လယ်ကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိသူများဖြစ်အောင် ကြိုးစားအားထုတ်လုပ်ဆောင်ရန် တိုက်တွန်းကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ခန်းတွင် ပါဝင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များအတွက် ဂုဏ်ပြုဆုငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

၂၀၁၄ ခုနှစ်တွင် စစ်ရေယာဉ် ၂၁ စီးဖြင့် Sea Shield 2014 အား ဆောင်ရွက်နိုင်ခဲ့ပြီး ယနေ့ပြုလုပ်ခဲ့သည့် စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှု လေ့ကျင့်ခန်း (Combined Fleet Exercise - Sea Shield 2015) တွင် စစ်ရေယာဉ်မျိုးစုံ ၂၂ စီး၊ အရာရှိ၊ စစ်သည် စုစုပေါင်း ၁၁၈၆ ဦးတို့ ပါဝင်လေ့ကျင့်ခဲ့ကြသည်။

နိုင်ငံတော်ပိုင် ပင်လယ်ပြင်အား မည်သည့် ကျူးကျော်မှုမျိုးကိုမဆို ကာကွယ်နိုင်ရေးနှင့် ပင်လယ်ပြင်မှ အမျိုးသား အကျိုးစီးပွားများကို ကာကွယ်နိုင်ရေးအတွက် ပင်လယ်ပြင် ပူးပေါင်းစစ်ဆင်မှုလေ့ကျင့်ခန်းများကို နှစ်စဉ်ပြုလုပ်၍ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်စေပြီး ပစ်ခတ်မှုနှင့် လက်တွေ့စစ်ကစားလှုပ်ရှားမှု ပေါင်းစပ်လေ့ကျင့်ခြင်းဖြင့် စစ်ရေယာဉ်နှင့်စစ်သည်များ စွမ်းရည်ကိုလည်း တိုးမြှင့်စေမည်ဖြစ်ကြောင်း သိရသည်။ **(မြဝတီ)**



## နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးခေါင်းဆောင်များ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ် ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲ ကျင်းပ

**နေပြည်တော် မေ ၈**

နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေ ၆ နာရီ ၂၅ မိနစ်တွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့သတင်းစာရှင်းလင်းပွဲသို့ ပြည်တွင်း ပြည်ပ သတင်းထောက် ၄၂ ဦး တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

**မြေနီကုန်းမှ**

ပြီးစီးရန်လျာထားခဲ့ရာ မတ် ၂၇ ရက်တွင်မော်တော်ယာဉ်များ စတင်ဖြတ်သန်း မောင်းနှင်ခွင့်ပြုခဲ့သည်။ တံတားအရှည်မှာ ပေ ၂၃၁၀ ဒသမ ၅ ပေဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၄၈ ပေရှိ လေးလမ်းသွားတံတားဖြစ်ကြောင်း သိရသည်။

တံတားဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ Capital Development Limited မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာကိုကိုကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

မြေနီကုန်း ခုံးကျော်တံတားသည် လက်ရှိအစိုးရလက်ထက်တွင် အကောင်အထည်ဖော်ခဲ့သော ကားလမ်းကူးခုံးကျော်တံတားများအနက် ငါးစင်းမြောက် တံတားဖြစ်သည်။ ရန်ကုန်မြို့တော်တွင် ယာဉ်ကြောပိတ်ဆို့မှုပြဿနာများကို ဖြေရှင်းရန်အတွက် ခုံးကျော်တံတားများ တည်ဆောက်ခဲ့ရာတွင် ၂၀၁၂ ခုနှစ်က လှည်းတန်းခုံးကျော်တံတားကို ငွေကျပ် ၁၄ ဒသမ ၄၈၇ ဘီလီယံခန့်၊ ဘုရင့်နောင်နှစ်ထပ်ခုံးကျော်တံတားကို ငွေကျပ် ၂၁ ဒသမ ၇၄၄ ဘီလီယံခန့်၊ ရွှေဂုံတိုင်ခုံးကျော်တံတားကို ငွေကျပ် ၁၇ ဒသမ ၄၄ ဘီလီယံခန့်တို့ဖြင့် ပုဂ္ဂလိကကုမ္ပဏီများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်စေခဲ့ပြီး ဆက်လက်၍လည်း ရန်ကုန်မြို့တော်အတွင်း လိုအပ်လျက်ရှိသော နေရာများ၌ ခုံးကျော်တံတားများ ထပ်မံတည်ဆောက်သွားရန်အတွက် လွှတ်တော်တွင် အတည်ပြုချက်ရယူကာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘတ်ဂျက်ခွင့်ပြုချက်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အဖွင့်အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

**သတင်း- ဆုနှင်းလှဲ့**
**ဓာတ်ပုံ- ဌေးအောင်(ကြေးမုံ)**

# နိုင်ငံအတွက် ဆောင်ရွက်တဲ့အခါမှာ စိတ်ရင်းစေတနာကောင်းကောင်းနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ တက်ရောက်ပြီးတော့ ငြိမ်းချမ်းရေးရအောင်လုပ်ဖို့က အားလုံးက သဘောတစ်ခုတည်းဖြစ်နေ

ဦးခင်မောင်ဆွေ (အမျိုးသားဒီမိုကရေစီအင်အားစုပါတီ)

**နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဧပြီ ၈ ရက်က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ၎ရွှေဝါခန်းမ၌ နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားကိုယ်စားလှယ်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ တွေ့ဆုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့သူများ၏ သုံးသပ်ဆွေးနွေးချက်များကို မြန်မာ့သတင်းစဉ်(ပြည်တွင်း) သတင်းအဖွဲ့က မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**

**ဒေါ်အောင်ဆန်းစုကြည်**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ**

ဆွေးနွေးပွဲကတော့ ဒါမျိုးတွေ နောက်ထပ်လုပ်ဖို့ စဉ်းစားတယ်လို့ နားလည်ပါတယ်။ ဖြစ်နိုင်ရင်တော့ အမြဲပဲ မျှော်လင့်ကြတာပဲလေ။ ဒါပေမယ့် မျှော်လင့်တယ်ဆိုတာ အလုပ်လုပ်မှ၊ ကြိုးစားမှ မျှော်လင့်ပိုင်ခွင့်ရှိတယ်။

**ဦးခင်မောင်ဆွေ**
**အမျိုးသားဒီမိုကရေစီအင်အားစုပါတီ (NDF)**

ဆွေးနွေးပွဲကတော့ ဒီသတ်မှတ်ထားတဲ့ အချက်(၃)ချက်ကို ဆွေးနွေးတာ။ အားလုံးလိုလိုရဲ့ သဘောထားကနီးနေကြတာ တွေ့ရတယ်လေ။ ရွေးကောက်ပွဲ ဖြစ်မြောက်ဖို့ကလည်းပဲ ကတိကဝတ်သဘောမျိုး ဖြစ်သွားတာပေါ့။ ဒါပေမယ့် ပြန်လှန်မေးကြတဲ့အခါ ရွေးကောက်ပွဲက အပြင်မှာမဖြစ်ဘူးလိုလိုထင်နေတာတွေကို ဖြစ်မယ်ဆိုတဲ့ သဘောရောက်သွားတာပေါ့။ နောက်တစ်ခါ အပစ်အခတ်ရပ်စဲရေးမှာလည်း ရှေ့ဆက်သွားဖို့ ဘယ်လိုမူဘောင်တွေချပြီးတော့ သွားမလဲဆိုတဲ့ ဆွေးနွေးပွဲတွေဖြစ်အောင်လုပ်ဖို့အတွက်လည်း အားလုံးသဘောတူကြတယ်။ ဒီကနေ ခြောက်ပွင့်ဆိုင်ကလည်းပဲ ဖြစ်မယ်လို့ သမ္မတကိုယ်တိုင်ပြောသွားပြီဆိုတော့ နိုင်ငံရေးပြေလည်မှုတစ်ခုဆီ ဦးတည်သွားနေတယ်လို့ ယူဆနိုင်ပါတယ်။ တချို့ဟာတွေလည်း ပြောလို့မရတာလည်းပါတာပေါ့။ အဓိကအကျဆုံးအချက်ကတော့ ဒါပါပဲ။ နိုင်ငံအတွက်ဆောင်ရွက်တဲ့အခါမှာ စိတ်ရင်းစေတနာကောင်းကောင်းနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေတက်ရောက်ပြီးတော့ ငြိမ်းချမ်းရေးရအောင်လုပ်ဖို့က အားလုံးက သဘောတစ်ခုတည်းဖြစ်နေတော့ အဲဒါပဲ အဓိကကျတယ်လို့ ပြောရမှာပေါ့။ ခြောက်ပွင့်ဆိုင်ဆွေးနွေးပွဲကလည်း သမ္မတပြောသွားတဲ့အခါကျတော့ မျှော်လင့်နေကြတာတွေ ဖြစ်လာစရာအကြောင်းရှိနေပြီလို့လည်း မှတ်ချက်ပေးနိုင်တာပေါ့။


ဒေါ်အောင်ဆန်းစုကြည်။


ဦးခင်မောင်ဆွေ။


ဦးဇိုဇမ်း။


ဦးစောထွန်းအောင်မြင့်။


ဒေါက်တာမင်းနွယ်စိုး။

**ဦးဇိုဇမ်း(ဥက္ကဋ္ဌ)**
**ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ**

ဒီနေ့မှာ ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်းနဲ့ကို ဆွေးနွေးဖြစ်ပါတယ်။ အားလည်း အားရပါတယ်။ အားလုံးက ပွင့်ပွင့်လင်းလင်းနဲ့ အပြုသဘောဆောင်ပြီး ဆွေးနွေးဖြစ်တာ ဒီတစ်ခါပဲကြုံဖူးပါတယ်။ အောင်မြင်တယ်လို့လည်း ပြောချင်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း အခြေခံဥပဒေ ပြင်ဆင်တဲ့ကိစ္စမှာ နောင်လာနောက်သားတွေအတွက် ကောင်းတဲ့အရာတစ်ခုကျန်ခဲ့ဖို့အတွက် ဆွေးနွေးခဲ့ပါတယ်။ ဥပမာအနေနဲ့ ဘယ်အစိုးရပဲ တက်တက် ဒီအစိုးရလုပ်တာကိုင်တာ အဆင်မပြေဘူးဆိုရင် မဲခွဲဆုံးဖြတ်ပြီးမှ အစိုးရကို အယုံအကြည်မရှိအဆိုတင်သွင်းခွင့်ဆိုတာမျိုးကိုလုပ်ဖို့၊ နောက်ပြီး ရွေးကောက်ပွဲမတိုင်ခင်မှာ ပြည်နယ်ဝန်ကြီးချုပ်ကို ကိုယ့်ရဲ့ ပြည်နယ်ကနေ ရွေးချယ်နိုင်တဲ့ အခြေအနေမျိုးရောက်ဖို့တို့ကို ဆွေးနွေးခဲ့ပါတယ်။ ခါတိုင်းဆိုရင်တော့ သမ္မတကနေ ရွေးချယ်ပေးတဲ့ ကိစ္စမျိုးဖြစ်တဲ့အတွက် ၂၀၁၅ မတိုင်ခင်မှာ ကိုယ့်ရဲ့ ပြည်နယ်ဝန်ကြီးချုပ်ကို ကိုယ့်ရဲ့ လွှတ်တော်ထဲကနေ ရွေးချယ်ချင်တယ်ဆိုတာမျိုးကို ဆွေးနွေးနိုင်ခဲ့တယ်။

**ဦးစောထွန်းအောင်မြင့်**
**(ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့)**
**ကရင်တိုင်းရင်းသားရေးရာဝန်ကြီး**

ဒီနေ့သမ္မတကြီးရဲ့ ဖိတ်ခေါ်ဆွေးနွေးချက်တွေကတော့ ငြိမ်းချမ်းရေးကိစ္စ၊ ၂၀၁၅ ရွေးကောက်ပွဲနဲ့ ကော်မရှင်ကိစ္စ၊ ရွေးကောက်ပွဲမတိုင်မီကြားကာလ တည်ငြိမ်ရေးကိစ္စတွေပါပဲ။ ငြိမ်းချမ်းရေးကိစ္စအနေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်မူကြမ်း လက်မှတ်ရေးထိုးနိုင်မှုအပေါ်မှာ ထောက်ခံတာပေါ့။ ရွေးကောက်ပွဲ အတွက်ကတော့ ပွင့်လင်းလွတ်လပ်ပြီး တရားမျှတစွာ လုပ်ပေးမယ်ဆိုတော့ ဝမ်းသာရတာပေါ့။ ကြားကာလ တည်ငြိမ်ရေးကိစ္စကတော့ တိုင်းရင်းသားရေးရာဝန်ကြီးတွေရယ်၊ နိုင်ငံရေးပါတီအားလုံးရယ် ပူးပေါင်းပြီးဆောင်ရွက်နိုင်ရင် ပိုမိုကောင်းမွန်မယ်။ ဆိုလိုတာက နိုင်ငံရေးပါတီတွေကိုလည်း လမ်းကြောင်းတွေပိုဖွင့်ပေးဖို့ပေါ့။ ဒါမှလည်း ပါတီတွေ ပိုလှုပ်ရှားနိုင်မယ်။ ပါတီတွေက လူထုနဲ့ပိုမိုထိတွေ့ရတယ်။ လူထုကလည်း ပါတီတွေထဲကပဲ ရွေးချယ်ပေးတာကိုး။ တိုတိုရှင်းရှင်းပဲ သမ္မတကပြောပါတယ်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) မူကြမ်းလက်မှတ်ရေးထိုးတာကတော့ ပြောရမယ်ဆိုရင် သမ္မတကြီးက ဇောက်ချလုပ်တယ်။ Myanmar Peace Center (MPC) ကလည်း စိတ်ရှည်တယ်။ NCCT အနေနဲ့ကလည်း တကယ်ပဲ လိုချင်တယ်။ ဒါကြောင့်မို့လည်းအောင်မြင်လာတာပေါ့။ သုံးနှစ်လောက်လုပ်လာခဲ့တာ ဒီအထိရောက်ဖို့က မလွယ်ဘူးလေ။ ရှေ့လျှောက်အလားအလာက ကောင်းမယ်လို့ယုံကြည်တယ်။ သူတို့ကလည်း NCCT ကို ပြန်တင်ပြမယ်။ ပြန်တင်ပြပြီးရင် လက်မှတ်ထိုးဖို့ လာကြမှာပေါ့။ ငြိမ်းချမ်းရေးက လိုအပ်တယ်။ တိုင်းပြည်အေးချမ်းမှ တိုးတက်မယ်။ တိုင်းသူပြည်သားတွေလည်း စားဝတ်နေရေးပြေလည်မယ်။ ငြိမ်းချမ်းရေးကို တစိုက်မတ်မတ်လုပ်ရမယ်။ အရေးကြီးတာက စစ်မှန်တဲ့ ငြိမ်းချမ်းရေးဖြစ်ဖို့၊ တန်းတူတဲ့ ငြိမ်းချမ်းရေးဖြစ်ဖို့ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးဖြစ်ဖို့ လိုတယ်။ တိုင်းရင်းသားတွေ လိုအပ်တဲ့ ဖက်ဒရယ်၊ ဒီမိုကရေစီကို အလေးထားဖို့လိုတယ်။

**ဒေါက်တာမင်းနွယ်စိုး**
**အထွေထွေအတွင်းရေးမှူး**
**မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ**

ဒီနေ့ဆွေးနွေးပွဲမှာ အဓိကအချက်သုံးချက်ကို ဆွေးနွေးခဲ့ပါတယ်၊ ပထမအချက်ကတော့ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် (NCA)ပါ။ နောက်တစ်ခုကတော့ အထွေထွေရွေးကောက်ပွဲနဲ့ အသွင်ကူးပြောင်းရေးပါ။ နောက်တစ်ခုကတော့ ရွေးကောက်ပွဲမတိုင်ခင်မှာ တည်ငြိမ်အေးချမ်းရေးပါ။ ဒီသုံးခုကို အဓိကဆွေးနွေးခဲ့ပါတယ်။

ဒီနေ့ဆွေးနွေးပွဲမှာ အများစုဆွေးနွေးကြတာကတော့ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အားလုံးက ကြိုဆိုထောက်ခံတဲ့ အနေအထားပါ။ တချို့ကလည်း ဆက်သွားရမယ့်ကိစ္စတွေဖြစ်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတို့၊ Road map တို့ ဒါတွေကို အောင်မြင်အောင် ဆက်သွားကြဖို့ကို တိုင်းရင်းသားအားလုံးက ဆန္ဒပြုကြပါတယ်။ အထွေထွေရွေးကောက်ပွဲကတော့ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင်လုပ်ပေးဖို့ကို ဆွေးနွေးခဲ့ကြပါတယ်။

နောက်တစ်ချက်ကတော့ ရွေးကောက်ပွဲမတိုင်ခင် နိုင်ငံရေးတည်ငြိမ်မှုမရှိရင် ရှုပ်ထွေးမှုတွေဖြစ်လာမှာပါ။ ဒါကြောင့် တည်ငြိမ်အေးချမ်းအောင် နည်းလမ်းတွေရှာပြီး အားလုံးက ဝိုင်းဝန်းကြိုးစားလုပ်ဆောင်ဖို့ကိုလည်း အဓိကဆွေးနွေးခဲ့ကြပါတယ်။

မိမိတို့ပါတီအနေနဲ့ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ကြိုဆိုထောက်ခံတယ်။ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲတွေကိုဆက်လုပ်ဖို့၊ ပြည်ထောင်စုညီလာခံလိုမျိုးလုပ်ဖို့၊ နောက်ပြီးတော့ နှစ်ဖက်စလုံးက ပြည်သူတွေကိုကြည့်ပြီးတော့ လုပ်ငန်းစဉ်တွေကို အောင်မြင်အောင်ဆောင်ရွက်ပေးဖို့ကို ဆွေးနွေးခဲ့ပါတယ်။

လွတ်လပ်တဲ့ရွေးကောက်ပွဲကိစ္စရပ်နဲ့ပတ်သက်လို့ကတော့ ကော်မရှင်ဥက္ကဋ္ဌက လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲလုပ်ပေးမယ်လို့ ပြောတာကို ကျွန်တော်တို့ လက်ခံတယ်။ တကယ်ဖြစ်လာအောင် လုပ်ပေးခဲ့ရင်လည်း အသွင်ကူးပြောင်းရေးကို အထောက်အကူဖြစ်မယ်။ ရွေးကောက်ပွဲမတိုင်မီ တည်ငြိမ်အေးချမ်းဖို့နဲ့ပတ်သက်လို့ကတော့ အချက်နှစ်ချက်ကို အကျဉ်းချုပ်ဆွေးနွေးခဲ့ပါတယ်။

**မြန်မာ့သတင်းစဉ် သတင်းအဖွဲ့**

---

**ကျော့ဖုံးမှ**

ယှဉ်ပြိုင်ခွင့်ရကြမည့် Miss Myanmar ငါးဦးကို လာမည့် မေလနှင့် ဇွန်လတို့အတွင်း ပြိုင်ပွဲပြုလုပ်သွားမည်ဟု သိရသည်။ နောက်ဆုံးအဆင့် လက်ရွေးစင်ဆန်ခါတင်ရွေးပွဲနှင့်အတူ ယင်း Organization နှင့် စာချုပ်ချုပ်ဆိုမှုများကိုလည်း ပြုလုပ်ကြသည်။

မေလနှင့် ဇွန်လတို့တွင် ပြုလုပ်သွားရန်စီစဉ်ထားသည့် Miss Golden Land Myanmar 2015 အလှမယ်ပြိုင်ပွဲတွင် Miss Earth Myanmar Miss Supranation Myanmar "Miss Intercontinental Myanmar" "Miss Tourism Myanmar" "Miss Face of Beauty Myanmar" တို့ကို ရွေးချယ်မည်ဖြစ်ပြီး ၎င်းရွေးချယ်ခံရသူငါးဦးသည် ကမ္ဘာ့အလှမယ်ပြိုင်ပွဲများတွင် သွားရောက်ယှဉ်ပြိုင်ခွင့်ရကြမည်ဟု သိရသည်။

ထိုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သော အလှမယ်များသည် ကမ္ဘာ့ကြီးကျယ်ခမ်းနားဆုံးပြိုင်ပွဲကြီးများသို့ သွားရောက်ယှဉ်ပြိုင်ပြီးဖြစ်သော "Miss Earth Myanmar" နှင့် Miss Supranational Myanmar" မယ်ဘွဲ့ရအလှမယ်များ ပါဝင်ယှဉ်ပြိုင်ခွင့်မပြုဘဲ အခြားမည်သူမဆို၊ မည်သည့်အလှမယ်ဆုရဖူးသူ၊ နိုင်ငံကိုယ်စားပြုဖူးသူ မည်သူမဆို ပြန်လည်ယှဉ်ပြိုင်ခွင့်ပြုခဲ့သည်။ "Miss Earth Myanmar"၊ Miss Supranational Myanmar" အလှမယ် (Grand Slam Title) ဘွဲ့ရပြီးသူများကိုမူ အခြားသော မည်သည့်ပြည်တွင်း National Pageant ပြိုင်ပွဲကိုမျှ ထပ်မံယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

ယနေ့ရွေးချယ်ခဲ့သော ၃၁ ဦးမှာ မေမြတ်သန္တာ၊ ယွန်းသီရိကျော်၊ ကေပိုဇင်၊ စန္ဒီအေးလွင်၊ ချစ်စနိုးအောင်အောင်၊ နန်းအိန္ဒြေရှင်၊ မေသက်ပိုင်၊ နှင်းနဒီချို၊ ကေသရီသန်း၊ ပြည့်ဖူးမွန်၊ စနိုးဝိုက်၊ အိမ့်ပြည့်ကျော်၊ စုသက်ပိုင်မှူး၊ ကေသရီစိုး၊ ခင်အင်ကြင်းကျော်၊ နန်းစုအိန္ဒြာဗို၊ ဂျာဆိုင်းအိမ်၊ နေအိန္ဒြာ၊ W မေရှင်းစိန်၊ သင်းသဲဗိုလ်၊ ဂျာထွယ်လု၊ ကြူကြူ၊ သူသက်စုညွန့်၊ မေယုံကြည်၊ မြတ်ပီတိမိုး၊ L ဘောက်နူး၊ စီစီအေးကို၊ မြတ်အိန္ဒြေထက်၊ အိမ့်မြက်ခြယ်၊ P ဂျာဆိုင်းဘူ၊ နန်ဆိုင်းအိမ် စသည်တို့ဖြစ်ကြသည်။ လွန်ခဲ့သော ၂၀၁၄ ခုနှစ်က Miss Earth Myanmar အဖြစ် အိမ်မွန်ခိုင်၊ Miss Supranational Myanmar အဖြစ် ဟန်သီ၊ Miss Intercontinental Myanmar အဖြစ် အိန်ဂျယ်လ်လမုန်၊ Miss Tourism Myanmar အဖြစ် ဂျူးစံသာ၊ Miss Face of Beauty Myanmar အဖြစ် ဟယ်လင်မျိုးကို စသည်တို့ ရွေးချယ်ခံခဲ့ရသည်။



# ပိတောက်ပွင့်ဖူး လတန်ခူး မြူးထူးပျော်ရွှင် တာသဘင်

ပန်းတောင်းသန်းကြွယ်

*လတန်ခူးပေမို့၊ အလှထူးပါဘိ
မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ။*

*တကယ်တမ်းသာဖြင့်၊ ဘယ်ပန်းသော် စံမတူဘု
နန္ဒမူ ဖန်ကူထိပ်မှာလ၊ ပစ္စေကာချွေးတော်သိပ်ရတယ်
အေးရိပ် သာယာ။*

*တစ်နှစ်တွင် သည်တစ်လပေပ၊
တစ်လတွင် တစ်ရက်တည်း၊ ခက်ခဲတဲ့ရက်ဗုဒ္ဓါ
ပွင့်ရှာကြစုံမြိုင်တွင်း။*

*မြူမင်းလွင်ထန်၊ ကြူသင်းတာချိန်ယံမတော့
ရွှေဝတ်ဆံငုံတံ ညှောက်ကယ်နှင့်
ခါသကြိန်ဂိမှာန်ရောက်ပြန်တော့
သိန်သရေ၊ ထိန်ဝေလို့ တောက်တဲ့ပြင်
လမ်းတစ်လျှောက်သင်းပါဘိ၊ ဆန်းသလောက်မလင်းနိုင်ဘု
ပန်းပိတောက်မင်း။ ။*

***ဦးကျော့***

ပိတောက်တွေရွှေရည်လူးသည့် တန်ခူးလသို့ရောက်ခဲ့ပြန်လေပြီ။ တန်ခူးလသည် မြန်မာတို့၏ ဆယ့်နှစ်လတွင် ပထမဦးဆုံးလဖြစ်သည်။ အပူရှိန်ပြင်းစ နွေဦးကာလဖြစ်သည်။ ရေတွင်းရေကန်များခန်းခြောက်စပြုချိန်ဖြစ်၍ ရှေးလူကြီးများက "တန်ခူးရေကုန်၊ ကဆုန်ရေခန်း"ဟု ဆိုစမှတ်ပြုကြသည်။

သင်္ကြန်ကာလအနီးတစ်ဝိုက်တွင် "တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး သင်္ကြန်မိုး"ဟူသော ရှေးလင်္ကာအတိုင်း မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာတတ်သည်။ သင်္ကြန်လက်ဆေးမိုး၊ သင်္ကြန်မိုးဟုခေါ်ကြသည်။ သင်္ကြန်မိုးကြောင့် ထွက်သစ်စ ရွက်သစ်ရွက်နုများ လန်းဆန်းဝေစည်လာကြသည်။ သစ်ပင်ပန်းပင်များ စိုစိုပြည်ပြည်ဖြစ်လာကြသည်။ သင်္ကြန်မိုးနှင့် တန်ခူးနေရှိန်တို့ကြောင့် မြေသင်းရနံ့များ သင်းပျံ့လာလေ့ရှိသည်။ ရှင်အဂ္ဂသမာဓိက ဘုံခန်းပျို့တွင်

***"ခါလည်လုလု၊ ရတုသစ်သစ်
သရစ်ပေါ်ပေါ်၊ သာပျော်ရွှန်းရွှန်း
ကိန်းခန်းသင့်မော၊ ရွက်ရင့်လျှော၍
ရွက်လျှော့မူလွန်၊ ရွက်သစ်ပြန်တည်
ပန်းမန်ငုံကင်း၊ သုတ်လေညင်းနှင့်
မြေသင်းနံ့နံ့၊ တပျံ့ပျူးပျူး
မင်းလွင်မြူးလျက်၊
တန်ခူးလည်းကုန်၊ လကဆုန်သည်
ပဈွန်ရိုက်မည်၊ ချွန်းချွန်းတည်း"***ဟု တန်ခူးကာလ မြေသင်းရနံ့သင်းပျံ့ပျံ့ရှိပုံကို ဖွဲ့ဆိုခဲ့သည်။

လတန်ခူးဝယ် ပိတောက်ပန်း၊ ငုဝါပန်းတို့ဖူးပွင့်ဝေဆာကြသကဲ့သို့ ကံ့ကော်ပန်း၊ ရင်ခတ်ပန်းတို့လည်း ဖူးပွင့်ကြသည်။ သင်္ကြန်ကာလ အတာရေသဘင်ပွဲကိုလည်း မြူးထူးပျော်ရွှင်စွာ ဆင်နွှဲကြသည်။ ရှေးခေတ်စာဆို ဦးအောင်ကြီးက

***"ကောင်းကင်မိုးလ၊ စိတြနှင့်
မိဿရာသီ၊ အညီခါကျော်
နှစ်ဦးပေါ်က၊ ကံ့ကော်ရင်ခတ်
ပင်တိုင်းညွတ်လျက်၊ ပွင့်ဖတ်ဝေဝေ
တောင်လေသုတ်မြူး၊ လတန်ခူးကို
မြူးထူးပျော်ရွှင်၊ တာသဘင်ဝယ်
ဆင်ယင်တုပ၊ လွ ရ ရွှတည့်"***ဟု ရေးဖွဲ့ခဲ့သည်။

ခေတ်စမ်းကဗျာဆရာကြီးဇော်ဂျီကလည်း "နှစ်သစ်ကူးတဲ့တန်ခူးခါမှာ၊ ဒါနက တဝေဝေ၊ ရေတွေက တရွှဲရွှဲ၊ ပျော်ပွဲက တဝင့်ဝင့်၊ ကဲလို့သာဆင့်ရော့ အရွယ်သင့် အရွယ်ငယ် မြန်မာတွေထည်လိုက်ကြ"ဟု သင်္ကြန်ပွဲတော်ကို ဂုဏ်ပြုအမွှမ်းတင်ခဲ့သည်။ ကြည်နူးနှစ်သက်ဖွယ် အတာသင်္ကြန်နှင့် ဒါနကောင်းမှုများ တွဲဖက်ပြုလုပ်ကြပုံကို ရည်ညွှန်းဖွဲ့ဆို ခဲ့ခြင်းပင်ဖြစ်သည်။

တန်ခူးဟုရေးသားသုံးစွဲခြင်းကို ပုဂံခေတ်ကပင် စတင်သုံးစွဲခဲ့သည်။ အင်းဝခေတ်၌မူ တန်ခူးဟု ရေးသားကြသည်။ တန်သည် ထန်းဟုအဓိပ္ပာယ်ရှိပြီး ခူးမှာ ခူးဆွတ်ခြင်းဖြစ်သည်။ ထို့ကြောင့် တန်ခူးဟူသည်မှာ ထန်းခူးသောလ၊ ထန်းသီးဆွတ်ခြွေသောလဟု မြန်မာလအမည်များ ကျမ်းကဆိုလေသည်။

တန်ခူးကို တာကူးဟုလည်း ရေးသားကြသည်။ မိန်ရာသီမှ မိဿရာသီသို့ သင်္ကြန်အတာကူးသောကြောင့် တာကူးလဟုဆိုကြောင်း အချို့ဆရာတို့က ညွှန်ပြကြသည်။ အချို့ပညာရှင်တို့ကမူ ထိုတာကူး၏အဓိပ္ပာယ်ကို အာသီပြဟ္မာမင်း၏ ဦးခေါင်းကို နတ်သမီးခုနစ်ယောက် တစ်နှစ်ကိုတစ်ယောက်ကျ တာဝန်ယူရသည်ကို အစွဲပြုကာ တာ၊ အတာဟူသော ဝေါဟာရဖြစ်ပေါ်လာပြီး နှစ်ကုန်၍ နတ်သမီးတစ်ယောက်မှ နောက်တစ်ယောက်သို့ တာဝန်လွှဲပြောင်းပေးသည်ကို တာကူး၊ အတာကူးဟု ခေါ်ကြောင်း ယူဆကြသည်။

ဆရာကြီး ဦးဖိုးလတ်ကမူ တန်ခူးလ၌ မည်သည့်ရာသီဥတု၊ ရတုတစ်ခုမျှ ကူးပြောင်းခြင်းမရှိဘဲ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းသာရှိသောကြောင့် တာကူး၊ အတာကူး ဟူသည်မှာ"နှစ်ကူး"ဟုသာ အဓိပ္ပာယ်ရကြောင်း ဆိုလေသည်။

တန်ခူးလတွင် ၂၉ ရက်သာရှိသည်။ ရက်မစုံလဖြစ်ပြီး နာရီအားဖြင့်နေ့နာရီ ၃၀၊ ည နာရီ ၃၀ ရှိသည်။ နေ့တာညတာ တူညီသောလဖြစ်သည်။ စက်နာရီအရ နံနက် ၆ နာရီတွင် နေထွက်၍ ညနေ ၆ နာရီတွင် နေဝင်သည်။ ရာသီအားဖြင့် မိဿရာသီဖြစ်ပြီး စိတြနက္ခတ်နှင့် စန်းယှဉ်ကြည့်ကာ အာသာဝတီနက္ခတ်နှင့် နေမင်းတို့ယှဉ်ကြသည်။ ရာသီရုပ်မှာ ဆိတ်သတ္တဝါ၏ပုံဖြစ်သည်။ တံငါတာရာထွန်းပပြီး တန်ခူးလ၏ပွဲတော်မှာ သင်္ကြန်ပွဲဖြစ်သည်။ ကံ့ကော်၊ ရင်ခတ်နှင့် ပန်းပိတောက်တို့မှာ ရာသီပန်းများဖြစ်ကြသည်။

လူမျိုးအသီးသီးတို့သည် မိမိတို့ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့်အညီ နှစ်သစ်ကူးပွဲတော်များကျင်းပကြသည်။ နှစ်သစ်ဆန်းခြင်းကို ဝမ်းမြောက်ပျော်ရွှင်စွာ ကြိုဆိုကြသည်။ အဟောင်းမှအသစ်သို့ ကူးပြောင်းခြင်းသည် ကောင်းသောမင်္ဂလာဖြစ်သောကြောင့် နှစ်သစ်ကူးခြင်းကို မင်္ဂလာဟု လူမျိုးတိုင်းက လက်ခံယုံကြည်ကြသည်။

မြန်မာတို့၏ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းချိန်တွင် တာသင်္ကြန်ရေသဘင်ပွဲတော်ကို ကျင်းပကြသည်။ သင်္ကြန်ဟူသည် "သင်္ကြန္တ"ဟူသော သက္ကတပုဒ်မှလည်းကောင်း၊ "သင်္ကန္တ"ဟူသော ပါဠိမှလည်းကောင်း ဆင်းသက်လာခြင်းဖြစ်သည်ဟု ယူဆကြသည်။ နှစ်ပုဒ်လုံးမှာ ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရသည်။

အချို့ပညာရှင်များက "ခေါင်းဆေးသင်္ကြန်၊ ကောင်းညွှန့်လှန်၊ မကျန်စေ့စုံစွာ"ဟူသော ကဝိလက္ခဏာ သတ်ပုံလင်္ကာနှင့်အညီ ကောင်းမြတ်ခြင်းမင်္ဂလာ၊ ကြန်အင်လက္ခဏာတိုးပွားစေရန် သုတ်သင်ဆေးကြောခြင်း၊ ခေါင်းဆေးမင်္ဂလာပြုခြင်းကို သင်္ကြန်ဟုခေါ်ဆိုကြောင်း ယူဆကြသည်။

သင်္ကြန်ကာလ၌ မြန်မာတို့ ပျော်ရွှင်ကြည်နူးစွာ ရေပက်ကစားခြင်းသည် အေးမြကြည်လင်ခြင်း၊ အညစ်အကြေးကို ဆေးကြောခြင်း၊ ရေကိုသား၍ အကြားမထင်ခြင်းဟူသော ရေနိမိတ်သုံးပါးကို ယူခြင်းဖြစ်သည်။ မြန်မာပြည်သူများ နှစ်သစ်ကူးရေစင်ကဲ့သို့ အေးမြကြည်လင်စေသည့် သဘော၊ နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသန့်စင်သည့် သဘော၊ တိုင်းရင်းသားပြည်သူများအားလုံး ရေကိုသား၍ အကြားမထင်သကဲ့သို့ စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ရှိစေခြင်း သဘောဟူသော မွန်မြတ်သည့် ရည်ရွယ်ချက်များဖြင့် သင်္ကြန်ပွဲတော်ကို နွှဲပျော်ကြခြင်းဖြစ်ကြောင်း နှောင်းခေတ်ပညာရှင်တို့က ယူဆကြသည်။

မြန်မာတို့၏ သင်္ကြန်ပွဲတော်ကို အကြိုနေ့၊ အကျနေ့၊ အကြတ်နေ့၊ အတက်နေ့ဟူ၍ သတ်မှတ်ကျင်းပလေ့ ရှိသည်။ အကြတ်နေ့ နှစ်ရက်ဖြစ်သောနှစ်တွင် သင်္ကြန်ပွဲတော်ကာလရှည်လျားပြီး ငါးရက်အထိ ကြာမြင့်သည်။ ပွဲတော်ကာလအပြီး နောက်တစ်ရက်ကို နှစ်ဆန်းတစ်ရက်နေ့ဟု သတ်မှတ်ကာ မင်္ဂလာရှိသော ကောင်းမှုကုသိုလ်များပြုလုပ်ကြသည်။

သင်္ကြန်ပွဲတော်ကာလတွင် ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသော ရေစင်ပက်ဖျန်းကစားခြင်း၊ အိုးစည်၊ ဒိုးပတ် ရိုးရာဂီတဝိုင်းများဖြင့် လှည့်ပတ်သွားလာကခုန် သီကျူးခြင်း၊ သင်္ကြန်မဏ္ဍပ်ကြီးများ ခမ်းနားထည်ဝါစွာ ဆောက်လုပ်၍ ယိမ်းအကများဖြင့် ကပြအသုံးတော်ခံခြင်း၊ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ ရွှေရင်အေး စသော မြန်မာ့ရိုးရာစားစရာများကို တပျော်တပါးစုပေါင်းပြုလုပ်ကာ မျှဝေစားသုံးခြင်း၊ လမ်းတွင်း၊ ရပ်ကွက်တွင်းသို့ ပေးဝေလှူဒါန်းခြင်းများကို ပြုလုပ်ကြသည်။

မိမိတို့နီးစပ်ရာ ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မရိပ်သာများ၊ ဓမ္မာရုံများသို့ သွားရောက်ကာ သီတင်းသီလဆောက်တည်ခြင်း၊ တရားဘာဝနာများပွားများခြင်း၊ ဒုလ္လဘရဟန်းခံခြင်း၊ ရှင်သာမဏေပြုခြင်းစသော အလှူအတန်း ကုသိုလ်ကောင်းမှုများကို မိမိတို့စေတနာအလျောက် ကျင်းပကြသည်။ မြန်မာတို့၏ သင်္ကြန်ကား အလှသင်္ကြန်၊ ဒါနသင်္ကြန်၊ အကသင်္ကြန်ဖြစ်သကဲ့သို့ မကောင်းမှုရှောင် ကောင်းမှုဆောင်သည့် အခါသမယလည်း ဖြစ်ပေသည်။



"လူမျိုးအသီးသီးတို့သည် မိမိတို့ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့်အညီ နှစ်သစ်ကူးပွဲတော်များ ကျင်းပကြသည်။ နှစ်သစ်ဆန်းခြင်းကို ဝမ်းမြောက်ပျော်ရွှင်စွာ ကြိုဆိုကြသည်။ အဟောင်းမှအသစ်သို့ ကူးပြောင်းခြင်းသည် ကောင်းသောမင်္ဂလာဖြစ်သောကြောင့် နှစ်သစ်ကူးခြင်းကို မင်္ဂလာဟု လူမျိုးတိုင်းက လက်ခံယုံကြည်ကြသည်။"

ရှေးမြန်မာ အစဉ်အဆက်တို့သည် သင်္ကြန်ပွဲတော်ရက်များအတွင်း၌ ငိုကြွေးပူဆွေးခြင်း၊ မေထုန်သံဝါသပြုခြင်း၊ အသားဟင်းလျာများစားသောက်ခြင်း၊ အရက်သေစာသောက်စားခြင်း၊ အမျက်ဒေါသထွက်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ သွေးဖောက်သွေးထုတ်ခြင်း၊ ဆီလိမ်းဆေးလိမ်းခြင်း၊ သစ်ပင်ခုတ်လှဲခြင်း၊ ကုန်ဝယ်ခြင်း၊ ကျီသွင်းသိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ဈေးဆိုင်ထွက်ခြင်းတို့ကို ရှောင်ရှားကြသည်။

နှစ်ဆန်းတစ်ရက်နေ့၌မူ ဘုန်းတော်ကြီးများပင့်ဖိတ်၍ နှစ်ဦးဆွမ်းကျွေးခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော်များ နာကြားခြင်း၊ မေတ္တာပို့ခြင်း၊ အမျှအတန်းပေးဝေခြင်း၊ သက်ကြီးပူဇော်ပွဲများ ကျင်းပခြင်း၊ လူကြီးမိဘများ၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေးစသော ဆွေစဉ်မျိုးဆက်အကြီးအကဲများအား ကန်တော့ခြင်း၊ လက်သည်း၊ ခြေသည်းညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ စားသောက်ဖွယ်ရာများ၊ လူမှုအသုံးအဆောင်ပစ္စည်းများဖြင့် တတ်အားသမျှ လှူဒါန်းပူဇော်ကြသည်။ လူကြီးမိဘများကလည်း မိမိတို့သားသမီးမြေးမြစ်၊ ဆွေမျိုးသားချင်းများအား ကောင်းမြတ်သောဆုများပေးကြသည်။ နှစ်သစ်တွင် စိတ်သစ်လူသစ်ဖြင့် မင်္ဂလာတရားတော်နှင့်အညီ ပြုမူကျင့်ကြံနေထိုင်သွားကြရန် မှာကြားဆုံးမကြသည်။

ကမ္ဘာတွင် မြန်မာဟုဆိုစမှတ်ပြုလောက်သည်အထိ မြန်မာတို့၏ ရိုးရာသင်္ကြန်ပွဲတော်မှာ ကောင်းမြတ်သော ထူးခြားမှုများဖြင့် ပြည့်ဝလျက်ရှိသည်။ မြန်မာ့ယဉ်ကျေးမှုကို ပီပြင်စွာဖော်ကျူးနိုင်သော ချစ်စဖွယ်မြန်မာရနံ့များထုံမွမ်းလျက်ရှိသည့် ပိတောက်ပွင့်ဖူး၊ လတန်ခူးကား ပျော်ရွှင်ကြည်နူးဖွယ် နှစ်သက်မြတ်နိုးဖွယ် မင်္ဂလာအပေါင်း ခညောင်းသည့် နှစ်ဦးနှစ်စပင်ဖြစ်လေသည်။

အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေ။ ။

## ဂျပန်ရိုးရာပန်းထိုးနည်းအနုပညာသရုပ်ပြပွဲ ကျင်းပ

**နေပြည်တော် ဧပြီ ၈**

ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံမှ ပန်းပညာရှင်များ ပူးပေါင်းဆောင်ရွက်သည့် ဂျပန်ရိုးရာ ပန်းထိုးနည်းအနုပညာသရုပ်ပြပွဲ (Japanese Flower Art Event) ကို ဧပြီ ၇ ရက်တွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနား၌ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဂျပန်နိုင်ငံ တိုကျိုမြို့ Floral Decor Muramatsu ၏ အကြီးအကဲ International Sakura Flower Specialist ဖြစ်သူ Mr.Fumihiko Muramatsu က ဂျပန်ရိုးရာ ပန်းထိုးနည်းပညာအကြောင်းနှင့် ဂျပန်နိုင်ငံ ပန်းဥယျာဉ်ပိုင်ရှင် Mr.Watanabe Takahiko က ဂျပန်နိုင်ငံထွက် ပန်းမျိုးများအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး Mr.Fumihiko Muramatsu က ဂျပန်ရိုးရာ ပန်းထိုးနည်း အနုပညာကို လက်တွေ့သရုပ်ပြသခဲ့သည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်များမှ ဝန်ထမ်းများ၊ ပန်းထိုးနည်းအနုပညာကို ချစ်မြတ်နိုးသူများ စုစုပေါင်း ၁၃၀ ကျော် တက်ရောက်ခဲ့ပြီး မြန်မာ့ရိုးရာ လက်မှုအသုံးအဆောင်ပစ္စည်းများကို အသုံးပြုကာ လက်တွေ့သရုပ်ပြယှဉ်ပြိုင်ကြပြီး ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဥပဒေကြမ်းများနှင့်ပတ်သက်၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြု

**နေပြည်တော် မေ ၈**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးမန်းအောင်တင်မြင့်က **"လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်မည့် လွှတ်တော်အိမ်ရာအဆောက်အအုံများကို ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းကာလမတိုင်မီ အပြီးတည်ဆောက်ပေးပါရန် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"**အဆိုကို တင်သွင်းသည်။

ဦးမန်းအောင်တင်မြင့်က အဆိုတင်သွင်းရာတွင် လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်မှ စီမံပေးသည့် နေပြည်တော်စည်ပင်ဧည့်ရိပ်သာတွင် တည်းခိုနေထိုင်ခဲ့ကြရပါကြောင်း၊ စည်ပင်ဧည့်ရိပ်သာသည် နိုင်ငံပိုင် အဆောက်အအုံဖြစ်သည့်အတွက် ပါတီနိုင်ငံရေးဆိုင်ရာ လုပ်ဆောင်မှုများ ဆောင်ရွက်ရန် မသင့်ဟု အကြောင်းကြားလာပါကြောင်း၊ စည်ပင်ဧည့်ရိပ်သာသည် နိုင်ငံပိုင်အဆောက်အအုံဖြစ်သဖြင့် ပါတီနိုင်ငံရေးဆိုင်ရာဆောင်ရွက်မှုများ လုပ်ဆောင်ရန်မသင့်ဟု ကန့်သတ်ခြင်းသည် နိုင်ငံရေးပါတီပေါင်းစုံမှ လွှတ်တော်ကိုယ်စားလှယ်များအတွက် အခက်အခဲဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် တည်းခိုဆောင်များကို သီးသန့်တည်ဆောက်နိုင်မှသာ ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်ကိစ္စရပ်များကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်းဖြင့် တင်သွင်းသည်။

ယင်းအဆိုနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာက လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော် စည်ပင်ရိပ်သာတွင် တည်းခိုရသည်မှာ များစွာ အခက်အခဲရှိပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် လွှတ်တော်အဆောက်အအုံအိမ်ရာများအတွက် ရရှိသည့် ဘတ်ဂျက်ကို ငြိမ်းချမ်းရေးကိစ္စ ဆောင်ရွက်ရန် ပြန်လည်ပေးအပ်ရန် စီစဉ်ခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးကိစ္စဖြစ်သည့်အတွက် ခေါင်းစဉ်လွှဲပြောင်းသုံးစွဲရန် သဘောတူခဲ့ပါကြောင်း၊ ယခု လိုအပ်နေသည့် လွှတ်တော်ကိုယ်စားလှယ်အိမ်ရာများအတွက် ဘတ်ဂျက်လွှဲပြောင်းသုံးစွဲရန် အဆင်ပြေနိုင်မှု ရှိ၊ မရှိ ပြန်လည်သုံးသပ်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အသက်(၁၂)နှစ်အောက်ကလေးကို စွန့်ပစ်ခြင်းကျူးလွန်ပါက ထောင်ဒဏ်(၇)နှစ်အထိ ချမှတ်နိုင်

**နေပြည်တော် မေ ၈**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၄၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် မေးမြန်းသည့် **"အရွယ်မရောက်သေးသော ကလေးသူငယ်များအား အဓမ္မစေခိုင်းမှုများ၊ စွန့်ပစ်ခံရမှုများ၊ ရောင်းစားမှုများပပျောက်စေရန်နှင့် တောရောမြို့ပါ မွေးစာရင်းကို လွယ်ကူလျင်မြန်စွာထုတ်ပေးနိုင်ရန်၊ အသက်မပြည့်သည့် ကလေးများအား စစ်မှုထမ်းရန် တရားဝင်ငြင်းပယ်ခြင်း၊ တပ်သားစုဆောင်းရာတွင် အရွယ်မရောက်သေးသူနှင့် အုပ်ထိန်းသူမပါသော ကလေးများအား ခွင့်မပြုခြင်းကို စည်းကမ်းသတ်မှတ်၍ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထိုသို့ဖြေကြားရာတွင် ဒုတိယဝန်ကြီးက ကလေးသူငယ်များ အဓမ္မအလုပ်ခိုင်းစေခြင်း၊ အန္တရာယ်ရှိလုပ်ငန်းခွင်များတွင် ခိုင်းစေခြင်း၊ လုပ်ငန်းခွင်၌ အနိုင်ကျင့်ခြင်း၊ အကျင့်စာရိတ္တထိခိုက်စေမည့် ယစ်မျိုးဆိုင်များတွင် ခိုင်းစေခြင်း၊ မီးပွိုင့်များ၊ လမ်းဆုံလမ်းခွများ၊ ဈေးများ၊ ရပ်ကွက်များတွင် တောင်းရမ်းလုပ်ကိုင်ရန် ခိုင်းစေခြင်း၊ ကလေးသူငယ်များစွန့်ပစ်ခြင်း၊ ရောင်းစားခြင်းများနှင့်ပတ်သက်၍ ပြစ်မှုဆိုင်ရာဥပဒေ၊ ယစ်မျိုးဥပဒေ၊ ကလေးသူငယ်ဥပဒေ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းချက်များဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါကြောင်း။

ကလေးသူငယ်များ စွန့်ပစ်မှု၊ ခိုးယူရောင်းစားမှုများ ပပျောက်ရေးအတွက် သီးခြားစီမံချက် ချမှတ်ဆောင်ရွက်ခြင်းမရှိသော်လည်း ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးပြီး တည်ဆဲဥပဒေများဖြင့် အရေးယူအပြစ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိဘကသော်လည်းကောင်း၊ ထိန်းသိမ်းသူကသော်လည်းကောင်း အသက်(၁၂)နှစ်အောက်ကလေးကို စွန့်ပစ်ခြင်းကျူးလွန်ပါက ထောင်ဒဏ်(၇)နှစ်အထိ ချမှတ်နိုင်ပါကြောင်း၊ ကလေးသူငယ်များအား ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ အဓမ္မစေခိုင်းခြင်းများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့် အရေးယူအပြစ်ပေးနိုင်ပြီး အနည်းဆုံး ထောင်ဒဏ်(၁၀)နှစ်မှ ထောင်ဒဏ်တစ်သက်အထိ ချမှတ်နိုင်ပါကြောင်း။



ဒုတိယဝန်ကြီး
ဗိုလ်မှူးချုပ်ကျော်ဇံမြင့်။



အလုံမဲဆန္ဒနယ်မှ
ဦးခိုင်မောင်ရည်။

ကျန်းမာရေးဦးစီးဌာနအနေဖြင့် တောရောမြို့ပါ မွေးစာရင်းကို လွယ်ကူလျင်မြန်စွာထုတ်ပေးနိုင်ရေးအတွက် မွေးဖွားသည့်ကလေးတိုင်းကို မှတ်ပုံတင်ပေးနိုင်ရန်နှင့် မွေးစာရင်းလက်မှတ်ရရှိစေရန် ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပြည်သူ့ဆေးရုံများတွင် မွေးဖွားသည့်ကလေးများအတွက် မွေးစာရင်းလက်မှတ် (Birth Certificate)ကို ဆေးရုံဆင်းသည့်အချိန်တွင် ထုတ်ပေးရန်၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲရှိ သားဖွားခန်းများ၊ ကျေးရွာ၊ ရပ်ကွက်အတွင်း နေအိမ်များတွင် မွေးဖွားသည့် ကလေးများအတွက် မွေးစာရင်းလက်မှတ်ကို တစ်လအတွင်းထုတ်ပေးရန်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လစဉ်ပေးပို့သော မွေးဖွားမှုမှတ်ပုံတင်သည့် ကလေးအရေအတွက်အတိုင်း မွေးစာရင်းလက်မှတ်ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာ့တပ်မတော်မှ တပ်သားသစ်များစုဆောင်းရာတွင် အရွယ်မရောက်သေးသော အသက်(၁၈)နှစ်မပြည့်သေးသူများ တပ်မတော်သို့ဝင်ရောက်ခြင်းမှ တားဆီးကာကွယ်နိုင်ရေးအတွက် ၁၉၇၄ ခုနှစ် မေ ၈ ရက်စွဲဖြင့်ထုတ်ပြန်သည့် တပ်မတော်စစ်သည်များအတွက် စစ်မှုထမ်းစည်းမျဉ်း၊ ကာကွယ်ရေးဌာနကောင်စီညွှန်ကြားလွှာအမှတ်(၁၃/၇၃)တွင် တပ်မတော်သားတစ်ဦးအတွက် လိုအပ်သောအရည်အချင်းများကို သတ်မှတ်ထားပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံသား/သူ ဖြစ်ရမည်၊ အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကျော်လွန်စေရ၊ စစ်မှုထမ်းများအတွက် သတ်မှတ်ထားသည့် ကျန်းမာရေးအဆင့်အတန်းရှိရမည်၊ တပ်ဖွဲ့အလိုက် သတ်မှတ်ပြဋ္ဌာန်းထားသော ပညာအရည်အချင်းနှင့် ပြည့်စုံရမည် စသည့်အရည်အချင်းများသတ်မှတ်ထားပါကြောင်း။

အသက်မပြည့်သေးသည့် ကလေးသူငယ်များအား စစ်မှုထမ်းရန် တရားဝင်ငြင်းပယ်ခြင်းနှင့်ပတ်သက်၍ အသက်(၁၈)နှစ်မပြည့်ဘဲ မှားယွင်းစုဆောင်းခဲ့သည့် စစ်သည် (၅၉၄)ဦးအား တပ်မတော်မှ နုတ်ထွက်ခွင့်ပြုပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပြီးဖြစ်သည့်အပြင် စုဆောင်းခဲ့သည့် အရာရှိ(၅၀)ဦးနှင့် အခြားဆင့် (၂၇၇)ဦးတို့အား စစ်စည်းကမ်းအရ အရေးယူဆောင်ရွက်ခဲ့ပါကြောင်း။

စုဆောင်းရရှိသည့် တပ်သားသစ်များအား တပ်မတော်စစ်သည်များအတွက် စစ်မှုထမ်းစည်းမျဉ်း၊ ကာကွယ်ရေးဌာနကောင်စီညွှန်ကြားလွှာအမှတ် (၁၃/၇၃)နှင့်အညီ ဆောင်ရွက်ရန်နှင့် ကိုယ်တိုင်ဆန္ဒပြုသူ၊ မိဘသဘောတူညီသူဖြစ်ရမည်ဟု အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် -၅/၉၃)ကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**အား လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့

**နေပြည်တော် မေ ၈**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ အတည်ပြုပေးပို့ထားသည့် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား လွှတ်တော်သို့ အသိပေးတင်ပြသည်။

အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာနှင့် စပ်လျဉ်း၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်က ချင်းပြည်နယ်အတွင်းရှိ လမ်း၊ တံတားကဏ္ဍများနှင့်ပတ်သက်၍ ကော်မတီအစီရင်ခံစာ စာမျက်နှာ(၁၇/၁၈)တွင် ပြီးစီးခြင်းမရှိသေးသည့် လုပ်ငန်းများနှင့် ငွေထုတ်ပေးရန် ကျန်ရှိမှုများ၏ ခေါင်းစဉ်ဖော်ပြချက်နှင့် စပ်လျဉ်း၍ အမှန်တကယ်မြေပြင်တွင် ဖြစ်ပျက်နေသည့် ပကတိအခြေအနေများကို ဝေဖန်ထောက်ပြလိုပါကြောင်း၊ ၂၀၁၅ ခုနှစ် မတ် ၂၄ ရက်ထိ ချင်းပြည်နယ် လမ်း၊ တံတားကဏ္ဍတွင် ၁၀၈ ဒသမ ၅၂၅၀ ကျပ်သန်းကျန်ရှိနေသည်ကို ဖော်ပြထားပါကြောင်း၊



ချင်းပြည်နယ် မဲဆန္ဒနယ်
အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်။



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၈)မှ ဦးသိန်းလှိုင်။

ရက်လွန်ကြေးကိုလည်း တင်ဒါစည်းကမ်းနှင့်အညီ ကောက်ခံမှုအားနည်းနေသည်ကိုလည်း အစီရင်ခံစာတွင် တင်ပြထားပါကြောင်း၊ လုပ်ငန်းဆောင်ရွက်သူနှင့် လုပ်ငန်းကြီးကြပ်သူ နှစ်ဖက်စလုံး၏ တာဝန်ယူမှု၊ တာဝန်ခံမှု အားနည်းနေသည်မှာ သိသာပါကြောင်းဖြင့် ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင်က နိုင်ငံတော် ရန်ပုံငွေဖြင့်တည်ဆောက်လျက်ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်ရှိ ဆည်ကြီးချောင်းကူး သံကူကွန်ကရစ်တံတား မိုးရာသီကာလတွင် အသုံးပြုမရနိုင်ပါကြောင်း၊ အလားတူ မြောက်တွန်လှော်ကျေးရွာရှိ ကျောင်းဆောင်သည်လည်း ရေရှည်တည်တံ့ခိုင်ခံ့မှုမရှိနိုင်ပါကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်၏ ကြီးကြပ်မှုအားနည်းခြင်းတို့အပေါ် အရေးတယူ ပြုပြင်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ သဘောတူလက်ခံရန် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူး ဒေါ်ရီရီမြင့်က အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုခဲ့သည်။ **(သတင်းစဉ်)**

ပြည်တွင်းရေးရာ

# ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ပြည်သူလူထုနှင့်အမြဲထိတွေ့ပြီး ပညာပေးဟောပြောပေးရမည်

နေပြည်တော် မေ ၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ခန္တီးမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး အမျိုးသားလူနာဆောင်နှင့် အမျိုးသမီးလူနာဆောင်တို့ကို လှည့်လည်ကြည့်ရှုပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ လက်ဆောင်ပစ္စည်းများအား ပေးအပ်သည်။**

ထို့နောက် နိုင်ငံတော်သမ္မတသည် ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်မှာ ပညာရေးကဏ္ဍတစ်ခုတည်းဖြင့် မပြည့်စုံသည့်အတွက် နိုင်ငံသားတိုင်း ကျန်းမာသန်စွမ်းရန် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်လည်း လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးအသိပညာပေးရန်နှင့် ကာကွယ်ရေးနည်းလမ်းများသိရှိစေရန် ဆွေးနွေးဟောပြောပွဲများ ပြုလုပ်ပေးရမည်ဖြစ်ပါကြောင်း၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ပြည်သူလူထုနှင့် အမြဲထိတွေ့ပြီး ဒေသ၌အဖြစ်များသည့် ရောဂါများနှင့် ပတ်သက်ပြီး ပညာပေး ဟောပြောပေးရမည်ဖြစ်ပြီး ဆေးရုံသို့ အားကိုးတကြီးဖြင့် လာရောက်ကုသမှုခံယူကြသည့် ဒေသခံတိုင်းရင်းသားများကို နွေးနွေးထွေးထွေး ဆက်ဆံကုသမှုများ ဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားခဲ့သည်။

ယခုခန္တီးဆေးရုံကို ၁၉၄၈ ခုနှစ်တွင် စော်ဘွားကြီးစဝ်မြစိန်က လက်ရှိမိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းမြေနေရာကို လှူဒါန်းပြီး ၎င်းမှဦးစီးကာ အစိုးရအထောက်အပံ့ဖြင့် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ဌာနဆိုင်ရာ ခွင့်ပြုရန်ပုံငွေဖြင့် ယခင်အဆောက်အအုံအား ပြုပြင်ဆောက်လုပ်ပြီး ဆေးရုံအဖြစ် ဖွင့်လှစ်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် မြစ်ရေကြီးမှုကြောင့် လက်ရှိဆေးရုံကြီးနေရာသို့ ပြောင်းရွှေ့ဆောက်လုပ်ခဲ့ပြီး ၁၉၅၉ ခုနှစ်တွင် ဖွင့်လှစ်၍ ဆေးဝါးကုသမှုပေးခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ခရိုင်ဆေးရုံအဖြစ် ခွင့်ပြုခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ခုတင်(၁၀၀) ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်သတ်မှတ်ပေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဇီးဖြူကုန်းရပ်ကွက်ရှိ တိုးချဲ့ခုတင်(၅၀)ဆံ့ ဆေးရုံသစ် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**စာမျက်နှာ ၉ သို့**



နိုင်ငံတော်သမ္မတဦးသိန်းစိန် ခန္တီးမြို့နယ် ပြည်သူ့ဆေးရုံရှိ လူနာများအား ကြည့်ရှုအားပေးစဉ်။ (ပြန်/ဆက်)



နိုင်ငံတော်သမ္မတဦးသိန်းစိန်အား ဒေသခံတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က တိုင်းရင်းသားရိုးရာဝတ်စုံကို ဂါရဝပြုဝတ်ဆင်ပေးစဉ်။ (ပြန်/ဆက်)



နိုင်ငံတော်သမ္မတဦးသိန်းစိန် ဒေသခံတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့အား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (ပြန်/ဆက်)

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် မေ ၈**

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် ကြေးမုံနှင့် ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာ ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ဧပြီ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ကြေးမုံနှင့် ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ ထုတ်ဝေလျက်ရှိသည့် မန္တလေးကဏ္ဍစာမျက်နှာကိုလည်း သင်္ကြန်ရုံးပိတ်ရက်ကာလများဖြစ်သော ဧပြီ ၁၅၊ ၁၈၊ ၂၂ ရက်များတွင် ရပ်နားမည်ဖြစ်ပြီး ရုံးပိတ်ရက်ကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်သည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံပေးသွားမည်ဖြစ်ပြီး ဧပြီ ၂၂ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။

**(ကြေးမုံ)**

## မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်

၉-၄-၂၀၁၅ (ကြာသပတေးနေ့)

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် (ဗေဂ္ဂသုတ်) |
| ၁၂း၅၀ | သုခုမရင်ခွင်အငြိမ့်သဘင် တစ်ခိုင်လုံးရွှေအငြိမ့်" (မင်းသမီး-တစ်ခိုင်လုံးရွှေအေးအေးမြင့်၊ လူရွှင်တော်-ချစ်ချော၊ ပွမ်ပွမ်၊ စိန်းလန်း၊ စိုပြေ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |
| ၁း၄၀ | ငွေငန်းသခင်၏ ရာပြည့်အလွှန် ၁၀၅ |
| ၄း၃၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(စီးပွားစီမံအထူးပြု) (စီးပွားစီမံ) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ -ပြည်သူ့အတွက်ကြိုးပမ်းမှုပုံရိပ်များ -ဉာဏ်ရည်ချင်းပြိုင်ဘယ်သူနိုင် -မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂) |

## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတဦးသိန်းစိန် ခန္တီးမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံမှာကြားစဉ်။ (ပြန်/ဆက်)

❒ စာမျက်နှာ ၈ မှ

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ခန္တီးမြို့အစိုးရစက်မှုလက်မှုသိပ္ပံသို့ ရောက်ရှိပြီး အဆောက်အအုံနှင့် ပတ်ဝန်းကျင်တို့ကို လိုက်လံကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား ကျောင်းအုပ်ကြီးက ကျောင်းတည်နေရာ၊ ဘာသာရပ်ဆိုင်ရာ သင်ကြားပေးမှု၊ ဆရာ ဆရာမအင်အား၊ ကျောင်းသားကျောင်းသူဦးရေ၊ ဒေသခံအုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်းပြီး ကွန်ပျူတာသင်တန်းများ သင်ကြားပေးနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းတို့က ပညာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မှာကြားရာတွင် တက္ကသိုလ်ဝင်တန်းအောင်ပြီး ဘွဲ့ရရှိနိုင်ရေးအတွက် အခက်အခဲရှိနေသည့် နယ်စပ်ဒေသမှ တိုင်းရင်းသားများအတွက် ထိုက်သင့်သည့် ပညာရပ်များသင်ကြားနိုင်ရန် နိုင်ငံတော်အနေဖြင့် ယခုကဲ့သို့ စက်မှုလက်မှု သိပ္ပံကျောင်းများကို ဖွင့်လှစ်ပေးရခြင်းဖြစ်ပါကြောင်း၊ ပညာသင်ကြားခြင်းသည် လက်မှတ်တစ်ခုရရန် သင်ကြားခြင်းမျိုးမဟုတ်ဘဲ အတတ်ပညာများ တတ်မြောက်စေရန် သင်ကြားခြင်းဖြစ်ပါကြောင်း၊ အတတ်ပညာများ တတ်ကျွမ်းအောင်သင်ယူပြီး မိမိနှင့်နိုင်ငံတော်အတွက် အကျိုးရှိစေရန် အသုံးချရမည်ဖြစ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်မှာ ပညာရေးကို အခြေခံရမည်ဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည်အနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်နိုင်ရန် စိုက်ပျိုးရေးကို အခြေခံရသော်လည်း စက်မှုလက်မှုနိုင်ငံ တည်ထောင်ရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ထူထောင်နိုင်ရန် အခြေခံအဆင့်အထိ နည်းပညာများ တတ်မြောက်ရန်လိုအပ်ပြီး ဆရာ ဆရာမများက ကျောင်းသားကျောင်းသူများအား စနစ်တကျ လေ့ကျင့်သင်ကြားပေးကြရန်လိုအပ်ပါကြောင်းဖြင့်ပြောကြားခဲ့ပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့သည်။

ခန္တီးအစိုးရစက်မှုလက်မှုသိပ္ပံကို ၂၀၀၉ ခုနှစ် ဇွန်လတွင် စတင်ဖွင့်လှစ်ခဲ့ပြီး မြို့ပြအင်ဂျင်နီယာ၊ လျှပ်စစ်ဆက်သွယ်ရေးအင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာနှင့် စက်မှုစွမ်းအားအင်ဂျင်နီယာ ဘာသာရပ်ကို အထူးပြုသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ခန္တီးမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်းတိုက်သို့ရောက်ရှိပြီး ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝိစိတ္တရ အမျိုးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မြသိန်းတန်စေတီတော်ရှိ ဗုဒ္ဓဆင်းတုရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကာ အလှူငွေများကို လှူဒါန်းသည်။

ဧပြီ ၇ ရက် ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် ခန္တီးမြို့နယ် ရိပ်သာ၌ကျင်းပသည့် ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေပွဲတွင် နိုင်ငံတော်သမ္မတအား တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက ရိုးရာဝတ်စုံနှင့်အသုံးအဆောင်များကို ဂါရဝပြုဝတ်ဆင်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များအား လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်ခဲ့ပြီး ရိုးရာတိုင်းရင်းသား ယဉ်ကျေးမှုအကအဖွဲ့များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ခန္တီးမြို့မှ အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

✱ စာမျက်နှာ ၇ မှ

အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူက လွှတ်တော်အိမ်ရာများကို လွှတ်တော်နှင့်အနီးဆုံးနေရာတွင် ဆောက်လုပ်စေလိုပါကြောင်း၊ သို့မှသာ ပြည်သူအတွက် ပိုမိုလုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ လွှတ်တော်လုပ်ငန်းများ များပြားသည့်အတွက် အချိန်ချုံ့နိုင်လျှင် ကော်မတီလုပ်ငန်း၊ လွှတ်တော် လုပ်ငန်းများကို ပိုမိုအချိန်ပေးဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် အဆိုနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ၂၀၁၅ ခုနှစ် မတ်လ ၃၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းတစ်ရပ်လုံးကို အတည်ပြု ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ယခု အဆိုသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ၊ နိုင်ငံတော်၏ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာဥပဒေ၊ အကောက်အခွန်ဆိုင်ရာဥပဒေများကို အတည်ပြုပြဋ္ဌာန်းပြီးသည့် အချိန်တွင်တင်ပြခြင်းဖြစ်၍ အမျိုးသားစီမံကိန်းဥပဒေနှင့် လုပ်ငန်းစဉ်များအပေါ် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းပြုလုပ်ရန် အဆိုပြုခြင်းသဘောဖြစ်ပါသဖြင့် မသင့်လျော်ပါကြောင်း၊ ဥပဒေအနေဖြင့်လည်း ချက်ချင်းပြင်ဆင် ဖြည့်စွက်ရန် သင့်တော်ခြင်းရှိ၊ မရှိ အလေးအနက်စဉ်းစားရန် လိုအပ်ပါကြောင်း။

ပါတီအသီးသီးကို ကိုယ်စားပြုလျက်ရှိသည့် ကိုယ်စားလှယ်များ၏ နေထိုင်မှုအတွက် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းတစ်ရပ်အဖြစ် ထည့်သွင်းသတ်မှတ်ပေးရေး၊ စီမံကိန်းကိုအခြေပြု၍ ဘဏ္ဍာငွေဖြည့်စွက်ပေးရန် အဆိုပြုခြင်းကိစ္စနှင့် နိုင်ငံတော်ရင်းနှီးမြှုပ်နှံမှုစီမံကိန်းတွင် ခေါင်းစဉ်သစ်အဖြစ် ထပ်မံထည့်သွင်းရန်အဆိုပြုခြင်းမှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတော်၏ ဦးစားပေးအစီအစဉ်၊ ဖွံ့ဖြိုးရေးမူဝါဒများနှင့် ဆီလျော်ကိုက်ညီမှု မရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ထို့အတူ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်ကလည်း လွှတ်တော်ကိုယ်စားလှယ်များ တာဝန်အရ ခရီးသွားလာသည့်အချိန်တွင် နိုင်ငံတော်က အခမဲ့တည်းခိုနိုင်ရန် စီစဉ်ပေးနိုင်က စီစဉ်ပေးရန်ဖြစ်သော်လည်း လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်သည့်အချိန်တွင် ယင်းတို့တည်းခိုနေထိုင်သည့် တည်းခိုနေထိုင်စရိတ်အတွက် သက်ဆိုင်ရာဥပဒေများအရ ခံစားခွင့်ပြုပြီးဖြစ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်များအတွက် တည်းခိုဆောင်များကို နိုင်ငံတော်မှ သီးသန့်တည်ဆောက်ပေးရန်ကိစ္စသည် ဥပဒေပြဋ္ဌာန်းချက်များတွင် ပါဝင်ခြင်းမရှိဟုသဘောရပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်အများစုသည် သက်ဆိုင်ရာပါတီများကို ကိုယ်စားပြု၍ ရွေးကောက်ခံရသူများဖြစ်သည့်အလျောက် ပါတီလုပ်ငန်းတာဝန်များကိုလည်း ပူးတွဲထမ်းဆောင်ကြရသဖြင့် နိုင်ငံရေးပါတီနှင့်သက်ဆိုင်သည့် အစည်းအဝေးများကျင်းပခြင်းနှင့် ပါတီ၏ သဘောထား ရယူဆောင်ရွက်ရခြင်းများကို နိုင်ငံပိုင်အဆောက်အအုံများတွင် ဆောင်ရွက်ခြင်းပြုပါက နိုင်ငံရေးပါတီတစ်ရပ်အနေဖြင့် နိုင်ငံပိုင်ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်းပြုရာရောက်နိုင်သဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ)ပါ “နိုင်ငံပိုင်ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်းကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ရန် လျှောက်ထားခွင့်မရှိစေရ”ဟူသည့် ပြဋ္ဌာန်းချက်နှင့် ငြိစွန်းနိုင်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို ဆက်လက်ဆွေးနွေးခြင်းမပြုဘဲ လွှတ်တော်တွင် ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ယနေ့အစည်းအဝေးတွင် ဥပဒေကြမ်းများနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း၊ အမြန်လမ်းမကြီးများဥပဒေကြမ်း၊ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်း**တို့ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုခဲ့သည်။

ယင်း ဥပဒေကြမ်းများကို လွှတ်တော်က ဆုံးဖြတ်ထားသည့် အတိုင်း ပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၉ နှင့်အညီ နိုင်ငံတော်သမ္မတထံ ပြန်လည်ပေးပို့သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၀)ရက်မြောက်နေ့ကျင်းပစဉ်။ (သတင်းစဉ်)

## သတင်းထုတ်ပြန်ကြေညာချက်

၁။ အမျိုးသားလွှတ်တော်တွင်(၈-၄-၂၀၁၅)ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့သော အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဘတ်ဂျက်အစည်းအဝေးတွင် ဝန်ကြီးဌာနမှ ဆောင်ရွက်နေသော ပလက်ဝမြို့နယ်မှ တံတားတစ်စင်းနှင့် ကလေးဝမြို့နယ်မှ တံတားတစ်စင်းတို့အား အမှန်တကယ်ပြီးစီးမှုမရှိကြောင်း ဓာတ်ပုံမှတ်တမ်းများကို Projector ဖြင့် မှားယွင်းစွာဖော်ပြဆွေးနွေးခဲ့ပါသည်။

၂။ အဆိုပါလုပ်ငန်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော လုပ်ငန်းများမဟုတ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

⁂ ယူ-၁၈ မှ

အင်အားခြင်းမမျှ၍ ဂိုးပြတ်ရှုံးခဲ့သော်လည်း ခြေစွမ်းပိုင်းအရ လိုအပ်ချက်များစွာရှိနေသေးသည်။

ယူ-၁၈ အမျိုးသားအသင်းမှာ ပွဲစကတည်းက ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး ၂၅ မိနစ်တွင် ဇာနေရသူက အဖွင့်ဂိုး စတင်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ယူ-၁၈ အမျိုးသားအသင်းကသာ ပွဲကိုဦးဆောင်နိုင်ခဲ့ပြီး ၄၈ မိနစ်တွင် အောင်သက်စိုး၊ ၆၄၊ ၇၃ မိနစ်တွင် နိုင်မင်းသူတို့က သွင်းယူပေးခဲ့သည်။ အမျိုးသမီးလက်ရွေးစင်အသင်းအတွက် ချေပဂိုးကို ပွဲပြီးခါနီးတွင် ရီရီဦးက သွင်းယူပေးခဲ့သည်။



ယူ-၁၈ အမျိုးသားအသင်းနှင့် အမျိုးသမီးလက်ရွေးစင်အသင်းတို့ ခြေစမ်းပွဲကစားစဉ်။

**သင်္ကြန်ကာလမတိုင်မီနှင့် သင်္ကြန်ကာလအတွင်းတွင် မူးယစ်ဆေးဝါး၊ အထူးသဖြင့် စိတ်ကြွဆေးများကြောင့် လူငယ်များ အန္တရာယ်မဖြစ်စေရေးအတွက် အသိပညာပေးဟောပြောပွဲများ၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်တို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ကိုကိုးကျွန်းအပါအဝင် မြို့နယ် ၄၅ မြို့နယ်ရှိပြီး မြို့နယ် ၄၄ မြို့နယ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသော မူးယစ်တပ်ဖွဲ့စု ခြောက်စုရှိပြီး ခရိုင်လေးခရိုင်တွင် တပ်ဖွဲ့စုလေးစုနှင့် လေဆိပ်နှင့် ရေဆိပ်တို့တွင် တပ်ဖွဲ့စု နှစ်စု ပါဝင်ကြောင်း သိရသည်။ သင်္ကြန်ကာလမတိုင်မီနှင့် သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်နေခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိနိုင်ရန် ယင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် မူးယစ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးအား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

# သင်္ကြန်တွင်းကာလ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးနှိမ်နင်းရေး အင်အားတိုးမြှင့်ဆောင်ရွက်လျက်ရှိ



**ရဲမှူးခင်မောင်သိန်း**
**တပ်ဖွဲ့စုမှူး၊ မူးယစ်တပ်ဖွဲ့စု(၄၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်**

သင်္ကြန်ကာလမတိုင်မီနဲ့ သင်္ကြန်ကာလအတွင်းမှာ မူးယစ်ဆေးဝါးနဲ့ စိတ်ကြွဆေး အန္တရာယ်ကြောင့် လူငယ်တွေ အန္တရာယ်မဖြစ်စေဖို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကြီးနဲ့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးတို့ရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့ ဒီနှစ်မှာ အသိပညာပေးဟောပြောပွဲတွေ တားဆီးနှိမ်နင်းရေးကိစ္စရပ်တွေကို တစိုက်မတ်မတ် ပိုပြီးဆောင်ရွက်လာပါတယ်။ ဘာကြောင့်လဲဆိုရင် စိတ်ကြွဆေးပြားက လူငယ်တွေကြားမှာ ထိုးဖောက်ဝင်ရောက်မှု တော်တော်များတယ်။ နည်းမျိုးစုံနဲ့ သယ်လာတယ်။ **စိတ်ကြွဆေးပြားကြောင့် သင်္ကြန်ကာလမှာ ဖြစ်ပေါ်လာနိုင်တဲ့ အန္တရာယ်တွေကို ကြိုတင်မျှော်မှန်းပြီး မဖြစ်စေလိုတဲ့အတွက် ကာကွယ်တဲ့အနေနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။**

စိတ်ကြွဆေးပြားက တကယ်တော့ Synthetic Drug ပါ။ အပြင်းစားအက်စစ်တွေနဲ့ ပေါင်းစပ်ဖွဲ့စည်းထားပြီး ထုတ်လုပ်တာဖြစ်တဲ့အတွက် Naturally ဘာမှမပါဘူး။ သူက ပြင်းထန်ပြီး ခန္ဓာကိုယ်အပူချိန်ကို မြင့်တက်စေတယ်။ အခုလိုရာသီဥတု ပူပြင်းတဲ့အချိန်မှာ မသိဘဲသုံးစွဲလိုက်မိရင် ဦးနှောက်သွေးကြောပေါက်တာ၊ လေဖြတ်တာ၊ Shock ရတာတွေ ဖြစ်လာနိုင်ပါတယ်။ နောက်တစ်ခုက စိတ်ကြွဆေးရဲ့ အကျိုးဆက်က စိတ်ကိုမထိန်းချုပ်နိုင်ဘဲ စိတ်ကြွဆေးရဲ့ လှုံ့ဆော်မှုကိုပဲ အာရုံပြုပြီး သွားနေတဲ့အတွက် ယာဉ်တိမ်းမှောက်မှု၊ ယာဉ်တိုက်မှုတွေ ဖြစ်လာနိုင်တယ်။ သာဓကအနေနဲ့ ဆိုရင်လည်း ပြီးခဲ့တဲ့ မတ် ၂ ရက်က ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးရဲ့ မိုင်တိုင် (၁၂၉)နဲ့ (၁၃၀) ကြားမှာ Townace ယာဉ်တစ်စီးမှောက်တယ်။ ယာဉ်ပေါ်ပါခရီးသည် သုံးဦးမှာ တစ်ဦးက သေဆုံးသွားတယ်။ သုံးဦးထဲက တစ်ဦးက ယာဉ်ပေါ်ပါ စီးကရက်ဘူးခွံကို အဝေးကိုပစ်လိုက်တယ်။ အဲဒီဘူးခွံမှာ စိတ်ကြွဆေးပြား ၁၂၀ ပါတယ်။ နောက်တစ်ခါ သေဆုံးသူ ယာဉ်မောင်းရဲ့ ဒက်စ်ဘုတ်ထဲမှာလည်း ဆေးပြား သုံးပြားတွေ့ရတယ်။ ဒီယာဉ်တိမ်းမှောက်မှုက စိတ်ကြွဆေးသုံးစွဲပြီး မောင်းနှင်တဲ့အတွက် တိမ်းမှောက်တယ်လို့ မှတ်ယူလို့ရတယ်။ အလားတူ ဖြစ်စဉ်တွေမှာ ယာဉ်မောင်းတွေက စိတ်ကြွဆေးသုံးစွဲပြီး အသိအာရုံ လွတ်သွားတာနဲ့ စတီယာရင်ကို ထိန်းချုပ်နိုင်ဖို့ ခဲယဉ်းသွားတယ်။ သင်္ကြန်ကာလမှာလည်း ကားတွေနဲ့ ပျော်ပါးကြလို့ မောင်းတဲ့သူရဲ့ မဆင်မခြင်မောင်းနှင်မှုကြောင့် အသက်ဆုံးရှုံးမှုတွေ ဖြစ်နိုင်တယ်။ ဒါတွေကိုလည်း အသိပညာပေး ဆွေးနွေးမှုတွေမှာ ထည့်ထားတယ်။

နောက်တစ်ခုက ခိုက်ရန်ဖြစ်ပွားမှုတွေမှာဆိုလည်း စိတ်ကြွဆေးသုံးပြီးသူက စိတ်အပြောင်းအလဲမြန်တယ်။ ဒေါသဖြစ်လွယ် ပျော်ရွှင်လွယ်တယ်။ တစ်ယောက်နဲ့တစ်ယောက်သည်းခံမှုတွေနည်းပြီး ခိုက်ရန်ဖြစ်ပွားလွယ်တယ်။ ဒါကိုလည်း အသိပညာပေးနေပါတယ်။

အထူးသဖြင့် မိန်းကလေးတွေအနေနဲ့ စိတ်ကြွဆေးပြားကို အမှုန့်ကြိတ်ပြီး အချိုရည်ဘူး၊ ကွဲရိုင်းဘူးတို့ ကော်ဖီတို့တွေနဲ့ ရောစပ်ပြီး တိုက်ခံရရင် မလိုလားအပ်တဲ့အဖြစ်ဆိုးတွေ ကြုံတွေ့ရနိုင်ပါတယ်။ မသမာသူတွေရဲ့ ဖျက်ဆီးခံရနိုင်တယ်။ ဒါတွေက အရင်နှစ်သင်္ကြန်မှာလည်း ကြားဖူးတာတွေ ရှိတယ်။ တချို့က ကိုယ့်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်မှာစိုးလို့ တိုင်ကြားခြင်းမရှိတာ တွေ့ရပါတယ်။ တချို့မဏ္ဍပ်တွေမှာ အပျော်လွန်ပြီး ခေါင်းခါဆေးလိုမျိုး အက်စ်တက်စီဆေးပြားတွေ ဝေ့သုံးစွဲတာတွေ ရှိပါတယ်။ ဒါတွေကို နိုင်ငံခြားနဲ့ အဆက်အသွယ်ရှိတဲ့ အသိုင်းအဝိုင်းတွေကနေ သယ်လာတယ်။ ခေါင်းခါပြီး ကကြတယ် ။ အဲဒီနောက်ဆက်တွဲ ဆိုးကျိုးအန္တရာယ်ကလည်း စိတ်ကြွဆေးပြားတွေလိုပါပဲ။ ဒါတွေကို အသိပညာပေးပြီး ဟောပြောပွဲမှာ ထည့်ပေးပါတယ်။

ရန်ကုန်မြို့မှာ ကြိုတင်ကာကွယ်မှုအပိုင်းမှာ အင်အားတွေတိုးမြှင့်တယ်။ အကြီးအကဲတွေရဲ့ လမ်းညွှန်မှုတွေလည်းရှိတယ်။ သင်္ကြန်ကာလမတိုင်မီ ရန်ကုန်မြို့ကို နည်းမျိုးစုံနဲ့ ဝင်ရောက်လာနိုင်တာတွေကို တားဆီးနှိမ်နင်းဖို့နဲ့ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့နဲ့ ပူးပေါင်းပြီး ယာဉ်စစ်ပိတ်ဆို့ ရှာဖွေတာတွေ လုပ်နေတဲ့အခါ သုံးစွဲဖို့ သယ်ဆောင်လာတဲ့ လူငယ်တွေ ဖမ်းဆီးရမိတာတွေ ရှိတယ်။ ရန်ကုန်ဧရိယာအတွင်းမှာ မတ်လအတွင်းက ဖမ်းဆီးရရှိတာ ၅၇ မှုနဲ့ ဧပြီ ၅ ရက်အထိဆိုရင် အမှု ၂၀ မှုလောက်ရှိသွားပါပြီ။ အောင်မင်္ဂလာအဝေးပြေး၊ ဒဂုံဧရာအဝေးပြေးနဲ့ ဘုရင့်နောင်အဝေးပြေးဂိတ်တွေမှာ နယ်ကနေ တခြားကုန်ပစ္စည်းနဲ့ ရောနှောဝင်ရောက်လာနိုင်တယ်။ ဒါတွေအတွက်လည်း လေ့ကျင့်ထားတဲ့ အနံ့ခံခွေးတွေနဲ့ ပါဆယ်ပစ္စည်း၊ ကုန်ပစ္စည်းတွေမှာ မူးယစ်ဆေးဝါး ပါ၊ မပါ ရှာဖွေတာတွေလုပ်တယ်။ လူအင်အားနဲ့ ရှာဖွေတာလည်းလုပ်တယ်။

နောက်တစ်ခုက အသိပညာပေးဟောပြောတဲ့အခါမှာလည်း ပြစ်မှုပြစ်ဒဏ်ပါ ထည့်သွင်းဟောပြောတယ်။ တချို့လူငယ်တွေက စိတ်ဆန္ဒတစ်ခုကို ဦးစားပေးပြီး ပေါ့ပေါ့လေး သုံးလိုက်မိပေမယ့် တကယ်တမ်း ရှာဖွေဖမ်းဆီးခံရရင် ထောင်ဒဏ် ငါးနှစ်က ဆယ်နှစ်သော်လည်းကောင်း၊ ဆယ်နှစ်က နှစ်အကန့်အသတ်မရှိ သော်လည်းကောင်း အပြစ်ပေးအရေးယူခံရနိုင်တယ်လို့ ဥပဒေက ဖွင့်ဆိုထားတဲ့အတွက် ထောင်ကျပြီးမှ ကိုယ့်ဘဝရဲ့ အချိန်တွေကို ထောင်ထဲမှာ ဆုံးရှုံးခံရမှာကို သိအောင်နဲ့ လူငယ်တွေကြောက်တတ်အောင် ထည့်သွင်းဟောပြောပေးနေပါတယ်။ ဒါက သင်္ကြန်ကာလမတိုင်မီ ဆောင်ရွက်ချက်တွေပါ။

သင်္ကြန်ကာလအတွင်းမှာ အရပ်ဝတ်အသွင်ယူပြီး မဏ္ဍပ်တွေမှာ စောင့်ကြည့်မှုတွေလုပ်မယ်။ မူးယစ်တပ်ဖွဲ့ဝင်တွေက မူးယစ်ဆေးဝါးသုံးစွဲသူတွေရဲ့ အလေ့အထ၊ မျက်ခုံး၊ မျက်လုံး၊ အပြုအမူ ဒါတွေကို အကဲခတ်တတ်တယ်။ တချို့သုံးစွဲထားတဲ့ လက္ခဏာနဲ့ မသက်ာဘူးဆိုရင် လုံခြုံရေးအဖွဲ့၊ မဏ္ဍပ်ကွပ်ကဲမှုနဲ့ တာဝန်ခံတွေနဲ့ ပေါင်းစပ်ပြီး ဝင်ရောက်ရှာဖွေမှုတွေလုပ်မယ်။ စိတ်ကြွဆေးပြား၊ အိုက်စ်တို့ ဘာတို့က မီးရှို့ပြီးသုံးစွဲရတာတွေ။ မိန်းကလေးတွေအတွက် အန္တရာယ်လည်းရှိတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း မဏ္ဍပ်တွေမှာ လျှို့ဝှက်အခန်းတွေ၊ အလုံခန်းတွေမထားဖို့ စည်းကမ်းချက်မှာ ဖော်ပြထားပြီး ဌာနပေါင်းစုံပါဝင်တဲ့ စစ်ဆေးရေးအဖွဲ့က လိုက်လံစစ်ဆေးနေတယ်။ ဒီလိုတွေရှိနေရင် မဏ္ဍပ်ကို ပိတ်သိမ်းတဲ့အထိ အရေးယူသွားမယ်။ ကျွန်တော်တို့ မူးယစ်အဖွဲ့အနေနဲ့ကလည်း မဏ္ဍပ်ဝန်းကျင်မှာ တချို့တွေ မူးယစ်ဆေးဝါး စုရုံးအသုံးပြုကြတယ်လို့ သတင်းပေးတွေကတစ်ဆင့် သတင်းရရင်လည်း ရှာဖွေစစ်ဆေးမှုတွေ၊ အရေးယူမှုတွေ လုပ်သွားမယ်။

သတင်းရဖို့ကလည်း ဟောပြောပွဲတွေ ဆောင်ရွက်စဉ်ကတည်းက မိဘပြည်သူတွေကို ဘယ်လိုသဲလွန်စတွေ၊ ဘယ်လို အစိတ်အပိုင်းတွေ၊ ဘယ်လို ကိရိယာတွေ တွေ့ရင် ဒါက ဘာမူးယစ်ဆေးဝါးကို သုံးနိုင်တယ်ဆိုတာကို ပြသထားပြီး ဘယ်လိုသတိထားစောင့်ကြည့်ရမလဲ၊ ဒီလိုမျိုးတွေ တွေ့ရှိရင် ဆက်သွယ်သတင်းပေးလို့ရတယ်ဆိုတာတွေပါ Pamphlet တွေဝေငှထားပြီး ဖြစ်ပါတယ်။ တချို့ကလည်း သတင်းဘယ်လိုပေးရမလဲ၊ ပတ်ဝန်းကျင်က မသင်္ကာတဲ့ အခြေအနေတွေကို ပြောပြတာတွေ ရှိပါတယ်။ တချို့ကလည်း သတင်းပေးလို့ ပေးတဲ့သူကို သိသွားမလား၊ ကိုယ့်ရဲ့ သုံးစွဲနေတဲ့ တူသားကို လာဖမ်းသွားမလားဆိုပြီး စိုးရိမ်ကြတာရှိပါတယ်။ ဒါတွေကိုလည်း သတင်းပေးသူကို ကျွန်တော်တို့ စောင့်ထိန်းရတဲ့ ကျင့်ဝတ်အရ ဖော်ထုတ်ပြသခွင့်မရှိတာကိုလည်း ရှင်းပြရပါတယ်။

သုံးစွဲသူတစ်ယောက်ကို သတင်းပေးဆက်သွယ်လို့ ကျွန်တော်တို့ မဖမ်းပါဘူး။ သူတို့ကို လူနာတစ်ယောက်အနေနဲ့ စောင့်ရှောက်ရမယ့်တာဝန်ပဲ ရှိပါတယ်။ သုံးစွဲသူ လူငယ်ကို သွားရောက်ခေါ်ဆောင်မယ်။ သုံးစွဲတဲ့ သက်တမ်းပေါ်မူတည်ပြီး လိုအပ်တဲ့ ဆေးရုံ၊ ဆေးခန်းမှာ ဆေးကုသမှု ခံယူစေမယ်။ သုံးစွဲတဲ့ သက်တမ်းရင့်ရင် ရင့်သလို ဆေးဖြတ်စခန်းတွေပို့ပြီး ဆေးဖြတ်စေမယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ ထည့်သွင်းဆွေးနွေးဟောပြောပါတယ်။

အခုဆိုရင် မြို့နယ် ၃၂ ခုမှာ ပါဝါပွိုင့်တွေ၊ Pamphlet တွေဝေပြီး ဟောပြောပွဲတွေ လုပ်ပြီးသွားပြီ။ တကယ်လိုအပ်တဲ့ မြို့တွင်း၊ မြို့လယ်ဧရိယာတွေမှာ ဆောင်ရွက်ပြီးပါပြီ။ တချို့ Floating Population ဖြစ်တဲ့ ဒေသခံနည်းပြီး အပြင်က ဈေးရောင်းဈေးဝယ်များတဲ့ ပန်းပဲတန်း မြို့နယ်တို့လိုမှာတော့ တက်ရောက်တဲ့သူနည်းပါတယ်။ တချို့မြို့နယ်တွေမှာတော့ အင်တိုက်အားတိုက် လာတက်ကြပါတယ်။

ယာဉ်ပိုင်းဆိုင်ရာမှာလည်း ယာဉ်ထိန်းတပ်ဖွဲ့နဲ့ ဆွေးနွေးထားပြီး ကြိုတင်စီမံချက်အနေနဲ့ စည်းကမ်းမဲ့ယာဉ်တွေ ဖမ်းဆီးတာရှိတယ်။ ယာဉ်တွေမှာ ဘယ်လိုယာဉ်မျိုးကို မမောင်းနှင်ရဘူး။ ယာဉ်အို ယာဉ်ဟောင်းနဲ့ ပုံပျက်ယာဉ်တွေ၊ နံပါတ်ပြားမတပ်တဲ့ယာဉ်တွေ မမောင်းနှင်ဖို့၊ ယာဉ်မောင်းစဉ် လိုက်နာရမယ့် စည်းကမ်းသတ်မှတ်ပြီး ကြေညာထားတာလည်းရှိပါတယ်။ အထူးသဖြင့်က သင်္ကြန်ကာလမှာ ယာဉ်တိုက်မှုတွေ လျော့ကျဖို့ Alcohol Tester တွေနဲ့ စစ်ဆေးမှုတွေ ဆောင်ရွက်နေပါတယ်။ စစ်ဆေးလိုက်လို့ မူးနေရင် မမူးတဲ့သူကို ပြောင်းမောင်းခိုင်းမယ်။ မောင်းနိုင်တဲ့သူမပါရင် ဒီယာဉ်ကို ရပ်တန့်ပြီး ဆက်မထွက်ဖို့ တားမြစ်မယ်။ ဒါက သင်္ကြန်ကာလအတွင်းမှာ လုပ်မှာ။ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်အောင်က ဆယ်တင်ယာဉ်တွေကို ပွိုင့်တွေနဲ့ ကြေညာထားတာရှိတယ်။ ပိတ်နေတဲ့နေရာက ကားကို ကရိန်းကားနဲ့ ဆယ်တင်သွားမှာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့နဲ့ အစိုးရအဖွဲ့တွေအနေနဲ့ မှုခင်းတွေ မဖြစ်အောင်နဲ့ အရေးပေါ်အခြေအနေ ရှိလာရင် ကူညီဆောင်ရွက်ပေးဖို့ ဆေးရုံဆေးခန်းတွေ ဖွင့်လှစ်ဖို့ စီစဉ်ဆောင်ရွက်တယ်။ သင်္ကြန်ကာလမှာဖြစ်တဲ့ မှုခင်းစာရင်းက ရိုက်နှက်မှုတွေ၊ ကာယိန္ဒြေနှောင့်ယှက်မှုတွေကိုလည်း ချက်ချင်းအရေးယူဆောင်ရွက်နိုင်ဖို့ တရားရေးအဖွဲ့ကလည်း တရားသူကြီးချုပ်၊ ရှေ့နေချုပ်ရုံးတွေက စီစဉ်မှုနဲ့ တရားရုံးအသီးသီးမှာ ရန်ကုန်တိုင်းဒေသကြီး ၄၅ မြို့နယ်မှာ ကိုကိုးကျွန်းကလွဲလို့ ၄၄ မြို့နယ် ဖွင့်ပေးထားတယ်။ မနက် ၉ နာရီကနေ ညနေ ၅ နာရီအထိ ဖွင့်ပေးထားတယ်။ အမူးလွန်တဲ့လူတွေရှိရင် တစ်ထိုင်တရားရုံးအနေနဲ့ ချက်ချင်းစီရင်ပြီး အင်းစိန်အကျဉ်းထောင်ကို သင်္ကြန်ကာလအတွင်းမှာပဲ ပို့နိုင်အောင်နဲ့ သင်္ကြန်ပြီးမှ ပြစ်ဒဏ်တွေ ချမှတ်နိုင်အောင် စီစဉ်ဆောင်ရွက်ထားတယ်။

စည်ပင်သာယာအပိုင်းကလည်း ပန်းဥယျာဉ်ဌာနက ပန်းခြံတွေကို သင်္ကြန်ကားတွေ နားလို့ရအောင် မနက်ခြောက်နာရီကနေ ည ခုနစ်နာရီထိ ဖွင့်လှစ်ပေးမယ်။ ရေရရှိရေး၊ မီးရရှိရေးတွေပါ စီစဉ်ဆောင်ရွက်နေတာတွေရှိတယ်။ နောက်တစ်ခုက မိုဘိုင်း အိမ်သာလေးတွေကိုလည်း စီစဉ်ပေးထားတယ်။ မဏ္ဍပ်ကြံ့ခိုင်မှုတွေ လိုက်စစ်နေပါတယ်။

သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးတွေကနေ မဏ္ဍပ်အနီးမှာ အရက်သေစာမရောင်းချဖို့ တင်းတင်းကျပ်ကျပ်လုပ်မယ်။ စစ်ဆေးအရေးယူမယ်။ တစ်ခါတလေကျတော့ တွေ့တယ်ပြောလို့ ဖမ်းဆီးစစ်ဆေးအဖွဲ့လာရင် ရှောင်သွားတယ်။ ပြီးတော့ ပြန်ရောင်းကြတာမျိုးလည်း မနှစ်က တွေ့ရတယ်။ **အဓိကက တချို့မဏ္ဍပ်တွေက စပွန်ဆာပေးတဲ့ အထဲမှာကို အရက်၊ ဘီယာပါတာတွေရှိတယ်။ အဲဒါကတော့ ဒီနှစ် လုံးဝတားမြစ်ထားတယ်။** မဏ္ဍပ်ပေါ်မှာနဲ့ မဏ္ဍပ်ဝန်ဆောင်မှုမှာ ဘီယာ၊ အရက်နဲ့ စီးကရက်ပေးဝေခြင်း လုံးဝခွင့်ပြုမထားပါဘူး။ ဒါကို တင်းတင်းကျပ်ကျပ် ဆောင်ရွက်ထားပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနကလည်း ဒါနဲ့ပတ်သက်ပြီး ထုတ်ပြန်ထားတာရှိပါတယ်။

ရာသီဥတုနဲ့ ပတ်သက်ပြီး ယူဗွီ (ခရမ်းလွန်ရောင်ခြည်)မြင့်တက်မှုက အခုဆိုရင် ၁၄ လောက်ရှိနေတဲ့အတွက် သင်္ကြန်ကာလမှာ နေပူရှိန်ကြောင့် အရေပြားထိခိုက်မှုတွေ ရှိနိုင်တယ်ဆိုတာ ကြေညာပေးထားတာ ရှိပါတယ်။ **(မိုးသူဇာစိုး)**

# မန္တလေးသင်္ကြန်တွင် အိတ်ဇောတပ်မောင်းနှင်ပါက အရေးယူမည်

**မန္တလေး ဧပြီ ၈**

မန္တလေးသင်္ကြန်တွင် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များကို မူလအတိုင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ကို ဆူညံစေသည့် အိတ်ဇောများ တပ်ဆင်မောင်းနှင်ပါက အရေးယူသွားမည်ဖြစ်ကြောင်း အမှတ်(၁၁) ယာဉ်ထိန်းရဲ၊ ဒုတိယတပ်ဖွဲ့ခွဲရဲမှူး သိန်းကိုကိုက ပြောသည်။

"သင်္ကြန်မှာ အိတ်ဇောတွေဖြုတ်ပြီး ဆူညံအိတ်ဇောတွေနဲ့ မောင်းကြတာတွေကို နှစ်စဉ်အရေးယူခဲ့တယ်။ ဆိုင်ကယ်/ကားဝပ်ရှော့တွေက ပြုပြင်တပ်ဆင်ပေးရင် လုပ်ငန်းလိုင်စင်သိမ်းတဲ့အထိ အရေးယူမယ်ဆိုတာ အသိပေးထားပါတယ်"ဟု ၎င်းက ပြောကြားသည်။

မန္တလေးခရိုင်အတွင်းမှ ဆိုင်ကယ်/ကားဝပ်ရှော့များ၊ အလှဆင်လုပ်ငန်း ၇၆၂ ခုမှ လုပ်ငန်းရှင်များကို မတ် ၂ ရက်က မြို့တော်စည်ပင်ခန်းမ၌ တွေ့ဆုံအသိပေးခဲ့ပြီး သင်္ကြန်ကာလတွင် ဖြစ်တတ်သောမှုခင်းများအကြောင်း ဟောပြောပွဲပြုလုပ်ခဲ့သည်။

"ဆူညံအိတ်ဇောတပ်မောင်းရင် သင်္ကြန်ကာလအတွင်း အဲဒီယာဉ်ကို ထိန်းသိမ်းထားပြီး ပွဲတော်ပြီးမှ စည်ပင်တရားရုံးတင်အရေးယူမယ်။ ကညနခွင့်ပြုတဲ့မူလအိတ်ဇောတွေ ပြန်တပ်ခိုင်းမှာဖြစ်ပါတယ်" ဟု ရဲမှူးက ဆက်လက်ပြောကြားသည်။

သင်္ကြန်တွင်းကာလ ဆူညံအိတ်ဇောများ တပ်ဆင်မောင်းနှင်ခြင်းကို အရေးယူခဲ့ရာတွင် ၂၀၁၃ ခုနှစ်က ၅၃ စီး၊ ၂၀၁၄ ခုနှစ်က ၃၅ စီးရှိခဲ့ရာ စည်ပင်ဥပဒေအရ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ကျေးရွာချင်းဆက် အားမာန်မေတ္တာတံတားဖွင့်

**ညောင်တုန်း ဧပြီ ၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် စံကင်းကျွန်းဒေသရှိ ဂုံမင်းဆိပ်ကျေးရွာအုပ်စုတွင် ကျေးရွာချင်းဆက် အားမာန်မေတ္တာတံတားဖွင့်ပွဲကို ဧပြီ ၆ ရက် နံနက်က အဆိုပါကျေးရွာရှိ တံတားမုခ်ဦးရှေ့၌ ကျင်းပခဲ့သည်။

အဆိုပါ တံတားသည် အရှည်ပေ ၁၅၀၊ အကျယ် ခြောက်ပေ၊ ကွန်ကရစ်တိုင်၊ သံပေါင်၊ ပျဉ်ခင်းဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာငွေကျပ်သိန်း ၁၀၀၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဖွံ့ဖြိုးရေးရန်ပုံငွေ ၁၀ သိန်းသုံးသောင်းနှင့် ကျေးရွာပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေကျပ် ၁၇၇ သိန်းကျော်အပါအဝင် စုစုပေါင်းကုန်ကျငွေကျပ် ၂၈၇ သိန်းကျော် ကုန်ကျကြောင်း သိရသည်။ အဆိုပါ တံတားသည် စံကင်းကျွန်းဒေသအတွင်းရှိ ဂုံမင်းဆိပ်၊ ပါလှဲ၊ အလယ်ချောင်း ကျေးရွာအုပ်စုများကို ဆက်သွယ်ထားသော တံတားဖြစ်ပြီး ကျေးရွာငယ်ပေါင်း ၂၄ ရွာရှိ ပြည်သူတို့၏ စားဝတ်နေရေးအတွက် ကူးလူးဆက်သွယ်သွားလာနိုင်သည့် ပေါင်းကူးတံတားဖြစ်သည့်အပြင် စီးပွားရေး၊ လူမှုရေးနှင့် ကုန်စည် စီးဆင်းမှုလွယ်ကူမြန်ဆန်၍ ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **(တ၇၆)**

# ပြင်သစ်၌ လေကြောင်းထိန်းသိမ်းရေးမှူးများ ဆန္ဒပြမှုကြောင့် လေကြောင်းခရီးစဉ်များ ထိခိုက်

**ပါရီ ဧပြီ ၈**

ပြင်သစ်နိုင်ငံ၌ မြို့ပြ လေကြောင်းထိန်းသိမ်းရေးမှူးများက နှစ်ရက်ကြာ ဆန္ဒပြမည်ဖြစ်ရာ လေကြောင်းခရီးစဉ် အရပ်ရပ်၏ ၄၀ ရာခိုင်နှုန်းအထိကို ပြန်လည်ဖျက်သိမ်း ရဖွယ်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

လုပ်ငန်းခွင်အခြေအနေ တိုးတက်မှုရှိစေရေး အတွက် တောင်းဆိုသည့် ဆန္ဒပြပွဲကြောင့် ပြင်သစ်နိုင်ငံ တစ်ဝန်း၌ လေကြောင်းခရီးစဉ်များကို ကမောက်ကမ ဖြစ်စေနိုင်ကြောင်း မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။



ပါရီအိုလီလေဆိပ်တွင် ခရီးသည်များ စောင့်ဆိုင်းနေသည်ကို တွေ့ရစဉ်။

အဲဖရန့်စ် ပြင်သစ်လေကြောင်းဌာနက ၎င်း၏ လေကြောင်းခရီးစဉ် ပျံသန်းမှုများ ဆိုးဆိုးရွားရွား ထိခိုက်စေနိုင်သည်ဟု သတိပေး ပြောကြားသည်။

လေကြောင်း ထိန်းသိမ်းရေးမှူးများ၏ ဆန္ဒပြမှုကြောင့် လေကြောင်းခရီးစဉ် ၂၅၀ ကျော် ဖျက်သိမ်းခဲ့ရကြောင်း လေယာဉ်လက်မှတ်ခ ချိုသာစွာဖြင့် ပျံသန်းပေးနေသော ရန်အဲလေကြောင်းလိုင်းက ပြောကြားသည်။

မိမိ၏ ကိုယ်ကျိုးစီးပွားကိုသာ ရှေ့တန်းတင်သည့် အလုပ်သမားတစ်စု၏ ဆန္ဒပြမှုကြောင့် ဥရောပတိုက်သား ခရီးသွား ထောင်ပေါင်းများစွာ ခရီးဖင့်ကြရကြောင်း ရန်အဲလေကြောင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ဝေဖန် ပြောကြားသည်။

ပြင်သစ်နိုင်ငံ၏ မြို့ပြလေကြောင်း ထိန်းသိမ်းရေး မှူးများသမဂ္ဂက အလုပ်သမားများ၏ လုပ်ငန်းခွင် အခြေအနေ တိုးတက်မှုရရှိရေးအတွက် တောင်းဆိုနိုင်ရန် ဆန္ဒပြကြခြင်းဖြစ်သည်။

**ပီတီအိုင်။**

# ထိုင်းဆွန်ခရန်ပွဲတော်သို့ ကမ္ဘာလှည့်ခရီးသည် ငါးသိန်းခန့်လာရောက်မည်

**ဗန်ကောက် ဧပြီ ၈**

လာမည့်သီတင်းပတ်တွင် စတင်ကျင်းပမည့် ထိုင်းဆွန် ခရန်ပွဲတော် (ထိုင်းသင်္ကြန်ပွဲတော်)သို့ ကမ္ဘာလှည့်ခရီးသည် ၅၀၀၀၀၀ ခန့်လာရောက်မည်ဟု ခန့်မှန်းထားသည်။

အပြန်အလှန်လေးစားချစ်ကြည်မှုကို ပြသကာ တစ်ဦးနှင့်တစ်ဦး ရေပက်ကစားသည့် ဆွန်ခရန်ပွဲတော်ကို ထိုင်းနိုင်ငံတစ်ဝန်း၌ နှစ်စဉ် ဧပြီလတွင် ကျင်းပပြီး ခရီးသွားဧည့်သည်များက လာရောက်ဆင်နွှဲရန် စိတ်အား ထက်သန်လျက်ရှိကြောင်း ထိုင်းခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ချာဗစ် ပိုလ်ချီဗင်က ပြောကြားသည်။

ထိုင်းနှစ်သစ်ကူးပွဲတော်ဖြစ်သည့် ဆွန်ခရန်ပွဲတော်ကို ဧပြီ ၁၃ ရက် မှ ၁၅ ရက်ထိကျင်းပမည်ဖြစ်ပြီး လာရောက် ဆင်နွှဲကြမည့် ပြည်ပခရီးသွားဧည့်သည်အများစုမှာ တရုတ်၊ မလေးရှား၊ တောင်ကိုရီးယား၊ ရုရှားနှင့် ဂျပန် နိုင်ငံတို့မှ ဖြစ်ကြသည်။

**ဆင်ဟွာ။**

# ဆေးလိပ်ထိန်းချုပ်မှုဥပဒေကြမ်း ကမ္ဘောဒီးယားလွှတ်တော် အတည်ပြု

**ဖနောင်ပင် ဧပြီ ၈**

ကမ္ဘောဒီးယား အမျိုးသားလွှတ်တော်သည် ပြည်သူများ၏ ကျန်းမာရေးနှင့် တိုင်းပြည်၏စီးပွားရေး အပေါ် အကျိုးသက်ရောက်မှု နည်းပါးစေရန် ရည်ရွယ် ချက်ဖြင့် ဆေးလိပ်ထိန်းချုပ်ရေး ဥပဒေကြမ်းတစ်ရပ် ပြဋ္ဌာန်းရန် ဧပြီ ၈ ရက်တွင် တညီတညွတ်တည်း သဘောတူညီခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ကျန်းမာရေး၊ စီးပွားရေး၊ လူ့အဖွဲ့အစည်းနှင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများ လျှော့ နည်းစေရန်အတွက် ဆေးရွက်ကြီးဖြင့်ပြုလုပ်ထားသည့် ထုတ်ကုန်များ ထိန်းချုပ်ရန် ဖော်ပြထားသော ယင်း ဥပဒေကြမ်းကို လွှတ်တော်အစည်းအဝေး တက်ရောက် သည့် ဥပဒေပြုအမတ် ၈၉ ဦးက သဘောတူခဲ့ကြခြင်း ဖြစ်သည်။ အတိုက်အခံဥပဒေပြုအမတ် အမျိုးသား လွှတ်တော် ကျန်းမာရေးစောင့်ရှောက်မှုကော်မရှင် ဥက္ကဋ္ဌ ကီဆိုဗန်နာရိချ်က ဆေးလိပ်နှင့်ဆက်စပ်သည့် ရောဂါ များကြောင့် ကမ္ဘောဒီးယားနိုင်ငံသား ၃၀ နေ့စဉ်သေဆုံး နေကြောင်း ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံမှ ဆေးလိပ်သောက်သူများက စီးကရက်နှင့် ဆေးရွက်ကြီး များအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ နီးပါး သုံးစွဲကြပြီး ဆေးလိပ်ကြောင့်ဖြစ်ပွားသည့် ကင်ဆာဝေဒနာရှင်များအတွက် ဆေးကုသမှုကုန်ကျ စရိတ်မှာ ဆေးလိပ်သောက်သုံးမှု ကုန်ကျစရိတ်ထက် မြင့်မားကြောင်း ကီဆိုဗန်နာရိချ်ကဆိုသည်။

အဆိုပါဥပဒေကြမ်းသည် ဆေးရွက်ကြီး သို့မဟုတ် စီးကရက်ကြောင့်ဖြစ်ပွားသည့် ကျန်းမာရေးအန္တရာယ် များကို လျှော့ကျစေရန် အထောက်အကူပြုမည်ဖြစ် ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဥပဒေကြမ်း အရ အစိုးရသည် အခြားသီးနှံများစိုက်ပျိုးရန် ဆေး ရွက်ကြီးစိုက်ပျိုးမှု စွန့်လွှတ်ခဲ့သည့် လယ်သမားများကို ထောက်ပံ့ရန် ရန်ပုံငွေတစ်ရပ် တည်ထောင်သွားမည် ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး မမ်ဘွန်ဟန်က ပြော ကြားသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလကတည်းက အများပြည်သူနှင့်ဆိုင်သော နေရာများ၊ လုပ်ငန်းခွင်များတွင် ဆေးလိပ်သောက်ခြင်းကို ပိတ်ပင်တားမြစ်ထားသည်။

**ဆင်ဟွာ။**

# သဘောတူညီချက်ကို အီရန် ချိုးဖောက်လျှင် စီးပွားရေးဒဏ်ခတ်မှု ပြန်လည်ပြုလုပ်ရဖွယ်ရှိဟု အိုဘားမားပြောကြား

**ဝါရှင်တန် ဧပြီ ၈**

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်အား ကန့် သတ်သည့် သဘောတူညီချက်တစ်ရပ်ပါ အချက်များကို ချိုးဖောက်မည်ဆိုပါက ယင်းနိုင်ငံအား စီးပွားရေးဒဏ် ခတ်မှု ပြန်လည်ပြုလုပ်ရဖွယ်ရှိကြောင်း အမေရိကန်သမ္မတ အိုဘားမား**(အောက်ပုံ)**က အမျိုးသားပြည်သူ့ရေဒီယို၏ လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားသည်။

အမေရိကန်နှင့် ဥရောပစေ့စပ်ဆွေးနွေးရေးမှူးများ သည် အီရန်နိုင်ငံနှင့် သဘောတူညီချက်တစ်ရပ် ရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ယင်းသဘောတူညီချက်အရ သဘောတူညီချက်ကို ချိုးဖောက်ပါက ကုလသမဂ္ဂ လုံခြုံ ရေးကောင်စီ၏ မဲခွဲဆုံးဖြတ်ချက်ကိုရယူရန် မလိုအပ်ဘဲ အီရန်နိုင်ငံအား စီးပွားရေးဒဏ်ခတ်မှု ပြန်လည်ပြုလုပ် နိုင်မည်ဖြစ်ကြောင်း အိုဘားမားက အမျိုးသားပြည်သူ့ ရေဒီယိုသို့ ပြောကြားသည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ တွင် အီရန်၏ မဟာမိတ်ရုရှားနိုင်ငံက ဗီတိုအာဏာ ရရှိ ထားသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က မူဘောင်သဘော တူညီချက်တစ်ရပ်ကို ရရှိခဲ့ကြပြီးနောက် ဇွန်လကုန် နောက်ဆုံးထား၍ အပြီးသတ် သဘောတူညီချက် ရရှိနိုင်ရန် အသေးစိတ် ဆွေးနွေးညှိနှိုင်းသွားကြရမည် ဖြစ်သည်။ အပြီးသတ်သဘောတူညီချက်အရ အီရန်နိုင်ငံ အနေဖြင့် နျူကလီးယားလက်နက်တည်ဆောက်ခြင်းမှ ကန့်သတ်ပိတ်ပင်ခံရမည်ဖြစ်သည်။

**ရိုက်တာ။**



# ယီမင်သူပုန်များအား ချေမှုန်းသည့်ညွန့်ပေါင်းအဖွဲ့တွင် ပါဝင်ရန် ပါကစ္စတန်က အလျင်စလို ဆုံးဖြတ်မည်မဟုတ်ဟုဆို

**အစ္စလာမ္မာဘတ် ဧပြီ ၈**

ယီမင်နိုင်ငံရှိ သူပုန်များအား ချေမှုန်းတိုက်ထုတ်မည့် ညွန့်ပေါင်းအဖွဲ့တွင် မိမိနိုင်ငံ ပါဝင်ရန် အလျင်စလို ဆုံးဖြတ်မည်မဟုတ်ကြောင်း ပါကစ္စတန် ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်**(အောက်ပုံ)**က ပြောကြားကြောင်း ဒေသ ဆိုင်ရာ သတင်းဌာနများက ဧပြီ ၈ ရက်တွင် သတင်း ထုတ်ပြန်သည်။

ယီမင်နိုင်ငံ အရေးအခင်းနှင့် စပ်လျဉ်း၍ ပါလီမန်၌ အထူးအစည်းအဝေး ကျင်းပရာတွင် ဝန်ကြီးချုပ် ရှရစ်ဖ်က



အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ သံတမန်ရေး အရ ကြိုးပမ်းအားထုတ်မှုများကို လာမည့်ရက်ပိုင်းအတွင်း စတင် ပြုလုပ်မည်ဖြစ်ပြီး ရလဒ်ကောင်းများ ပေါ်ထွက် လာမည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။

ယီမင်နိုင်ငံရှိ ရှီးယိုက်နွယ်ဖွား ဟူသီသူပုန်အဖွဲ့ကို ချေမှုန်းမည့် စစ်ဆင်ရေးလုပ်ငန်းအတွက် စစ်လေယာဉ်များ၊ စစ်ရေယာဉ်များနှင့် ကြည်းတပ် တပ်ဖွဲ့ဝင်များ စေလွှတ် ပေးရန် ဆော်ဒီအာရေဗျနိုင်ငံက ယင်း၏ ကာလရှည်မဟာ မိတ် ပါကစ္စတန်နိုင်ငံကို တိုက်တွန်းခဲ့သည်။

သို့ရာတွင် ယခုအချိန်အထိ တပ်အင်အား စေလွှတ် ပေးရန် ပါကစ္စတန်နိုင်ငံက ငြင်းဆန်နေပြီး သံတမန်ရေး အရ ဖြေရှင်းချက်ရရှိရေးအတွက် ကြိုးပမ်းကြရန် တိုက် တွန်းသည်။ အာရပ်ကမ္ဘာတစ်ခုလုံး လူမျိုးရေး ဂိုဏ်းဂဏ နှစ်ခြမ်းကွဲသွားစေမည့် ပဋိပက္ခအရေးတွင် ပါဝင်လိုခြင်း မရှိဟု ပါကစ္စတန်အစိုးရက ပြောကြားခဲ့သည်။

ဆော်ဒီအာရေဗျဦးဆောင်သော ညွန့်ပေါင်းအဖွဲ့တွင် ဆွန်နီမွတ်စလင်နိုင်ငံများပါဝင်ကြပြီး ယီမင်၌ စစ်အင်အား အရ စွက်ဖက်မှုကို ရှီးယိုက်လွှမ်းမိုးသည့် အီရန်နိုင်ငံက အပြင်းအထန် ဝေဖန်ခဲ့သည်။

**ရိုက်တာ။**

# မီးလောင်နေသည့် ထိုင်းကမ္ဘာလှည့်ခရီးသည်တင် သင်္ဘောပေါ်မှ လူ ၁၀၀ ကို ကယ်တင်နိုင်

**ဗန်ကောက် ဧပြီ ၈**

ထိုင်းနိုင်ငံ အနောက်တောင်ပိုင်း အက်ဒမန်ပင်လယ်ကမ်းလွန်တွင် မီးစွဲလောင်နေသည့် အပျော်စီးသင်္ဘော တစ်စင်းပေါ်မှ နိုင်ငံခြားသားခရီးသွားဧည့်သည်များအပါအဝင် လူ ၁၀၀ ကျော်ကို ကယ်တင်နိုင်ခဲ့သည်။

သင်္ဘောမီးလောင်ကျွမ်းမှုမှာ ထိုင်းနိုင်ငံ၏ နာမည်ကျော်လူသိများသည့် အပန်းဖြေကမ်းခြေနှစ်ခုဖြစ်သည့် ကရာဘီမှ ဖူးခက်သို့ခုတ်မောင်းနေသည့် Ao Nang Princess 5 ကူးတို့သင်္ဘောပေါ်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲမှူးကြီး ဆွမ်ပေါင် သစ်ပ်-အပါကူလ် ကပြောကြားသည်။

အသက်(၁၂)နှစ်အရွယ် နိုင်ငံခြားသားကလေးငယ်တစ်ဦး ပျောက်ဆုံးနေသော်လည်း ဖူးခက်သို့သွားသည့် သင်္ဘောတစ်စင်းက ကယ်ဆယ်သွားသည်ဟု ယူဆရကြောင်း ရဲမှူးကြီးက ဆက်လက်ပြောကြားသည်။ ခရီးသည်အများစု နှင့် သင်္ဘောအမှုထမ်းများကို မီးလောင်ကျွမ်းသည့်နေရာမှ မိုင်အနည်းငယ်အကွာ ကရာဘီကမ်းခြေတွင် ကယ်ဆယ် ထားရှိသည်။

ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် မကြာသေးမီကဖြစ်ပွားခဲ့သော ပြည်တွင်းနိုင်ငံရေး မတည်ငြိမ်မှုများနှင့် အနောက်နိုင်ငံသားများသတ်ဖြတ်ခံရမှုကို ရှင်းလင်းဖော်ထုတ်နိုင်ခြင်းမရှိသည့်အတွက် ထိခိုက်ဆုံးရှုံးလျက်ရှိသော်လည်း ယခုကဲ့သို့ ရေယာဉ်မတော်တဆဖြစ်ပွားမှုမှာ ရှားရှားပါးပါးဖြစ်ရပ်တစ်ခုဖြစ်သည်။

**အေပီ။**

# မင်္ဂလာတောင်ညွန့်နှင့် ဒေါပုံမြို့နယ်တို့ဆက်သွယ်သည့် ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်) ဇွန်လတွင် ပြီးစီးမည်

**ရန်ကုန် ဧပြီ ၈**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာ နယ်နိမိတ်အတွင်း ပြည်သူများ လမ်းပန်းဆက်သွယ်သွားလာမှု လုံခြုံချောမွေ့စေရေးနှင့် ယာဉ်ကျပ်တည်းမှုလျော့နည်းသက်သာစေရေး တို့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က တည်ဆောက်လျက်ရှိသော မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ အကြားဆက်သွယ်သည့် ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများအား ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဦးမြင့်အောင်သည် စာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သန်းဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးစောလွင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၈ နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ရှင်းလင်းဆောင်၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ဌာနမှူး ဦးတင်မောင်ကြည်က တည်ဆောက်လျက်ရှိသော ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်)၏ အရှည်၊ အကျယ်၊ ယာဉ်သွားလမ်း၊ လူသွားစင်္ကြံများ၊ တံတားအမျိုးအစား၊ ခွင့်ပြုတန်အလေးချိန်နှင့် တည်ဆောက်လျက်ရှိသော Pile Cap, I-Girder နှင့် Shaft တိုင် စသည့်လုပ်ငန်းများပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ စာရင်းစစ်ချုပ်က အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တည်ဆောက်လျက်ရှိသော မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ကို ဆက်သွယ်သည့် ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်)သည် ကနဦးသံပေါင်တံတားအနီး ကပ်၍ တည်ဆောက်လျက်ရှိပြီး တံတားအရှည် ချဉ်းကပ်တံတားများ အပါအဝင် ၁၃၂၉ ပေ၊ တံတားအကျယ် ၃၇ ပေ ၉ လက်မ၊ ယာဉ်သွားလမ်းအကျယ် ၂၆ ပေ ၃ လက်မနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် လေးပေစီရှိသည်။ တံတားအမျိုးအစားမှာ အုတ်မြစ် ဘိုးလ်ပိုင်ဖောင်ဒေးရှင်း၊ အောက်ထည် သံကူကွန်ကရစ်ဖြစ်ပြီး အပေါ်ထည် ကြိုတင်အားဖြည့် သံကူကွန်ကရစ် ကြမ်းခင်းဖြစ်သည်။ ရေကင်းလွတ်အမြင့် ရေအမြင့်ဆုံးတက်ချိန်တွင် ၁၆ ပေ ၅ လက်မရှိကာ တံတား၏ခွင့်ပြုတန်အလေးချိန် ၅၀ ဖြစ်သည်။ ယခုအခါ တည်ဆောက်ရေးလုပ်ငန်းတစ်ခုလုံး၏ ၇၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ပြီး ဇွန်လတွင် လုပ်ငန်းတစ်ခုလုံး အချောသပ်ပြီးစီးမည်ဖြစ်သည်။ တည်ဆောက်ရေးလုပ်ငန်းများပြီးစီးပါက ဒေါပုံမြို့နယ်၊ မင်္ဂလာတောင်ညွန့် မြို့နယ်နှင့် ဆက်စပ်မြို့နယ်များ ဖြစ်သည့် သာကေတ၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွနှင့် အမှတ်(၂)လမ်းမှ ဒါးပိန်၊ ဇရပ်ကွင်း၊ တာဆုံမှ ပဲခူးတိုင်းဒေသကြီးအထိ တစ်ဆက်တစ်စပ်တည်း ပြည်သူများ ရာသီမရွေး လွယ်ကူလျင်မြန်စွာသွားလာနိုင်မည် ဖြစ်သည်။ တံတားကြီးပြီးစီးမှုနှင့်အတူ မူလတံတားဟောင်း အနီးဝန်းကျင်တွင် နေထိုင်သူများ၏ အနေးယာဉ်များ ဆက်လက်အသုံးပြုနိုင်ရန်နှင့် ရန်ကုန်မြို့၏ ရှေးကျသော ရှေးဟောင်းတံတားတစ်စင်းအဖြစ် ထိန်းသိမ်းထားရှိနိုင်ရန် အစီအစဉ်များရှိကြောင်း အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ACE ဦးကျင်အုန်းက ထပ်မံရှင်းပြသည်။

**(စောသိန်းဝင်း)**

# ရေရှားပါးကျေးရွာများရှိ ပြည်သူများအား ရေများ အခမဲ့ဖြန့်ဝေ

**မြိတ် ဧပြီ ၈**

ရာသီဥတုပူပြင်းလာသောကြောင့် ရေတွင်းရေကန်များတွင် ရေများခန်းခြောက်လျက်ရှိရာ ပြည်သူများ ရေသုံးစွဲမှု အဆင်ပြေစေရေးအတွက် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မီးသတ်စခန်းများမှ မီးသတ်ရေသယ်ယာဉ်များဖြင့် ဧပြီ ၇ ရက် နံနက် ၈ နာရီခွဲမှစ၍ အခမဲ့ဖြန့်ဝေလှူဒါန်း



ပေးလျက်ရှိကြောင်း သိရသည်။

ရေလိုအပ်လျက်ရှိသော စန္ဒဝတ်ကျေးရွာ၊ အဏ္ဏဝါရပ်ကွက်၊ ရွှေတောင်ကြားရပ်ကွက်နှင့် သံဘောင်တွင်းကျေးရွာများရှိ ပြည်သူများအား မြိတ်မြို့နယ် မီးသတ်စခန်းမှ ရေသယ်ယာဉ်နှစ်စီး၊ ကျွဲကူးနယ်မြေမီးသတ်စခန်းမှ ရေသယ်ယာဉ် တစ်စီး၊ ထားဝယ်စုရပ်ကွက် အရန်မီးသတ်စခန်းမှ ရေသယ်ယာဉ်တစ်စီးဖြင့် အိမ်ခြေ ၂၂၀ အား အခမဲ့ဖြန့်ဝေလှူဒါန်းပေးမှုကြောင့် ရေလုံလောက်စွာရရှိသဖြင့် ပြည်သူများမှာ ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ အလားတူ ရေလိုအပ်လျက်ရှိသည့် ပြည်သူများအား မီးသတ်ဦးစီးဌာနမှ နေ့စဉ်ဆက်လက်လှူဒါန်းပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(ခရိုင် ပြန်/ဆက်)**

# သင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရောင်းချမှုမရှိစေရေး ဟောပြော

**လသာမြို့နယ်**

မြန်မာနှစ်သစ်ကူးပွဲတော် သင်္ကြန်ကာလအတွင်း လူငယ်အချို့၏ စိတ်ကြွရူးသွပ်ဆေးပြားနှင့် အခြားမူးယစ်ဆေးဝါးများ သုံးစွဲမှုကြောင့် ယာဉ်မတော်တဆမှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများ၊ ကာယိန္ဒြေပျက်စီးမှုများ၊ သေဆုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် အသိပညာပေးဟောပြောပွဲကို ဧပြီ ၈ ရက် နံနက်ပိုင်းက လသာမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးခန်းမ၌ ကျင်းပရာ မူးယစ်တပ်ဖွဲ့စု(၄၂) တပ်ဖွဲ့စုမှူး ရဲမှူးခင်မောင်သိန်းက မူးယစ်ဆေးဝါးအမျိုးအစားများနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးအန္တရာယ်များ၊ ပြစ်မှု/ပြစ်ဒဏ်များ၊ သင်္ကြန်ကာလအတွင်းဖြစ်ပွားခဲ့သည့် မှုခင်းများအခြေအနေ၊ ပြည်သူလူထုပူးပေါင်းပါဝင်နိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ရမည့် အခြေအနေများကို မြို့နယ်အတွင်းရှိ လူငယ်များ၊ ရပ်မိရပ်ဖများအား ရှင်းလင်းဟောပြောခဲ့သည်။

**(သတင်းစဉ်)**

**တနင်္သာရီမြို့နယ်**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်တွင် မူးယစ်ဆေးဝါးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးပညာပေးဟောပြောပွဲကို ဧပြီ ၆ ရက် ညနေ ၄ နာရီခွဲက ချောင်းငယ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းနိုင်က Projector ဖြင့် မူးယစ်ဆေးဝါးအလွဲသုံးမှုမရှိစေရေးနှင့် မူးယစ်ဆေးဝါးနှင့် အရက်သေစာသောက်စားမူးယစ်ခြင်းဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် အသက်ဆုံးရှုံးခဲ့ရပုံမြင်ကွင်းများ ပြသရှင်းလင်းပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ မော်တော်ဆိုင်ကယ်စီးသူများ၊ ယာဉ်မောင်းသူများ သိရှိလိုက်နာနိုင်ရန် လက်ကမ်းစာစောင်များကိုလည်း ဝေငှပေးခဲ့သည်။

ထို့နောက် ဒုတိယဦးစီးမှူး ဦးနိုင်လွင်ဦးနှင့် ဒေါက်တာဦးမျိုးဇော်ဦးတို့က ဆေးဆိုင်နှင့်ဈေးဆိုင်များတွင် ကာမစိတ်ကြွစေသည့် တားမြစ်ဆေးဝါးများ၊ တရားဝင်မှတ်ပုံတင်မထားသော ဆေးဝါးများရောင်းချခြင်းမပြုရေး၊ မသုံးစွဲကြရေးတို့ကို ရှင်းလင်းပြောကြားအသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

**ညောင်တုန်းမြို့နယ်**

သင်္ကြန်ကာလအတွင်း အရက်သေစာ သောက်စားမှုမရှိစေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မူးယစ်ဆေးဝါးများသုံးစွဲမှုမရှိစေရေးနှင့် ရောင်းချမှုမရှိစေရေးတို့အတွက် အသိပညာပေးရှင်းလင်းခြင်း အခမ်းအနားကို ညောင်တုန်းမြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ဧပြီ ၈ ရက် နံနက်ပိုင်းကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး၊ ရောင်းချမှုမရှိစေရေး၊ ကစားရာတွင် သရုပ်ပျက်ယဉ်ကျေးမှုမရှိစေရေး၊ ခိုက်ရန်ဖြစ်ပွားမှုမဖြစ်ပေါ်စေရေးတို့အတွက် အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်နှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်တင်က သင်္ကြန်ကာလအတွင်း ရေကစားသူများ မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး၊ မှုခင်းကြိုတင်ကာကွယ်ရေး၊ စောင့်ကြပ်ထိန်းသိမ်းပေးခြင်း၊ ကာကွယ်ပေးခြင်း ဥပဒေအကြောင်းအရာများ၊ ကာမစိတ်ကြွစေတတ်သော ဆေးဝါးများ မရောင်းချစေရေး၊ ယာဉ်မတော်တဆဖြစ်ပွားမှုမရှိစေရေးတို့အတွက် အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယမြို့နယ်မှူး ဒုတိယရဲမှူးဌေးမြင့်က ရေကစားသူများ သရုပ်ပျက်ဝတ်စားမှုများမရှိစေရေး၊ ခိုက်ရန်ဖြစ်ပွားမှုမဖြစ်ပေါ်စေရေးနှင့် ပြစ်မှု၊ ပြစ်ဒဏ်အကြောင်းအရာများ၊ ဆေးအရောင်းဆိုင်များကိုလည်း ဝင်ရောက်ရှာဖွေစစ်ဆေးသွားမည်ဖြစ်ကြောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့ပြင် တက်ရောက်လာကြသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် အသိပညာပေးစာစောင်နှင့် ရာဇဝတ်မှု ပြစ်မှု၊ ပြစ်ဒဏ်အကြောင်းအရာပါ လက်ကမ်းစာစောင်များ အသိပညာပေးဝေငှခဲ့ကြောင်း သိရသည်။

**ထွန်းကျော် (ညောင်တုန်း)**

# သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့ရှိ လမ်းအချို့အား တစ်လမ်းမောင်းစနစ်ကျင့်သုံးမည်

**ရန်ကုန် ဧပြီ ၈**

၁။ မဟာသင်္ကြန်ပွဲတော်ကာလဖြစ်သည့် ဧပြီ ၁၃ ရက် (အကြိုနေ့)မှ ၁၆ ရက် (အတက်နေ့)အထိ နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း ရန်ကုန်မြို့ရှိ အောက်ဖော်ပြပါလမ်းများကို တစ်လမ်းမောင်းစနစ် ကျင့်သုံးမည်ဖြစ်သည်-

(က) **ကမ္ဘာအေးစေတီလမ်း** ။ ပါရမီလမ်းဆုံမှ ကုက္ကိုင်းလမ်းဆုံအထိ မြောက်မှတောင်သို့ တစ်လမ်းမောင်း သတ်မှတ်သည်။

(ခ) **စက်မှု(၁)လမ်း** ။ ဆရာစံလမ်းဆုံမှ ကမ္ဘာအေးစေတီလမ်းဆုံအထိ အရှေ့မှအနောက်သို့ တစ်လမ်းမောင်းသတ်မှတ်သည်။

(ဂ) **ဆရာစံလမ်း** ။ ကမ္ဘာအေးစေတီလမ်းဆုံမှ စက်မှု(၁)လမ်းဆုံအထိ အနောက်မှအရှေ့သို့ တစ်လမ်းမောင်းသတ်မှတ်သည်။

(ဃ) **မဟာဗန္ဓုလလမ်း** ။ ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိ အရှေ့မှအနောက်သို့ တစ်လမ်းမောင်းသတ်မှတ်သည်။

(င) **ကန်တော်ကြီးပတ်လမ်း** ။ ဦးထောင်ဘိုအဝိုင်း၊ တိရစ္ဆာန်ဥယျာဉ်ဘက်မှ ကန်ရိပ်သာလမ်းသို့ အဝင်လမ်းသတ်မှတ်ပြီး ကန်ရိပ်သာလမ်းအတိုင်း လက်ဝဲရစ်မောင်းနှင်၍ ၎င်းမှ နတ်မောက်လမ်းအတိုင်း ကမ္ဘာအေးစေတီလမ်းဆုံသို့ အထွက်သတ်မှတ်ထားရှိသည်။ ကန်တော်ကြီးပတ်လမ်းသို့ ချဉ်းကပ်လမ်းများအားလုံး ညာကွေ့ပြီး လက်ဝဲရစ်သွားရမည်ဖြစ်သည်။ (ကန်တော်ကြီးပတ်လမ်းသို့ ဝင်ရောက်မည့် အထက်ပန်းဆိုးတန်းလမ်းမှ ယာဉ်များသည် ဒေါ်သိန်းတင်မီးပွိုင့်မှလည်းကောင်း၊ သိမ်ဖြူလမ်းမှ ယာဉ်များသည် သိမ်ဖြူ (၅)ခွဆုံမှလည်းကောင်း လမ်းလွှဲအတိုင်းသွားရမည်ဖြစ်သည်။)

၂။ ဖော်ပြပါ ကန်တော်ကြီးပတ်လမ်းတစ်လျှောက်တွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ မော်တော်ယာဉ်များရပ်နားခြင်းမပြုကြရန်နှင့် မော်တော်ယာဉ်များသည် သတ်မှတ်ထားသည့်လမ်းများမှ မောင်းနှင်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ဖလွိုက်မေဝယ်သာ နှင့် ပက်ကွီုင်အို မေ ၂ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်မည်

ကမ္ဘာ့နာမည်ကြီး လက်ဝှေ့သမားများ ဖြစ်ကြသည့် မေဝယ်သာနှင့် ပက်ကွီုင်အိုတို့သည် စိန်ခေါ်ပွဲတစ်ရပ်အဖြစ် လာမည့် မေ ၂ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်ခြင်းကြောင့် ပက်ကွီုင်အိုအနေဖြင့် တောင်တက်အပြေး လေ့ကျင့်ခြင်းနှင့်အတူ အရှိန်မြှင့်လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား ပက်ကွီုင်အိုသည် မေဝယ်သာအား အနိုင်ရရှိရန် အပြင်းစား လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး လွယ်ကူသောလေ့ကျင့်မှုမျိုး မလုပ်ဆောင်ကြောင်းနှင့် လုပ်နိုင်တာထက် ပိုမိုလုပ်နိုင်ရန်သာ ပြင်ဆင်ထားကြောင်း ပြောကြားခဲ့သည်။ ယင်းသို့အပြင်းအထန်လေ့ကျင့်ခြင်းသည်လည်း ကိုယ့်ကိုယ်ကိုယ် ကြံ့ခိုင်မှုပြည့်ဝခြင်း ရှိ၊ မရှိ စမ်းသပ်ခြင်းဖြစ်ကြောင်း ပက်ကွီုင်အိုက ဆိုသည်။

ဖလွိုက်မေဝယ်သာမှာမူ ထူးခြားသော လေ့ကျင့်မှုအဖြစ် ရေကူးကန်အတွင်း ရေကူးရင်း အပြင်းအထန် လေ့ကျင့်ခဲ့ပြီး ဒဗလျူဘီအိုချန်ပီယံ ပက်ကွီုင်အိုအား အလဲထိုးသတ်နိုင်ရန် ပြင်ဆင်ထားသူဖြစ်သည်။ သို့သော် ပက်ကွီုင်အိုသည် ၎င်း၏ လက်ဝှေ့





သမားဘဝတစ်လျှောက်တွင် အလဲထိုးနိုင်ပွဲ ၃၉ ဒသမ ၃ ရာခိုင်နှုန်းအထိ ရှိထားခဲ့ပြီး မေဝယ်သာမှာမူ လက်ဝှေ့သမားဘဝတွင် အလဲထိုးနိုင်ပွဲ ၅၅ ဒသမ ၃ ရာခိုင်နှုန်းအထိသာ နိုင်ပွဲရရှိထားကြောင်း သိရသည်။

အမေရိကန်လက်ဝှေ့အသည်းကျော်များအနေဖြင့် အမေရိကန်ပရော်ဖက်ရှင်နယ် လက်ဝှေ့ကစားသမား ဖလွိုက်မေဝယ်သာနှင့် ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီုင်အိုတို့ ထိုးသတ်မည့် လက်ဝှေ့ပွဲစဉ်ကို ကြည့်ရှုမည်ဆိုပါက အမေရိကန်ဒေါ်လာ ၁၀၀ (ပေါင်စတာလင် ၆၇ ဒသမ ၄၅)ကုန်ကျမည်ဖြစ်ပြီး လက်ဝှေ့သမိုင်းတွင် ကြီးမားသော ထိပ်တိုက်တွေ့ဆုံမှုလည်း ဖြစ်သည်။

HBO နှင့် Showtime ရုပ်မြင်သံကြားကုမ္ပဏီနှစ်ခုအနေဖြင့် မေ ၂ ရက်တွင် အမေရိကန်နိုင်ငံ လက်ဗီးဂတ်စ်မြို့ရှိ MGM Grand ၌ ယှဉ်ပြိုင်ထိုးသတ်မည့် အဆိုပါ လက်ဝှေ့ပွဲစဉ်အား တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး လက်ဝှေ့လောကတွင် ဈေးအကြီးဆုံးပေး၍ ကြည့်ရှုရသည့် ပွဲစဉ်လည်းဖြစ်လာမည်ဖြစ်သည်။

မေဝယ်သာနှင့် ပက်ကွီုင်အိုတို့ ယှဉ်ပြိုင်ထိုးသတ်မည့် လက်ဝှေ့ပွဲစဉ်သည် ၂၀၁၃ ခုနှစ်က မေဝယ်သာနှင့် အယ်လ်ဗာရက်ဇ်တို့ ထိုးသတ်ခဲ့သည့် လက်ဝှေ့ပွဲစဉ်ထက် ကြည့်ရှုခွင့်လက်မှတ်မှာ ၄၀ ရာခိုင်နှုန်းနီးပါးအထိ တိုးလာခဲ့ပြီး ယင်းပွဲစဉ်တွင် အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၉၅ ဒေါ်လာ (ပေါင်စတာလင် ၄၃ ဒသမ ၈၃)သာ ကုန်ကျခဲ့ကြောင်း သိရသည်။

[နိုင်လင်းကြည်]

# မန်ယူ၏ချိတ်ဆက်ကမ်းလှမ်းမှုများအတွက် ဂုဏ်ယူမိဟု မီရန်ဒါပြောကြား

အက်သလက်တီကိုမက်ဒရစ် နောက်ခံလူမီရန်ဒါက ၎င်းအနေဖြင့် အက်သလက်တီကိုတွင်သာ ဆက်လက်ရှိနေမည်ဖြစ်သော်လည်း မန်ချက်စတာယူနိုက်တက် အသင်း၏ စိတ်ဝင်စား ချိတ်ဆက်လာမှုအတွက်မူ ဂုဏ်ယူမိသည်ဟုထုတ်ဖော်ပြောခဲ့သည်။

သတင်းများက အဆိုပါဘရာဇီး လက်ရွေးစင်ကစားသမားအနေဖြင့် မန်ယူ၌ ပြောင်းရွှေ့ကစားခြင်းက ကစားသမားဘဝ ခြေစွမ်းတိုးတက်ရေးနှင့် ကျော်ကြားမှုတို့အတွက် ပိုမိုအထောက်အကူပြုနိုင်သည်ဟုဆိုသည်။

သို့သော် မီရန်ဒါက မန်ယူကဲ့သို အသင်းကြီးများ၏ ချိတ်ဆက်ကမ်းလှမ်းလာမှုသည် အက်သလက်တီကိုတွင် ခြေစွမ်းပြနိုင်၍သာဖြစ်ပြီး လက်တလောတွင် မည်သည့်အသင်းကိုမျှ မပြောင်းရွှေ့ဘဲ အက်သလက်တီကိုအတွက်သာ ဆက်လက်ကစားပေးသွားရန်ဆုံးဖြတ်ထားသည်။

မီရန်ဒါက“ ဒီသတင်းကိုကြားတော့ ကျွန်တော်ကျေနပ်ပျော်ရွှင်ရမိပါတယ်။ ဒါက ကျွန်တော်စွမ်းဆောင်ရည်ကောင်းတယ်ဆိုတာပြသရာရောက်ပါတယ်။ ဒီအတွက် ဂုဏ်ယူမိပေမယ့် အက်သလက်တီကိုနဲ့ စာချုပ်သက်တမ်း တစ်နှစ်ခွဲကျန်သေးသလို ဒီကလပ်မှာပဲ ဆက်ရှိနေဦးမှာပါ” ဟုဆိုသည်။

မီရန်ဒါသည် ၂၀၁၄ ၌ အက်သလက်တီကို လာလီဂါချန်ပီယံဖြစ်ခဲ့ရာ အဓိကနေရာမှပါဝင်ခဲ့သူဖြစ်သော်လည်း လက်ရှိတွင် ဂျီမီနက်ဇ်၊ အယ်ဒါဝီရတ်ဒ်တို့နှင့် နောက်တန်းတစ်နေရာအတွက် ယှဉ်ပြိုင်နေရာ လာမည့်နွေရာသီတွင် မန်ယူသို့ရောက်ရှိသွားနိုင်သည်။

(မေလှသင်း)



# ယခုဘောလုံးရာသီတွင် မိမိ၏ခြေစွမ်းပိုင်း များစွာတိုးတက်လာဟု အစ္စကို ဆို



စပိန်လက်ရွေးစင် ကစားသမား အစ္စကိုက ဖေဖော်ဝါရီနှင့် မတ်လတို့တွင် နှစ်လဆက်တိုက် လာလီဂါ၏အကောင်းဆုံးကစားသမားငါးဦးစာရင်းတွင် ပါဝင်ခဲ့ရာ ၎င်း၏ယခုနှစ်ခြေစွမ်းများစွာ တိုးတက် လာမှုကြောင့်ပင် ဖြစ်သည်ဟု ဆိုသည်။

ရီးယဲလ်ကြယ်ပွင့် အစ္စကိုက ထိုကဲ့သို့ခြေစွမ်း တိုးတက်လာရခြင်းက ၎င်းအနေဖြင့် ကွင်းလယ်ဗဟို အတွင်းပိုင်း အထိ ဝင်ရောက် ကစားပေးရခြင်းကြောင့်ဟု ယုံကြည်နေသည်။

အစ္စကိုက“ ဒီနှစ် ဘောလုံး ရာသီမှာ ကျွန်တော် အရင်က မကစားဘူးသေးတဲ့ နေရာမှာ ကစားရပြီး များစွာ တိုးတက်လာတယ်လို့ ခံစားရပါတယ်။ ကျွန်တော်တို့ အသင်း ဖြစ်နိုင်ရင် ဖလား နှစ်လုံး ရချင်ပါတယ်။ ရီးယဲလ် ဆိုတာရာသီတိုင်း ဖလား ဆွတ်ခူး နေကျ အသင်းပါ။ ဖလားနှစ်လုံးရရှိဖို့ လမ်းကြောင်းမှန်ပေါ်မှာ အခုထိ ဆက်ရှိနေတာကလည်း ရီးယဲလ်အတွက် ကံကောင်းခြင်း တစ်ရပ်ပါပဲ”ဟုဆိုသည်။

ရီးယဲလ်သည်မေပြီ ၈ ရက်တွင် ဗယ်လီကာနိုနှင့်ပွဲ၌ ဂါရတ်ဘေးလ် အစား အစ္စကို (သို့မဟုတ်) ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို ကစားစေမည်ဖြစ်ရာ ဂရန်နာဒါနှင့်ပွဲကကဲ့သို့ ဂိုးများများသွင်းယူနိုင်ရန် နေရာလွတ်များ ပိုမိုရရှိရန်အလားအလာ ကောင်းနေသည်။ လက်ရှိတွင်ရီးယဲလ်သည် ဘာစီလိုနာအောက် လေးမှတ်လျော့အနေအထားဖြင့်အမှတ်ပေးဇယားဒုတိယနေရာတွင် ရပ်တည်နေသော်လည်း ပွဲစဉ်ဇယားရေးဆွဲမှုအနေအထားအရ ရီးယဲလ်က ဘာစီလိုနာကို လိုက်မီနိုင်သေးသည်။

မေလှသင်း



# ဂျူဗင်တပ် ဖလားသုံးလုံးအိပ်မက်ထက် နှစ်လအတွင်း တိုက်ပွဲဝင်စိတ်အပြည့်ဖြင့် ကစားနိုင်ရေးကိုသာ ဦးတည်ချက်ထားသင့်ဟုအသင်းဖော်များကို ချီလီနီသတိပေး

ဂျူဗင်တပ် ကွင်းလယ်ကစားသမား ချီလီနီက လက်ရှိတွင်ဂျူဗင်တပ်အနေဖြင့်ဖလားသုံးလုံး လမ်းကြောင်းပေါ်တွင် ရှိနေသော်လည်း တစ်ပွဲချင်းကိုသာ အာရုံစိုက်ကာ ကြုံလာသမျှအခက်အခဲတိုင်းအတွက် ရင်ဆိုင်နိုင်ရန် စွမ်းအားအပြည့်ရှိသောအသင်းဖြစ်သည်ကိုသာ သက်သေပြရန်လိုသည်ဟု အသင်းဖော်များကို သတိပေးပြောကြားခဲ့သည်။

ဂျူဗင်တပ်အသင်းသည် လက်ရှိတွင် ကိုပါအီတလီယာဖလား၌ ဖီအိုရင်တီးနားအသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုးဖြင့် ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သလို ချန်ပီယံလိဂ်တွင် ကွာတားဖိုင်နယ်၌ မိုနာကိုနှင့်သာ တွေ့ဆုံရမည်ဖြစ်၍ စီးရီးအေ အမှတ်ပေးဇယားတွင်လည်း ပြိုင်ဘက်အသင်းများအား လွတ်လွတ်ကျွတ်ကျွတ် ဦးဆောင်နေခဲ့ရာ ၂၀၁၀ မော်ရင်ဟို၏ အင်တာမီလန်ကဲ့သို့ ဖလားသုံးလုံး ရရှိနိုင်လိမ့်မည်ဟု ချီလီနီက ယုံကြည်နေသည်။

သို့သော်၎င်းက ဖလားသုံးလုံးကိုရရှိရန် အိပ်မက်ထက် လက်တွေ့ကျသော နှစ်လအတွင်း ပြိုင်ပွဲများကိုသာ အကောင်းဆုံး ချဉ်းကပ်သင့်သည်ဟုဆိုသည်။

ချီလီနီက“ ကျွန်တော်တို့ အကြိုဗိုလ်လုပွဲမှာပွဲစစချင်းကတည်းက ပြိုင်ပွဲတစ်ရပ်လုံးကိုကောင်းကောင်းထိန်းချုပ်နိုင်ခဲ့ပြီး ဖီအိုရင်တီးနားရဲ့ အားနည်းချက်တွေအပေါ်မှာလည်း အကောင်းဆုံးအသုံးချနိုင်ခဲ့တယ်။ စီးရီးအေအောင်မြင်မှုက ကိုပါဖလားနဲ့ ဥရောပအောင်မြင်မှုဆီကို တွန်းပို့ပေးနိုင်ခဲ့တယ်။ ရိုးရိုးသားသားပြောရရင် ဖလားသုံးလုံးဆိုတာအလွန်ခက်ခဲပြီး ဒီလိုမှန်းဆချက်အလုပ်က ကျွန်တော်တို့အလုပ်မဟုတ်ဘဲ သတင်းစာတွေရဲ့အလုပ်လေ။ ပရိသတ်တွေကတော့ ဒါမျိုးသတင်းက သူတို့အတွက် တကယ့်ကိုမင်္ဂလာရှိတဲ့ သတင်းဖြစ်နေတော့ ပျော်နေမှာပါ။ ကျွန်တော်တို့ရဲ့ တာဝန်က ကွင်းထဲမှာအချိန်ပြည့်အာရုံစူးစိုက်ထားဖို့ပဲ ဖြစ်ပါတယ်” ဟုဆိုသည်။

ဂျူဗင်တပ်သည် လာမည့်မေပြီ ၁၁ ရက်တွင် စီးရီးအေပွဲစဉ်အဖြစ် ဇယားအောက်ခြေရှိ ပါးမားအသင်းနှင့် ကစားရမည်ဖြစ်ကာ ထို့နောက် မိုနာကိုနှင့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ကို ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ (မေလှသင်း)

# ကမ္ဘာ့ဖလား ရိုင်ဖယ်နှင့် ပစ္စတိုသေနတ်ပစ်ပြိုင်ပွဲသို့ မြန်မာသေနတ်ပစ်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန် မေပြီ ၈**

ကိုရီးယားသမ္မတနိုင်ငံ၌ ဧပြီ ၈ ရက်မှ ၁၆ ရက်အထိ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်အဖွဲ့ချုပ်ကမ္ဘာ့ဖလား ရိုင်ဖယ်နှင့် ပစ္စတိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင်သေနတ်ပစ်အားကစားသမားများသည် ယမန်နေ့ည ၇ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကိုရီးယားနိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါပြိုင်ပွဲ၌ အုပ်ချုပ်သူ/နည်းပြအဖြစ် ဦးအောင်သူရ(ပတ်ဝန်းကျင်နှင့်သစ်တော)၊ Mr.Florin Cristofor(ရိုမေးနီးယားရိုင်ဖယ်နည်းပြ)၊ Mr.Calota Gritian (ရိုမေးနီးယားပစ္စတိုနည်းပြ)၊ အားကစားသမားများအဖြစ် ရဲထွန်းနောင် 10 m လေပစ္စတိုနှင့် 50 m စိတ်ကြိုက်ပစ္စတို၊ မျိုးသန့်ကျော် 10 m လေပစ္စတို၊ ကျော်စွာဝင်း 50 m စိတ်ကြိုက်ပစ္စတို၊ ခင်မျိုးဇင် 50 m ဝမ်းလျားမှောက်ပစ်ခတ်စဉ်၊ ကောင်းထိုက်နှင့်ဝေယံမင်းသူတို့က 50 m ဝမ်းလျားမှောက်ပစ်ခတ်စဉ်၊ နေထက်အောင် 50 m စိတ်ကြိုက်ပစ္စတို၊ မေပိုးဝါ၊ ခင်ပပစိုးနှင့် ခင်ကြူကြူခိုင်တို့က 10 m လေပစ္စတိုနှင့် 25 m အားကစားပစ္စတိုပြိုင်ပွဲများ၌ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

# ပင်လည်ဘူးနှင့် ဝန်းသိုမြို့နယ်များတွင် တရားမဝင် တမလန်းသစ်နှင့် ကျွန်းသစ်များသိမ်းဆည်းရမိ

**ကသာ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ်နှင့် ဝန်းသိုမြို့နယ်များတွင် တရားမဝင် တမလန်းသစ်နှင့် ကျွန်းသစ်များဖမ်းမိခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ထွန်းကြည်နှင့် အဖွဲ့သည် မေ ၆ ရက်က ပင်လည်ဘူးမြို့နယ် မံစီလေးအပတောအတွင်း တရားမဝင် တမလန်းသစ်များ ထုတ်လုပ်နေမှုသတင်းအရ သွားရောက်ဖမ်းဆီးရာ တရားမဝင်တမလန်းသစ် ၃၅ တုံး (၈ ဒသမ ၄၈၄ တန်)၊ တရားမဝင် တမလန်းခားရွေတုံး ၃၅ တုံး (၃ ဒသမ ၆၇၃၆ တန်) စုစုပေါင်း ၁၂ ဒသမ ၁၅၇၆ တန်နှင့် အင်ဂျင်တစ်လုံး၊ လွှဝိုင်းတစ်ခု၊ အလျား ၁၁ ပေ ၁၁ လက်မ ဖြက် ၂လက်မ ရှိ ပတ်လွှ ၁၂ ခုတို့အား ပိုင်ရှင်မဲ့ ရှာဖွေစစ်ဆေးတွေ့ရှိရ၍ သိမ်းဆည်းထားပြီး သစ်တောဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီခွဲတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ထွန်းကြည်နှင့်အဖွဲ့သည် ဝန်းသိုမြို့နယ် စွန်ဖားရွာအနောက်တောင်ဘက် တောထဲတွင် တရားမဝင်သစ်များ ပြုလုပ်ဆောင်ရွက်နေကြောင်း သတင်းအရ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေဖမ်းဆီးရာ တမလန်းသစ်သုံးလုံး (သုည ဒသမ ၃၅ တန်)၊ တမလန်းတိုင်လေးလုံး (သုည ဒသမ ၄၉၆ တန်)၊ တမလန်းခားရွေ ၁၉ တုံး (သုည ဒသမ ၇၇၃၈ တန်)၊ စွန်ဖားရွာအနောက်ဘက်တောထဲအတွင်း၌ တမလန်းတိုင်နှစ်လုံး (သုည ဒသမ ၁၉၂ တန်)၊ တမလန်းခားရွေ ကိုးတုံး (သုည ဒသမ ၉၄၇၄ တန်) စွန်ဖားရွာအနီးမှ ကျွန်းသစ်ကိုးလုံး (၁ ဒသမ ၈၃၂ တန်)၊ ကျွန်းတိုင် နှစ်လုံး (သုည ဒသမ ၂၄၄ တန်)၊ ကျွန်းခွဲသား ၁၁၉ ချောင်း (၂ ဒသမ ၃၁၉၂ တန်)နှင့် အင်ဂျင်တစ်ခု၊ လွှဝိုင်းတစ်ခုနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိပြီး စွန်ဖားရွာ အနောက်တောင်တောအတွင်းမှ တမလန်း သစ် ၁၁ လုံး (သုည ဒသမ ၉၂၄ တန်)၊ တမလန်းတိုင်တစ်လုံး (သုည ဒသမ ၀၄ တန်)၊ တမလန်းခားရွေ ၃၇ တုံး (၁ ဒသမ ၄၅၄၂ တန်) စုစုပေါင်း ကျွန်း ၄ ဒသမ ၃၉၅၂ တန်နှင့် သစ်မာ ၅ ဒသမ ၁၇၇၄ တန် စုစုပေါင်း ၉ ဒသမ ၅၇၂၆ တန်နှင့် အင်ဂျင်တစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများကို တောင်ပို့နီပျိုးဥယျာဉ် အနောက်သစ်တောဝင်းအတွင်းတွင် ယာယီအပ်နှံထားပြီး တရားမဝင်သစ်ပိုင်ရှင်နှင့် စက်ပိုင်ရှင်များကို အမြန်ဖမ်းဆီးရမိရေးအတွက် သက်ဆိုင်ရာ နယ်မြေရဲကင်းများနှင့် နယ်မြေခံပြည်သူများ၏ အကူအညီကိုရယူကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

# စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများသိမ်းဆည်းရမိ

**နေပြည်တော် မေ ၈**

မူးယစ်တပ်ဖွဲ့စု(၂၉) မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များသည် မေ ၆ ရက်က မိုင်းဆတ်မြို့နယ် မိုင်းတွမ်းကျေးရွာအုပ်စု မဟုန်ကန်ကျေးရွာနေ ဖုန်းမဝမ်း၏နေအိမ်ကို ရှာဖွေရာ ၎င်း၏ ခါးတွင်ပတ်ထားသည့် ခါးပတ်အိတ်အတွင်းမှ ပလတ်စတစ်ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၄၁၆ ပြား သိမ်းဆည်းရမိခဲ့သဖြင့် ဖုန်းမဝမ်း (၆၂)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



**အားချိန်နှင့်မအေရုပ်တို့နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။**

**တာချီလိတ်မြို့နယ်**

မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၅ ရက်က တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ဖြူစင်မိုးအငှားတိုက်ခန်းနေ အားချိန်၏အခန်းကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် မအေရုပ်တို့နှစ်ဦးအား တွေ့ရှိရပြီး အိမ်နောက်ဖေး မီးဖိုချောင်ဘေစင်ပေါ်ရှိ ကြွပ်ကြွပ်အိတ်အတွင်းမှ ပလတ်စတစ် ကပ်ခွာအိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၄၅ ပြား၊ ဖန်ပုလင်းဖြင့်ထည့်လျက် ဘိန်းဖြူ သုည ဒသမ ၀၂၆၅ ကီလို၊ ကော်ဘူးဖြင့်ထည့်လျက် ဘိန်းဖြူ သုည ဒသမ ၀၁၄၄ ကီလို စုစုပေါင်း ဘိန်းဖြူ သုည ဒသမ ၀၄၀၉ ကီလို၊ ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် အိုက်စ် သုည ဒသမ ၀၀၆ ကီလိုနှင့် ထိုင်းငွေ ၆၄၀၀ ဘတ်တို့ကို သိမ်းဆည်းရမိသဖြင့် အားချိန်(၃၅)နှစ်နှင့် မအေရုပ်(၂၅)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်းသိရသည်။

**ပင်လောင်းမြို့နယ်**

မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၆ ရက်က ပင်လောင်းမြို့အဝင် လွယ်ပြားလမ်း/တံတားကောက်ခံရေးဂိတ်တွင် ပင်လောင်းမြို့မှ ပင်မွန်းရွာဘက်သို့ အောင်နိုင်မောင်းနှင်ပြီး နေအောင်လိုက်ပါလာသော ယာဉ် YGN-7F/---- SURF အနက်ရောင်ယာဉ်ကို ရှာဖွေရာ အောင်နိုင်ဝတ်ဆင်ထားသော အင်္ကျီယာဘက်အိတ်အတွင်းမှ ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀ သိမ်းဆည်းရမိသဖြင့် အောင်နိုင်(၄၁)နှစ်နှင့် နေအောင်(၂၄)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# မူဆယ်၌ လောင်းကစားဝိုင်း ဖမ်းမိ

**မူဆယ် မေ ၈**

မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက်တွင် မေ ၆ ရက် ည ၉ နာရီက လောင်းကစားပြုလုပ်နေကြောင်း သတင်းရရှိသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်း၏ လမ်းညွှန်မှုဖြင့် ဒုမြို့နယ်မှူး ဒုရဲမှူးဇော်လင်း ဦးစီးသည့် စခန်းမှူး ဒုရဲမှူးမြစိန်နှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့သည်။

ငါးပစ်ဒိုင်အဖြစ် ဆောင်ရွက်နေသည့် အိမ်ရှင် စိုင်းခမ်းဆိုင်းနှင့်အတူ ကောင်းမူးတုံရပ်ကွက်တွင် နေထိုင်ကြသော သိန်းတန်၊ သန်းဝင်းနှင့် မအေးငဲတို့ကို ငါးပစ်တီဗီဂိမ်းစက် ငါးလုံး၊ ငွေသား ၇၉၅၀၀၀ ကျပ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး (ပ) ၁၁၇/၂၀၁၅၊ လောင်းကစားပုဒ်မ ၁၃(က)/၁၄(က)ဖြင့် အမှုဖွင့်အရေးယူထားသည်။ **(ဝဲပုံ)**



မူဆယ်မြို့နယ်အတွင်း လောင်းကစားရုံများမရှိတော့သည့်နောက်ပိုင်း ခိုးမှုပါလျော့နည်းခဲ့သဖြင့် နေ့နေ့ညည မိသားစုပျော်ရွှင်စွာ သွားလာနိုင်ပြီဖြစ်ကြောင်း ဟိုမွန်ရပ်ကွက်ရှိ အငြိမ်းစား ကျောင်းဆရာတစ်ဦးက ပြောကြားခဲ့သည်။

**ဆရာမောင်(မူဆယ်)**


## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၂၂၃)၊ ကရဝိက်လမ်း၊ ၁၄/၂ရပ်ကွက်နေ
ဦးကျော်သိန်း-ဒေါ်ထွေးဖြူတို့၏ သားလတ်

ဒုတိယဗိုလ်မှူးကြီး တင့်နိုင်ထွန်း
**B.Sc(Physics)Q**

နှင့်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ အမှတ်(၃၄၉)၊ သတ္တဌာနလမ်း၊ ပြည်တော်သာရပ်ကွက်နေ
(ဦးကျော်သန်းစိန်)-ဒေါ်ရီရီကျော်တို့၏ သမီးကြီး

မရွှေရီသန်း
**B.Sc(Maths),D.C.Sc, M.I.Sc(Thesis)**
(ကမ္ဘာ့ရတနာဘဏ်၊ စစ်တွေဘဏ်ခွဲ)

တို့၏ ၄-၄-၂၀၁၅ရက် (စနေနေ့)တွင် ဗဟန်းမြို့နယ်၊ မဟာစည်သာသနာ့ရိပ်သာ၊ ဟိတေသီဓမ္မာရုံ၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ စစ်ဘက်/နယ်ဘက်မှ ဌာနဆိုင်ရာအရာရှိကြီးများနှင့် ဇနီးများ၊ သူငယ်ချင်းများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအရာရှိကြီးများနှင့် ဇနီးများ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာဦးဆွမ်းကျွေးဧည့်ခံပွဲအား အစစအရာရာ အဆင်ပြေချောမွေ့အောင် တာဝန်ယူစီစဉ်ပေးပါသော မဟာစည်သာသနာ့ရိပ်သာ ဟိတေသီဓမ္မာရုံ အမှုဆောင်အဖွဲ့များ၊ နှစ်ဖက်သော မိတ်ဆွေသင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံး လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဒုတိယဗိုလ်မှူးကြီး တင့်နိုင်ထွန်း-မရွှေရီသန်း**



## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်နေ
ဦးမောင်မောင်သန့်(J.A.T၊ ပညာရေးဌာန)-ဒေါ်တင်တင်မြင့်(သူနာပြုဆရာမကြီး၊ ကျန်းမာရေးဌာန) တို့၏ သားငယ်

ဗိုလ်ကြီးဒေါက်တာဝေဖြိုးကို
**M.B.,B.S(D.S.M.A),M.Med.Sc(Anaesthesia)**
အမှတ်(၁) တပ်မတော်ဆေးရုံ၊ ခုတင်(၇၀၀)၊ ပြင်ဦးလွင်မြို့

နှင့်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ
ဦးတင်မြင့်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်ရွယ်ဂျာ(တနိုင်းခစတိုး)တို့၏ သမီးကြီး

မမေဇွန်တင်မြင့်
**B.B.M (National Management College), M.B.A (Yangon Institute of Economics)**
ဒုတိယဦးစီးမှူး၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

တို့၏ ၅-၄-၂၀၁၅ (တနင်္ဂနွေနေ့)တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(MICC 2)၊ နေပြည်တော်တွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ဇနီးဒေါ်ခင်သန်းဝင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်ဇနီး ဒေါက်တာနန္ဒာမွန်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်နှင့်ဇနီး၊ သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဇနီးများ၊ စစ်တက္ကသိုလ် အမှတ်စဉ်(၂၂) မှ သူငယ်ချင်းမိသားစုများနှင့် နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့သည့် ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများအားလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့ဝင်များအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်သက်လင်း၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော တေးသံရှင် ဒေါ်မြမြဝင်း၊ ကိုအောင်နိုင် နှင့် တေးဂီတအဖွဲ့သားများ၊ မင်္ဂလာပန်းများ ဖြန့်ကြဲပေးပါသော မဂျာနန်အောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော မစံပယ်မြတ်နိုးထွန်း၊ မင်္ဂလာလက်ထပ်လက်စွပ် ကိုင်ဆောင်ပေးပါသော မလှိုင်းလီလီလွင်၊ သတို့သားအရံအဖြစ် ဆောင်ရွက်ပေးပါသော ဗိုလ်ကြီးဒေါက်တာအာကာလွင်နှင့် ဗိုလ်ကြီးဒေါက်တာ ဇင်မင်းဦး၊ သတို့သမီးအရံအဖြစ် ဆောင်ရွက် ပေးပါသော မမြတ်စံပယ်တင်မြင့်နှင့် မနွယ်နီဆွေတို့အားလည်းကောင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသောအန်တီလုလု (Rich Gems၊ နေပြည်တော်)နှင့် ကိုအောင်(စကြာရွှေရည် စိန်ရွှေရတနာဆိုင်)၊ မင်္ဂလာဝတ်စုံဖန်တီးပေးပါသော ဒီဇိုင်နာ ပြည်စိုးအောင်၊ မိတ်ကပ် အလှပြင်ပေးပါသော မိတ်ကပ်ယျာယျာ(ခင်စန်းဝင်း)၊ မင်္ဂလာဓာတ်ပုံ၊ ဗီဒီယိုများ ရိုက်ကူးပေးပါသော Forever တို့အားလည်းကောင်း၊ ပန်းအလှဆင်ခြင်း၊ အခမ်းအနားပြင်ဆင်ခြင်းနှင့်ကျွေးမွေးဧည့်ခံပေးပါသော ဘောဂသိဒ္ဓိမှဝန်ထမ်းများ၊ အခမ်းအနားအတွက် ကူညီပေးပါသော MICC 2 မှ ဌာနမှူး ဦးထွန်းနိုင်နှင့် ဝန်ထမ်းများ၊ ကြိုဆိုနေရာချ ကူညီဆောင်ရွက်ပေးသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ ၅-၄-၂၀၁၅ ရက်ညနေတွင် Western Park Restaurant ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူး အထူးတင်ရှိပါသည်။

**နှစ်ဖက်သော မိဘများနှင့်**
**ဗိုလ်ကြီး ဒေါက်တာ ဝေဖြိုးကို-မမေဇွန်တင်မြင့်**



ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ခနောင်ထိန်တပင် ကျေးရွာအုပ်စု ခနောင်ကျေးရွာ ရွာဝင်တံတားကို ဇန်နဝါရီလ နောက်ဆုံးအပတ်မှ စတင်တည်ဆောက်ခဲ့ရာ ယခု ဧပြီလပထမအပတ်အတွင်း၌ ပြီးစီးသွားပြီဖြစ်၍ ခရီးသွားပြည်သူများ ဖြတ်သန်းအသုံးပြုနေပြီဖြစ်ကြောင်းသိရသည်။ အဆိုပါ တံတားသည် ပေ ၂၀ အရှည်၊ အကျယ် ၁၄ ပေ၊ အမြင့် ၉ ပေရှိပြီး သံကူကွန်ကရစ် အမျိုးအစားတံတားဖြစ်သည်။ ကြေးမုံ

# ကိုယ်ထူကိုယ်ထ ပြန်လည်ပြုပြင်လျက်ရှိသော ဇန်းမောက်မြို့နယ် အတွင်းမှ ပန်းတော–ညောင်ခြေထောက် ကားလမ်းမကြီး မကြာမီ ပြီးစီးတော့မည်

**ကသာ ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ပန်းတော-ညောင်ခြေထောက် ကားလမ်းမကြီးအား ကိုယ်ထူကိုယ်ထ ပြန်လည်ပြုပြင်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ယင်းပန်းတော - ညောင်ခြေ ထောက် ကားလမ်းမကြီး ပြန်လည်ပြုပြင်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ရန်ပုံငွေများမှ ငွေကျပ် ၅၀ သိန်းနှင့် ဒေသတွင်းရှိ စေတနာအလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၁၁၀ဖြင့် ပံ့ပိုးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

ထိုသို့ ပံ့ပိုးလှူဒါန်းငွေများဖြင့် ဘက်ဟိုးယာဉ်နှစ်စီး၊ ဒေသခံများ၏ လုပ်အားဒါနများဖြင့် ကားလမ်းမကြီးအား ပြန်လည်ပြုပြင်နေကြခြင်းဖြစ်ပြီး ယင်းသို့ ပြုပြင်လျက်ရှိသည့် ကားလမ်းမကြီးသည် အရှည် ၁၀ မိုင်၊ အကျယ် ၂၅ ပေရှိကြောင်းသိရသည်။

အဆိုပါ လမ်းပြုပြင်ခြင်းလုပ်ငန်းကို နေ့ည ၂၄ နာရီ အပြည့် ဘက်ဟိုးယာဉ်များဖြင့် ယခုနှစ် မတ်လအတွင်းမှ စတင်ဆောင်ရွက်ခဲ့ရာဧပြီလအတွင်း အောင်မြင်စွာပြီးဆုံးတော့မည်ဖြစ်သည်။

ကားလမ်းမကြီးပြုပြင်ပြီးစီးသွားပါက ရာသီမရွေး သွားလာနိုင်ရန်အတွက် သဲကျောက်ခင်းလမ်းအဖြစ် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပန်တောကျေးရွာမှ လမ်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် တာဝန်ခံဦးကြည်ဝင်းနှင့် ဦးစိုးဝင်းတို့ကပြောသည်။

"ကျွန်တော်တို့ ဒီလမ်းမကြီးကို ဘက်ဟိုးယာဉ် နှစ်စီးနဲ့ နေ့ည အချိန်ပြည့် ပြန်လည်ပြုပြင်နေတာ ၁၅ ရက်ရှိခဲ့ပါပြီ။ ဒီလမ်းဟာ အရင်ကဆိုင်ကယ်စီးရတာတောင် အဆင်မပြေသလို ကားမောင်းရတာလည်း အဆင်မပြေပါဘူး။ အခုလို ပွင့်လင်းရာသီအချိန်မှာတောင် သွားလာရေးခက်ခဲပါတယ်။ မိုးရာသီဆိုရင် လုံးဝဆက်သွယ်သွားလာလို့ မရတော့ဘူး။

"ဒါကြောင့်မို့ ဒီလမ်းကိုအချိန်မီပြီးစီးဖို့ရာ နေ့ရောညပါဆောင်ရွက်နေတာပါ။ လမ်းပြုပြင်နိုင်ဖို့အတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်က သိန်းငါးဆယ်နဲ့ စေတနာရှင် အလှူရှင်တွေက ထည့်ဝင်လှူဒါန်းငွေသိန်း ၁၁၀ဆိုတော့ ဒီလမ်းကြီးပြုပြင်ရာမှာ ပိုပြီး အဆင်ပြေသွားတာပါ။ နောက်ထပ် ငါးရက်တစ်ပတ်လောက်ဆို မြေသားလမ်းပြုပြင်ခြင်းလုပ်ငန်းတွေ ပြီးစီးတော့မှာပါ။

" ဒီလမ်းမကြီးကို ရာသီမရွေးသွားလာလို့ရအောင်သဲကျောက်ခင်းခြင်းလုပ်ငန်းကိုလည်း ဆက်လက်ဆောင်ရွက်သွားမှာဆိုတော့ ရာသီမရွေးသွားလာလို့ရတဲ့ လမ်းမကြီးဖြစ်လာမှာပါ"ဟု လမ်းဖြစ်မြောက်ရေးအကျိုးတော်ဆောင်ကော်မတီဝင် ပန်းတောကျေးရွာမှ ဦးကျော်လွင်က ပြောပြသည်။ ဝဉရ

# ဘားအံ၌ စီမံကိန်းအကောင်အထည်ဖော်ရေးကော်မတီများညှိနှိုင်းစည်းဝေး

**ဘားအံ ဧပြီ ၈**

ကရင်ပြည်နယ်အတွင်း မြို့ပြနှင့် ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်း၊ ရည်မှန်းချက်များ ပြည့်မီကျော်လွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်၊ခရိုင်၊မြို့နယ်စီမံကိန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၆ရက် ညနေ ၃နာရီတွင် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲမှုလျော့ကျစေရေးအတွက် ဒေသအလိုက် ညွှန်ကိန်းများ၊ စာရင်းအင်း အချက်အလက်များ ကောက်ယူစုစည်းပြီး နှစ်တို၊ နှစ်ရှည် စီမံကိန်းရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်ရန် လိုအပ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူများ၏ ဆန္ဒနှင့်အညီ ပူးပေါင်းပါဝင်သော စီမံကိန်းများကိုရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။

ပြည်နယ်အတွင်း၌လည်း ရေးဆွဲထားပြီးသော စီမံကိန်းလုပ်ငန်းရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မှု ရည်မှန်းချက်ပြည့်မီရေး စီစဉ်ဆောင်ရွက်မှုအခြေအနေများကိုလည်း ဆက်လက် ဆွေးနွေးတင်ပြကြရန်ဖြစ်ကြောင်း ကရင်ပြည်နယ် ဝန်ကြီးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက်၊ ဒေသအလိုက် ရှင်းလင်းတင်ပြခဲ့ကြသည်။

ထို့နောက်တက်ရောက်လာသူများက အားနည်းချက်၊ အားသာချက်များနှင့် ၂၀၁၄-၂၀၁၅ နှစ်ကုန် ရည်မှန်းချက် ပြည့်မီရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုအခြေအနေများအား ပြန်လည်သုံးသပ်ဆွေးနွေးကြကြောင်းသိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## ဓမ္မစကူးလ်ဖောင်ဒေးရှင်း (၃)နှစ်ပြည့် နှစ်ပတ်လည်ဓမ္မစကူးလ်အထူးတရားပွဲဖိတ်ကြားခြင်း

ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ (၃)နှစ်ပြည့် ဓမ္မစကူးလ်အထူးတရားပွဲကို ၂၀၁၅ခုနှစ်၊ မေလ ၁၊ ၂၊ ၃ရက်များတွင် ဒဂုံမြို့နယ်၊ ပြည်သူ့ရင်ပြင်၌ ညစဉ် ၇း၃၀ နာရီတွင် ကျင်းပပါမည်။ မေလ ၁ ရက်တွင် သီတဂူဆရာတော်ကြီး၊ မေလ ၂ ရက်တွင် မနာပဒါယီ အရှင်ဝိစိတ္တ (ကိုရီးယား ဆရာတော်)၊ မေလ ၃ ရက်တွင် အရှင်သုဇာတ(မေတ္တာအေးဆရာတော်)တို့မှ ဟောကြားပါမည်။ ရဟန်းရှင်လူမည်သူမဆို တရားနာကြွရောက်တော်မူကြပါရန် မေတ္တာရှေ့ထား၍ ဖိတ်ကြားအပ်ပါ သည်။

ယင်းတရားပွဲတွင် တရားပွဲမတည်အလှူ၊ မော်တော်ယာဉ်အလှူ၊ အာဟာရအလှူ၊ စတိတ်စင်ပန်းအလှူ၊ စတိတ်စင်အလှူ၊ သောက်ရေအလှူ၊ ဖျာအလှူ၊ ပလ္လင်အလှူ၊ မီးစက်ဆီအလှူ၊ အသံအလှူ၊ LED အလှူ၊ ရိုက်ကူးရေးအလှူ၊ ဗီနိုင်းအလှူများ လှူဒါန်းနိုင်ကြ ပါသည်။ လှူဒါန်းလိုသော အလှူရှင်များ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။ ၀၉-၂၅၀၃၈၁၆၉၂၊ ၀၉-၄၂၈၂၀၁၆၇၆၊ ၀၉-၂၅၀၃၈၁၆၉၂၊ ၀၉-၄၄၈၀၂၇၆၁၉။ ဝေယျာဝစ္စလုပ်လိုသူများလည်း စာရင်းပေးသွင်းနိုင်ပါသည်။ ၀၉-၂၅၀၅၁၅၆၂၅၊ ၀၉-၇၉၅၅၁၆၄၅၅

## စစ်တက္ကသိုလ် အပတ်စဉ်(၁၃) နှစ်ပတ်လည် မိသားစုတွေ့ဆုံပွဲအခမ်းအနား ဖိတ်ကြားခြင်း

စစ်တက္ကသိုလ်အပတ်စဉ်(၁၃)၏ နှစ်ပတ်လည်မိသားစုတွေ့ဆုံပွဲ အခမ်းအနားကို ၂၅-၄-၂၀၁၅ရက် (စနေနေ့) ၉း၀၀ နာရီ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ခမ်းမာရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများနှင့် မိသားစုများ၊ ကျန်ရစ်သူဇနီးနှင့် မိသားစုများ စုံညီစွာ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အထိမ်းအမှတ်ဂေါက်သီးရိုက်ပွဲအား ၂၅-၄-၂၀၁၅ ရက် (စနေနေ့)မှာပင် မွန်းလွဲ ၁၃း၀၀နာရီတွင် (YCDC) (ငွေသော်တာဂေါက်ကွင်း)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

DSA-13မှ သူငယ်ချင်းများ

မိုးမြင့်ကြယ် ကားမျိုးစုံစင်းလုံးငှား ဆောင်ရွက်ပေးသည်။
သင်္ကြန်အတွက် ချောင်းသာ/ငွေဆောင် Hotel, Guest အခန်းစီစဉ်ပေးသည်။
ချောင်းသာ (ငြိမ်း) 45000 | ကျိုက်ထီးရိုး (ငြိမ်း) 35000
အမှတ်(၂၆၃)၊ ကျိုက္ကဆံလမ်း၊ တာမွေ၊ 01-549380, 09-5093704, 09-450012971

ဆုပြည့် 09-31815390, 09-792432296 09-31815395, 09-792298138
သင်္ကြန်ပိတ်ရက်အထူးအစီအစဉ်(၅)ရက်ခရီး Apr 12(တိုတယ်၊စားတဆင့်သွားပါ)
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ကလော (ငြိမ်း) ၁၅၀,၀၀၀/
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ (ငြိမ်း) ၁၆၀,၀၀၀/
ချောင်းသာ(၂ည၊ ၃ရက်)–၁၂၀,၀၀၀/- (Guest House) Apr 13
ငွေဆောင်(၂ည၊ ၃ရက်)–၁၅၀,၀၀၀/- (Hotel) Apr 14
ကြိုတင်လက်မှတ်
မိသားစု၊ အသင်းအဖွဲ့၊ တုမ္ပဏီများအတွက်ဈေးနှုန်းသက်သာစွာဖြင့် ကားမျိုးစုံ စီးလုံးငှားသည်။

သိုးရာသီ ဓမ္မဒါန
ရွှေစက်တော်+ပုဂံဘုရားစုံ ခရီးတိငြိမ်း-၆၅၀၀၀
တောင်ကြီး-အင်းလေး-ပင်းတယ-၆၅၀၀၀
မန္တလေး-မေမြို့-အလောင်းတော်ကဿပ-၆၅၀၀၀
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ-ထမင်းကျွေး-၄၀၀၀၀
Apr 12,17 သင်္ကြန်သီးစဉ်အတွက် ကြိုတင်လက်မှတ်ရပြီ။
420144148, 421153797

ရွှေပင်ရာ
April ၁၂ ရက်ထွက်မည်။







## ပို့ဆောင်ရေးဝန်ကြီးဌာန
## ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)များခေါ်ယူခြင်း

၁။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|---|
| 1. | 1 Q/DWIR(2015-2016) | Discharge Hose ( ø500 mm× L-2m) | 1 Lot |
| 2. | 2 Q/DWIR (2015-2016) | Mild Steel Plate (8'×4'×6mm) | 1 Lot |
| 3. | 3 Q/DWIR (2015-2016) | Total Station | 3 Sets |
| 4. | 4 Q/DWIR (2015-2016) | Welding Electrode | 1 Lot |
| 5. | 5 Q/DWIR (2015-2016) | Level | 5 Sets |
| 6. | 6 Q/DWIR (2015-2016) | Paint(C-20/UPG Brand) | 1 Lot |
| 7. | 7 Q/ DWIR (2015-2016) | Hand Held(G.P.S) | 5 Sets |
| 8. | 8 Q/DWIR (2015-2016) | Battery(All Sizes) | 1 Lot |
| 9. | 9 Q/DWIR (2015-2016) | Tyre (All Sizes) | 1 Lot |
| 10. | 10 Q/DWIR (2015-2016) | Stationary Accessories | 1 Lot |
| 11. | 11 Q/DWIR (2015-2016) | Computer & Copier Accessories | 1 Lot |

၂။ တင်ဒါပိတ်ရက်နှင့်အချိန် (၂၇-၄-၂၀၁၅) ရက်(တနင်္လာနေ့)မွန်းတည့်(၁၂:၀၀)နာရီ။

၃။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၉-၄-၂၀၁၅)ရက်မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယညွှန်ကြားရေးမှူး(ပစ္စည်းထိန်းဌာနခွဲ)
ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
အောက်ပုဇွန်တောင်လမ်း၊ (သီတာဆိပ်အနီး)၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၀၁- ၂၉၁၅၃၃

**မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်**

# မအူပင်တက္ကသိုလ် ခြေလျင်တောင်တက်အဖွဲ့ ဒေသန္တရလေ့လာရေးခရီး ထွက်ခွာ



**ရန်ကုန် ဧပြီ ၈**

ပထမအကြိမ် မအူပင်တက္ကသိုလ် ခြေလျင်နှင့်တောင်တက်အသင်းမှ ဥက္ကဋ္ဌဖြစ်သော ဒေါ်ခင်အေးမူ ကထိက (ပထဝီဝင်ဌာန) ဦးဆောင်မှုဖြင့် အုပ်ချုပ်သူဆရာ၊ ဆရာမ ၁၁ ဦး၊ ဆရာဝန် တစ် ဦး ၊ ကျောင်းသား ကျောင်းသူ ၉၂ ဦး ပါဝင်သည့် တောင်တက်အဖွဲ့ဝင်များသည် မတ် ၂၇ မှ ဧပြီ ၁ ရက်ထိ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၈၈၁ ပေရှိ ပုပ္ပားတောင်မကြီး၊ ပုဂံနှင့်ပြည်ဒေသတစ်ဝိုက်သို့ ဒေသန္တရလေ့လာရေးခရီးထွက်ခွာခဲ့ကြကြောင်း သိရသည်။

အဆိုပါတောင်တက်အဖွဲ့ဝင်များသည် မတ် ၂၇ ရက် ညတွင် မအူပင်မြို့ မှ ထွက်ခွာခဲ့ကြပြီး မတ် ၂၈ ရက်တွင် ပုဂံဒေသဝန်းကျင်ဖြစ်သော ဘူးဘုရား၊ တန့်ကြည်တောင်၊ ပုဂံပြတိုက် များသို့ သွားရောက် လေ့လာကြခဲ့ကြပြီး မတ် ၂၉ နံနက် ၆ နာရီ ကျော်မှစတင်ကာ ပုပ္ပားတောင်မကြီးသို့ ခြေလျင်ခရီးကြမ်း လေးနာရီကြာ တက်ရောက်ခဲ့ကြသည်။

မတ် ၂၉ရက် မနက် ၁၁နာရီ ခန့်တွင် ပုပ္ပားတောင်ထိပ်သို့ တက်ရောက်ခဲ့ကာ တောင်တက်အဖွဲ့ဝင်များသည် ပုပ္ပားတောင်ကလပ်အနီးရှိ သစ်တောပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြသည်။

မတ် ၃၀ရက်တွင် ပုဂံဒေသတစ်ဝိုက်နှင့် ဧပြီ ၁ ရက် တွင် ပြည်ဒေသတစ်ဝိုက်တို့ကို ဒေသန္တရ လှည့်လည် လေ့လာခဲ့ကြပြီး ယင်းနေ့ညတွင်ပင် မအူပင်မြို့သို့ ပြန်လည်ရောက်ရှိကြောင်းသိရသည်။ **ခင်ဇာလီ**

# ဘောလခဲမြို့နယ် မြန်မာသင်္ကြန်ကာလအတွင်း အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြော

**ဘော်လခဲ ဧပြီ ၈**

ကယားပြည်နယ် ဘောလခဲခရိုင် ဘောလခဲမြို့နယ်တွင် မြန်မာသင်္ကြန်ကာလအတွင်းအန္တရာယ်ကင်းရှင်းရေး ဟောပြောပွဲအခမ်းအနားကို ဧပြီ ၅ရက် နံနက် ၉ နာရီ ခရိုင်ရဲတပ်ဖွဲ့ မှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ပညာပေးဟောပြောပွဲအခမ်းအနားကို ဘော်လခဲခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး အောင်ကိုဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးပညာပေးဟောပြောခြင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး မြတ်ကျော်ကလည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောခြင်းကို ခရိုင်ရဲတပ်ဖွဲ့ မှူးရုံး ဒုရဲမှူး(ဦးစီး) ဒုမှူးကော်ဇေမောင်ကလည်းကောင်း အသီးသီးပညာပေးဟောပြောခဲ့သည်။

ထိုမှတစ်ဆင့် သင်္ကြန်ကာလအတွင်း အန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ ဘော်လခဲခရိုင် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က အနှစ်ချုပ်သုံးသပ်လမ်းညွှန်မှုများ ပြောကြားပေးပြီး အခမ်းအနားသို့ ခရိုင်၊ မြို့နယ်အဆင့် အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများမီးသတ်တပ်ဖွဲ့ ဝင်များရဲတပ်ဖွဲ့ ဝင်များ စုစုပေါင်းအင်အား ၆၀ ဦးခန့် တက်ရောက်ခဲ့သည်။ **လှရွှေ**(IPRD)

# နောင်ချိုမြို့နယ် ကြံတစ်ဧက တန် ၈၀ အထက် ထွက်ရှိရေး စိုက်ပျိုးနည်းစနစ်များလက်တွေ့ဆွေးနွေးသရုပ်ပြ

**နောင်ချို ဧပြီ ၈**

ကြံစိုက်ပျိုးကြသည့် တောင်သူများအား ကြံစိုက်ပျိုးခြင်းဖြင့် ဝင်ငွေတစ်ဖက်တစ်လမ်းမှ တိုးတက်လာစေရန်အတွက် နောင်ချိုမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြံတစ်ဧက တန် ၈၀ အထက်ထွက်ရှိရေးကို သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ ဆွေးနွေးပွဲအား ဧပြီ ၁ ရက် နံနက် ၁၀ နာရီက နောင်ချိုမြို့နယ် ကုန်းကြီးရွာမအုပ်စု အင်းဝိုင်းကျေးရွာ၌ ကျင်းပခဲ့သည်။

ယင်းဆွေးနွေးပွဲသို့ ကြံတစ်ဆစ်ချင်းသိပ္ပံနည်းကျ ပျိုးထောင်စိုက်ပျိုးခြင်းကို ရှမ်းပြည်နယ်မြောက်ပိုင်း တာဝန်ခံဦးလှိုင်မင်းထွန်း မြို့နယ်ဦးစီးမှူး ဦးထွန်းလှတို့ က လက်တွေ့သရုပ်ပြသဆွေးနွေးပြောကြားကြသည်။

အဆိုပါ ကြံစိုက်ပျိုးနည်းလက်တွေ့သရုပ်ပြဆွေးနွေးပွဲသို့ ကြံစိုက်တောင်သူ ၂၅၀ ခန့် စိတ်ပါဝင်စားစွာ တက်ရောက်လေ့လာကြပြီး ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် အင်းဝိုင်းကျေးရွာတွင် ငွေရည်ပုလဲ သကြားစက်ရုံအမှတ်(၂) ဖွင့်လှစ်လည်ပတ်နေသဖြင့် ကြံစိုက်ပျိုးကြသော တောင်သူများအတွက် များစွာအထောက်အကူပြုစေတော့မည်ဖြစ်ကြောင်းသိရသည်။ **စိုင်းဝင်း(နောင်ချို)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**ပဲခူးမြို့ ဧပြီ ၈**

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မိုးပွင့် (အထူး) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ပဲခူးမြို့ တတွင်းခြံကျေးရွာ အုပ်စု၊ ဗတာင်သူစုကျေးရွာတွင် နေထိုင်ကြသည့် ကျေးရွာသူ ကျေးရွာသားများအား ဧပြီ ၂ ရက်က ပဲခူးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးဦးထိန်ဝင်း၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ပဲခူးမြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက တတွင်းခြံကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ **(ဝ၇၅)**

## တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို အတည်ပြုလက်မှတ်ရေးထိုးခြင်းအပေါ် လှိုက်လှဲစွာ ကြိုဆိုထောက်ခံခြင်း

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဆိုင်ရာ ညှိနှိုင်းဖော်ဆောင်ရေးအဖွဲ့တို့၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို မတ်လ ၃၀ရက်တွင် နိုင်ငံတော်သမ္မတ၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှု၊ ငြိမ်းချမ်းရေးရယူလိုစိတ်ရှိမှု၊ ယုံကြည်စိတ်ချမှုနှင့် ဖွဲ့၊ လှုံ့လရှိမှုတို့ကြောင့်ဖြစ်ပြီး အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ နှစ်(၆၀)ကျော်ပဋိပက္ခများကို ချုပ်ငြိမ်းစေ၍ ပြည်သူများ ငြိမ်းချမ်း ရေးအသီးအပွင့်များကို ခံစားနိုင်တော့မည်ဖြစ်သောကြောင့် မြန်မာ့သမိုင်းတွင် ငြိမ်းချမ်းရေးတံခါးသစ် ဖွင့်လှစ်နိုင်သော မော်ကွန်းတင်နေ့ထူးနေ့မြတ်ဖြစ်ပါကြောင်း၊ ပြည်တွင်းစစ်ဖြစ်ပွားမှုကို အဆုံးသတ်နိုင်၍ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုဆောင်ရွက် ချက်များသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သော အောင်မြင်မှုဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးသည် ပြည်သူများ၏လိုလားချက်၊ ဆန္ဒနှင့်မျှော်လင့်ချက်များဖြစ်သဖြင့် ငြိမ်းချမ်းရေးရရှိရန် ပါဝင်ဆောင်ကြဉ်းပေးကြသူများအားလုံးကို လည်း ကြိုဆိုထောက်ခံပါကြောင်းနှင့် ဆက်လက်၍လည်း နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်များချမှတ်ခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲများဖြင့် ကျင်းပခြင်းစသည်ဖြင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲ ရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးမှုဖြင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ မျှော်လင့်ချက်ဖြစ်သောထာဝရ ငြိမ်းချမ်းရေးကို အမြန်ဆုံးဆောင်ကြဉ်းပေးနိုင်တော့မည် ဖြစ်ပါ၍ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တနင်္သာရီတိုင်းဒေသ ကြီး ပြည်သူလူထုမှ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းအား အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့မှုအပေါ် လှိုက်လှဲစွာ ကြိုဆိုထောက်ခံအပ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တနင်္သာရီတိုင်းဒေသကြီးမှ ပြည်သူပြည်သားများ




New ရွှေလမင်း Apr 12,13 ထွက်မည်
09-250515335, 09-258888973, 09-250755503, 09-258889910

GOLDEN STAR Travels & Tours
☆ ရွှေစက်တော်-ပုဂံ-ပုပ္ပါး-ပဒုမ္မာ Apr-12
☆ ပုဂံ(ခွယ်တော်လေးဆူ)-ပုပ္ပါး Apr-12,13,17,30
☆ မုံရွာ-အလောင်းတော်ကဿပ Apr-11
☆ တောင်ကြီး-အင်းလေး-ပင်းတယ Apr-12,13,17,30
☆ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း Apr-12,17,30
☆ ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး Apr-11,12
☆ ထားဝယ်(ရှင်ကိုးရှင်)-မော်လမြိုင်-စက်ခဲ Apr-11
ကျိုက်ထီးရိုး-ရွှေညောင်-ငွေဆောင် (နေ့စဉ်)
Ph: 209200, 703448, 430480, 544383, 705968, 09-5081580

သန့်ရှင်းရှုခင်းရင်းများ၌ သင်္ကြန်ခရီးစဉ်များ
APR - 3/10/12/နှစ်ဆန်းတစ်ရက် -17/24 ကျိုက်ထီးရိုး ရွှေညောင် (သင်္ကြန်တွင်း နေ့စဉ်ထွက်မည်)
ကြိုတင်လက်မှတ်ရောင်းပြီ။
Ph : 380141, 241863, 09 43043109, 09 73251422

# ဖွံ့ဖြိုးစေဖို့ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း(Global Supply Chain)သို့ပိုမိုဝင်ရောက်ရေး

a'|ufwmarmifatmif

**ယနေ့ပွင့်လင်းလာသည့် မြန်မာနိုင်ငံအတွက် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သည့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းစနစ်နှင့် ပိုမိုပေါင်းစည်းနိုင်ရေးအတွက် အသိပညာဗဟုသုတများ ပြည်သူများအကြား ပြန့်ပွားစေရန်ရည်ရွယ်ပြီး ဒေါက်တာမောင်အောင်ရေးသားသော ဆောင်းပါးများကို ဖော်ပြလိုက်ပါသည်။ ပြည်သူလူထုအတွက် တန်ဖိုးရှိသည့်အချိန်များ မကုန်ဆုံးရေး၊ ထုတ်လုပ်မှု စွမ်းအားရှိလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရေးနှင့် Logistic များ လျှော့ချနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဆောင်းပါးများကို အပတ်စဉ် ကြာသပတေးနေ့တိုင်း ဖော်ပြလျက်ရှိပါသည်။ (စာတည်း)**

**ယခင်အပတ်မှအဆက်**

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စက်မှုလုပ်ငန်းများ ဖြစ်ပေါ်ထွန်းကားလာရခြင်း၏ အခြေခံအကြောင်းရင်းဖြစ်သည့် နှိုင်းယှဉ် စရိတ်သက်သာမှု (၃)မျိုးတွင် ဆက်သွယ်မှုကွန်ရက်ဝန်ဆောင်မှုစရိတ်၊ ဝန်ဆောင်မှုလုပ်ငန်းစရိတ်၊ ထုတ်လုပ်မှုစရိတ် အသီးသီးရှိသည့်အနက် အသေးစိတ်အနေဖြင့် နိုင်ငံတကာလုပ်ငန်းကြီးများ ပြောင်းရွှေ့ထုတ်လုပ်လာစေရန်အတွက် ဆက်သွယ်မှုကွန်ရက်ဝန်ဆောင်မှုသက်သာရေးအတွက် ထိရောက်ပြီး ဆွဲဆောင်မှုရှိသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေမှအစ လုပ်ထုံးလုပ်နည်းများ လွယ်ကူလျင်မြန်ချောမွေ့ရေးအပြင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ နည်းလမ်းများနှင့် အခြေခံအဆောက်အအုံများပြည့်စုံရန် လိုအပ်ပါသည်။ ထို့အတူ ဝန်ဆောင်မှုစရိတ်များ လျှော့ချနိုင်ရေးအတွက် ကုန်သွယ်မှုဆိုင်ရာ လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ အကောက်ခွန်အတားအဆီးများဖယ်ရှားရေးစသည်တို့ လိုအပ်ပါသည်။

ထို့အတူ ရုပ်ဝတ္ထုဆိုင်ရာဆက်သွယ်မှုများ (Physical Connectivity) ကောင်းမွန်ရေးတို့ဖြစ်သည်။ သယ်ယူပို့ဆောင်ရေးနှင့်ဆိုင်သည့် လမ်းများ၊ တံတားများ၊ ဆိပ်ကမ်းများအနေဖြင့် I.C.T ဆိုင်ရာ အဆောက်အအုံဖွံ့ဖြိုးမှု(I.C.T infrastructure development)တို့ ပြည့်စုံရန်လိုပေသည်။ ထို့ပြင် ထုတ်လုပ်မှုစရိတ် လျှော့နည်းစေရန် အတွက်မှု လုပ်ခစျေးချိုမှုသာမကဘဲ ထုတ်လုပ်မှုနှင့် ဆိုင်သည့် အဆောက်အအုံဆိုင်ရာ လိုအပ်ချက်များဖြစ်သည့် လျှပ်စစ်လုံလုံလောက်လောက်ရရှိရေး၊ ပို့ကုန်အထူးပြုဇုန်များ တည်ဆောက်ရေး၊ SEZ များထုတ်လုပ်မှုကို အထောက်အကူပြုသည့် ဝန်ဆောင်မှုလုပ်ငန်းထွန်းကားရေးတို့အပြင် ထုတ်လုပ်မှုနှင့် ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ ဖြေလျှော့မှုများ ပြုလုပ်ပေးခြင်းတို့ဖြစ်သည်။

စက်မှုလုပ်ငန်းများစုစည်းရန်(industrial agglomeration)အတွက် ဆက်သွယ်မှုကွန်ရက်တည်ဆောက်မှုစရိတ် လျော့နည်းစေရန်အတွက် နိုင်ငံတကာကုမ္ပဏီများနှင့် ဒေသအတွင်းရှိ လုပ်ငန်းများ၏ စီးပွားရေးလုပ်ငန်းများဆိုင်ရာ တွေ့ဆုံပွဲ (business matching)များ ပြုလုပ်လာခြင်းဖြင့် သာဆက်သွယ်မှုနှင့် ကုန်သွယ်မှုစရိတ်သက်သာခြင်းကို ရရှိနိုင်စေသည်။ ဝန်ဆောင်မှုဆိုင်ရာစရိတ်များလျှော့ကျစေရေးအတွက် လုပ်သမျှစီးပွားရေးလုပ်ကိုင်ဆောင်ရွက်မှုများအတွက် မလိုလားအပ်သည့် အပိုကုန်ကျစရိတ်များ (transaction cost)လျှော့ချနိုင်ရေးပင်ဖြစ်သည်။ ထို့အတူ စက်မှုလုပ်ငန်းများ စုစည်းတည်ရှိမှုအတွက် တစ်ယူနစ်စရိတ်သက်သာမှုရရှိရေးဆိုလျှင် စုစည်းတည်ရှိမှု၏ အကျိုးသက်ရောက်မှုများကို အားပေးမြှင့်တင်ရာတွင် ပြည်တွင်း SMEs များနှင့် ပေါင်းစပ်လုပ်ကိုင်မှုအရလည်းကောင်း၊ ဆန်းသစ်သည့်တီထွင်မှုများအားပေးခြင်းတို့ဖြင့် လုပ်ဆောင်ရမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်နိုင်မှသာ နိုင်ငံတကာ လုပ်ငန်းများနှင့် ပြည်တွင်းလုပ်ငန်းများ၏ စက်မှုလုပ်ငန်းစဉ်များတွင် ကွာဟမှုကို လျှော့ချနိုင်မည့်အပြင် ပြည်တွင်း SMEs များ၏ တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

နိုင်ငံတကာလုပ်ငန်းကြီးများအနေဖြင့် ကမ္ဘာသို့ထုတ်လုပ်မှုလုပ်ငန်းများ ခွဲဝေဖြန့်ကြက်ထုတ်လုပ်သည့်အတွက် စရိတ်သက်သာမှုကြောင့် အကျိုးကျေးဇူးရှိသလို ယခင်ကကဲ့သို့ မိမိနိုင်ငံတစ်ခုတည်းအတွင်းမှာသာ အစအဆုံး ထုတ်လုပ်စရာမလိုသောကြောင့် တိုင်းပြည်အတွင်း ရုတ်ခြည်းပြောင်းလဲမှုများဖြစ်သည့် သဘာဝဘေးအန္တရာယ်များကြောင့်ဖြစ်စေ၊ လူကဖန်တီးသည့် ဘေးဒုက္ခများနှင့်ဖြစ်စေ၊ ကြုံတွေ့နိုင်မှုအခွင့်အလမ်းနည်းလာသလို ကမ္ဘာတစ်ဝန်းရှိ ရုတ်ခြည်းပြောင်းလဲမှု၏ဆိုးကျိုးများ ပိုမိုခံနိုင်ရည်ရှိသည့်အပြင် နိုင်ငံအနှံ့ဖြန့်ကြက်ထားမှုကြောင့် ယခင်ကလောက် ဆိုးရွားသည့် အကျိုးသက်ရောက်မှု မရှိနိုင်ပေ။

လက်ခံရရှိသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်မူ အထူးသဖြင့် ဖွံ့ဖြိုးမှုနည်းသေးသည့် မြန်မာနိုင်ငံအတွက်မူ အချိန်တိုအတွင်း ခုန်ပျံကျော်လွှားမှုများဖြင့် အစပြုသည့် စက်မှုထူထောင်ရေး(Jump start industrialization)နည်းလမ်းဖြစ်သည့်အတွက်လည်း လုပ်ငန်းရှင်တိုင်း နားလည်သဘောပေါက်ပြီး GSC ထဲသို့ ပိုမိုဝင်ရောက်နိုင်ရေး ဝိုင်းဝန်းလုပ်ဆောင်ရတော့မည်ဖြစ်သည်။

**အာဆီယံနှင့် Global Supply Chain**

ဒေသဆိုင်ရာအဖွဲ့အစည်း (regionalism) များ ပေါ်ပေါက်လာခြင်းသည် ထင်ရှားသည့် တိုးတက်မှုမှတ်တိုင်များ (milestones) ဖြစ်ပြီး ကမ္ဘာ့စီးပွားရေးပေါင်းစည်းမှုတွင် ပိုမိုထိရောက်စွာ ပေါင်းစည်းရေးနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းအားမြှင့်တင်နိုင်ရေး အဓိက ရည်မှန်းတည်ထောင်ခဲ့ကြသည်။ စီးပွားရေးပေါင်းစည်းမှုတွင် အခြေခံ အကျဆုံးနှင့် အရေးကြီးဆုံးဖြစ်သည့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကို နိုင်ငံတကာပိုမိုပူးပေါင်းတိုးမြှင့်ဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာ လွတ်လပ်သော ကုန်သွယ်မှုနယ်မြေ (free trade area) အဖြစ် ၁၉ ရာစုနှစ်ပိုင်းက တည်းက တည်ဆောက်ခဲ့ကြပြီး ၎င်းမှတစ်ဆင့် ပြည်ပကုန်သွယ်မှုပေါ်လစီတူညီသည့် ဘုံအကောက်ခွန် နယ်မြေ (custom union) ထူထောင်ခြင်းဖြစ်ပြီး ဤအဆင့်များသည် ဒေသတွင်း ကုန်သွယ်မှု သိသိသာသာ တိုးတက်ရေး၊ ကမ္ဘာကြီးတစ်ခုလုံးနှင့် ကုန်သွယ်မှုပိုမိုကုန်သွယ်နိုင်ရေး၊ ယှဉ်ပြိုင်နိုင်မှု စွမ်းအားပိုမိုမြှင့်တင်နိုင်ရေးတို့ဖြစ်သည်။ တတိယအဆင့်အနေဖြင့် ဘုံဈေးကွက်များတည်ဆောက်ခြင်း (common market) ဖြစ်ပြီး ယခင်ကကဲ့သို့ ကုန်သွယ်မှုကို သာမကတော့ဘဲ ရင်းနှီးမြှုပ်နှံမှု၊ အရင်းအနှီးနှင့် ကျွမ်းကျင်လုပ်သားလွတ်လပ်စွာ စီးဆင်းမှုတို့ရှိပြီး နောက်ဆုံးအဆင့်တွင် စီးပွားရေး ဘုံဈေးကွက် (economic union) အဆင့်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုပေါ်လစီ၊ တိုင်းပြည်အဆင့် စီးပွားရေးပေါ်လစီ (Macro-economic Policy)တို့ပါ တူညီသောကြောင့် အင်အားကြီးမားသည့် နိုင်ငံကြီးတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိစေခြင်းဖြင့် ကမ္ဘာတစ်ခုလုံးနှင့် စီးပွားရေးပေါင်းစည်းမှု ပိုမိုမြှင့်တင်နိုင်မှုကြောင့် အဖွဲ့ဝင်နိုင်ငံတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အဓိက ဖော်ဆောင်ပေးနေပြီဖြစ်သည်။ ဒေသဆိုင်ရာ အဖွဲ့အစည်းများသည် လက်ရှိအခြေအနေတွင် ကမ္ဘာ့ထုတ်လုပ်မှု လမ်းကြောင်းထဲသို့ ပိုမိုဝင်ရောက်ပေါင်းစည်းနိုင်ရေးအတွက် လက်တွေ့ကျသည့် နည်းဗျူဟာတစ်ရပ်ဖြစ်သည်။

အရှေ့တောင်အာရှနိုင်ငံများအသင်းကို ၁၉၆၇ ခုနှစ်တွင် အဖွဲ့ဝင် ငါးနိုင်ငံဖြင့် စတင်ခဲ့ပြီး လွတ်လပ်သော ကုန်သွယ်မှု နယ်မြေအဆင့်မှ ယခုအခါ အဖွဲ့ဝင် ၁၀ နိုင်ငံဖြင့် ဘုံဈေးကွက် (common market) ကို ၂၀၁၅ တွင် စတင်တော့မည်ဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**


## တောင်ပေါ်ရှုခင်းသာဟိုတယ်(ကလော)၏ နှစ်သစ်မင်္ဂလာဆုတောင်း

၂၀၁၅ခု မြန်မာမင်္ဂလာနှစ်သစ်တွင် ပြည်သူအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာ၊ ချမ်းသာကြပါစေရန်နှင့် ပူပြင်းတဲ့နွေရာသီမှာ ချမ်းအေးသာယာလှပတဲ့ ရှမ်းတောင်တန်းပေါ်က တောင်ပေါ်ရှုခင်းသာဟိုတယ် (ကလော)သို့ ကြွရောက်အပန်းဖြေကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဟိုတယ်(**Booking**)လုပ်ရန်-

- ရန်ကုန်(ဖုန်း)၀၁-၂၄၂၆၇၁၊ ၀၁-၂၅၀၆၀၂၊ ၀၉-၄၃၁၀၄၁၉၉၊ ၀၉-၄၂၁၁၄၈၆၉၆
- ကလော(ဖုန်း)၀၈၁-၅၀၃၄၆၊ ၀၈၁-၅၀၃၄၇၊ ၀၉-၄၂၈၃၁၂၁၀၈၊ ၀၉-၄၂၈၃၂၇၂၃၉
- Online: < www.hilltopvillakalaw.com >
- E.mail: hilltopvilla yangon@gmail.com
  hilltopvilla kalaw@gmail.com

## ဆင်မင်းပုဆိုး

နှစ်သစ်ကူး အချိန်အခါသမယတွင် ဆင်မင်းပုဆိုးမှ အသစ်ထပ်မံထုတ်လုပ်သော ချည်ချောပုဆိုးများကို မိမိတို့၏ ကုမ္ပဏီဝန်ထမ်းများနှင့် ချစ်ခင်နှစ်သက်သောသူတို့အား လက်ဆောင်ပေးရန်အတွက် အထူးထုတ်လုပ်ထားပါသည်။ ဆင်တူအော်ဒါထည်များကိုလည်း မှာယူရရှိနိုင်ပါသည်။

ဆိုင်(၁) အမှတ်(၁၅၅)၊ လမ်း ၃၀၊ ၈၂×၈၃လမ်းကြား၊ မန္တလေးမြို့။
Ph:02-34101, 02-24286, 09-5184426

ဆိုင်(၂) (G-48)၊ မြေညီထပ်၊ မိန်းလမ်း၊ ဝင်ပေါက်(8)၊ ယုဇနပလာဇာ၊ ရန်ကုန်မြို့။
Ph:01-200747, Ext: 1090, 09-43177199

## CONGRATULATION DOCTOR SOE MYINT AUNG (WAKEMA)

စာရေးဆရာ ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D(Alternative Medicines)။ ဗဟိုဦးစီးအဖွဲ့ဝင်(မြန်မာနိုင်ငံစာရေးဆရာအသင်း-ဗဟို)။ ဂုဏ်ထူးဆောင်အဖွဲ့ဝင် (နိုင်ငံတကာလုပ်ငန်းဆိုင်ရာမြှင့်တင်မှု ညွှန်ကြားရေးအဖွဲ့၊ မက်ဒရစ်-စပိန်) Managing Director(M.S.C Computer & Education Centre) ၏ ဖျံ-၅-ကောင်တိုင်းရင်းဆေးခန်းနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ကုသထုတ်လုပ်သောဖျံ-၅-ကောင်အမှတ်တံဆိပ် သွေးချို-ဆီးချိုကျဆေးနှင့် ဖျံ-၅-ကောင်အမှတ်တံဆိပ် သွေးတိုးကျဆေးအပါအဝင် ဖျံ-၅-ကောင် မြန်မာ့တိုင်းရင်းဆေးများကို အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ (The Guoman Tower Convention Hall in London, United Kingdom) ၌ ၂၀၁၄-ခုနှစ်၊ နိုဝင်ဘာ(၃၀)ရက်နေ့တွင် နိုင်ငံပေါင်း(၁၇၉)နိုင်ငံမှ နိုင်ငံတကာအရည်အသွေးပြည့်ဆု ရွေးချယ်ချီးမြှင့်ခံရသောပုဂ္ဂိုလ်များကို ဖိတ်ကြား၍ ကျင်းပပြုလုပ်သော International Quality Crown Award Convention (London-၂၀၁၄)ညီလာခံ၌ ကမ္ဘာ့အဆင့်မီအရည်အသွေးပြည့်ဝမှုနှင့်ပတ်သက်၍ (International Quality Crown Award, London-2014 (Diamond Category)) နိုင်ငံတကာအရည်အသွေးပြည့်သရဖူစိန်ပွင့်ဆု (လန်ဒန်-၂၀၁၄)ကို ရွေးချယ်ချီးမြှင့်ပေးအပ်ခြင်းခံရသည်အတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

| | | | | | | |
|---|---|---|---|---|---|---|
| မောင်ယဉ်ကျော်(စာရေးဆရာ/ဒါရိုက်တာ) | သုစမ္မပတ်ဇေတဝန ဦးစိုးရှိန် | ဒေါက်တာတင်အောင်ရွှေ(Ph.D) | စာရေးဆရာ ဟိန်းလတ် | ရဲအုပ်မောင်အေး(ငြိမ်း) | ခင်မောင်ချင်း | ဦးမောင်မောင်မြင့်အေး |
| ဥက္ကဋ္ဌ | (မောင်စိုးထိုက်-သုံးဆယ်) | ဗဟိုကော်မတီဝင် | မြန်ကြားရေးမှူး ဗဟိုကော်မတီဝင် | (CID) | တွဲဖက်အတွင်းရေးမှူး | အယ်ဒီတာချုပ် |
| ရန်ကုန်တိုင်းသတင်းစာဆရာအသင်း | စာပေဆုများနှင့် လူမှုထူးချွန်(ပထမဆင့်)ဆုရှင် | မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို) | မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို) | (စုံထောက်မောင်ရေချဲ) | မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး | ရောင်ပြန်မဂ္ဂဇင်း |

## ဘဝတစ်ကွေ့ အတွေ့အကြုံ

# ဤလောက လူ့ရွာတွင် ---

à ကိုကိုသက်

ဘာသာရေးအရ၊ လူမျိုးရေးအရ၊ အသားအရောင်အရ၊ ဆင်းရဲချမ်းသာမှုအရ ၊ ရာထူးအနိမ့်အမြင့်အရ ခွဲခြားဆက်ဆံလိုစိတ် ကျွန်တော့်တွင် လုံးဝမရှိဟု ခံယူထား သည်။ ဥရောပ ဘောလုံးပွဲများတွင် လူမျိုးရေး ခွဲခြားဆက်ဆံသည့် ကစားသမားကို ပွဲပယ် ပြစ်ဒဏ်ချမှတ်တဲ့သတင်း၊ အသားအရောင် ခွဲခြားပြီး အားပေးတဲ့ ပရိသတ် တွေကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ဒဏ်ရိုက်တယ်ဆိုတဲ့ သတင်းတွေ ဖတ်ရတိုင်း ကျွန်တော် စိတ်မချမ်းမြေ့ ဖြစ်ရသည်။

> လူချင်းအတူတူဆင်းရဲချမ်းသာ၊ရာထူးအနိမ့်အမြင့် အပေါ် ခွဲခြားဆက်ဆံမှုများကိုလည်း ရုပ်ရှင်ထဲတွင်တောင် ကျွန်တော်လက်သင့်မခံ။ ယင်း ဇာတ်ကားမျိုးကို ကျွန်တော် မကြည့်ဖြစ် . . .

ဘာသာရေး၊ လူမျိုးရေးပဋိပက္ခများကို ကျွန်တော်ခါးသီးစွာ ကြုံတွေ့ဖူးသည်။ ထို့ကြောင့် ဘာသာရေး၊ လူမျိုးရေးခွဲခြားမှုများကို ကျွန်တော် သဘောမကျတတ်ပါ။ လူချင်းအတူတူ ဆင်းရဲချမ်းသာ၊ ရာထူးအနိမ့်အမြင့်အပေါ် ခွဲခြားဆက်ဆံမှုများကိုလည်း ရုပ်ရှင်ထဲတွင်တောင် ကျွန်တော့် လက်သင့်မခံ။ ယင်းဇာတ်ကားမျိုးကို ကျွန်တော်မကြည့်ဖြစ်။

စစ်စစ်ပေါက်ပေါက် ဝန်ခံရလျှင် ကျွန်တော့်အနေဖြင့် ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆရီနာဝီလျံနှင့် ရှာရာပိုဗာတို့ ကစားတိုင်း ရှာရာပိုဗာကိုသာ တစ်ဖက်သတ် အားပေးမိတာတော့ ရှိသည်။ အခု နောက်ပိုင်း ကစားပွဲမှန်သမျှ ပွဲငယ်ကလွဲလို့ ဆရီနာဝီလျံသာနိုင်သည်ချည်းဖြစ်သော်လည်း ကျွန်တော်ကတော့ တစ်နေ့နေ့ ပြန်နိုင်နိုးနိုးဖြင့် ရှာရာပိုဗာမှ ရှာရာပိုဗာ။ သူ့ကိုသာ အားပေးမြဲဖြစ်သည်။ တစ်ပြားသားမှ မလျော့နိုင်ခဲ့။ ဘက်ပြောင်းအားပေးဖို့လည်း လုံးဝအတွေးမရှိ။ ဒါကလည်း ရှာရာပိုဗာက လှလို့၊ ကျွန်တော်က သူ့ပရိသတ်မို့ဟု ကျွန်တော့်တွင် အကြောင်းပြချက် ရှိပြီးဖြစ်သည်။ ထမင်းရည်ပူ လျှာလွဲသလို ဖြစ်သော်လည်း ကျွန်တော်ကတော့ အသားအရောင် ခွဲခြားမှုဖြင့် အားပေးနေခြင်းဟု ကျွန်တော့်ဘာသာ မမြင်မိပါ။

ကျွန်တော့်မိတ်ဆွေအပေါင်းအသင်းများထဲတွင် အီဗရာဟင်တို့၊ ကာစင်တို့၊ အီစွတ်တို့ရှိသည်။ မူဟာမက်ရှိသည်။ ကိုအာတိတ်ရှိသည်။ သိန်းဇော်ဝင်းရှိသည်၊ လှမိုးလည်းရှိသည်။ ဦးတင်သိန်း၊ ခင်ဝင်း၊ အမ်လှသောင်းရှိသည်။ ကိုကြီး ရှိသည်၊ မင်းအောင်စု ရှိသည်၊ လူမျိုး၊ ဘာသာအစုံ ရှိသည်။ ဆင်းရဲချမ်းသာမရွေး၊ ရာထူးရာခံ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကျွန်တော် ပေါင်းသင်းသည်သာ။ ဒါက ကျွန်တော့် စိတ်ထားအမှန်ဟု ကျွန်တော့် တစ်သက်ခံယူခဲ့သည်။

ကျွန်တော် ယခုရေးလိုသည့် အကြောင်းအရာက အထွေထွေလုပ်သား သိန်းချစ်အကြောင်းဖြစ်သည်။

သိန်းချစ်က ကျွန်တော်အလုပ်လုပ်နေ သည့် စက်ရုံတွင် စိုက်ပျိုးရေး၊ လုံခြုံရေး၊ သန့်ရှင်းရေးတာဝန်များကို လိုလျှင်လိုသလို လုပ်ရသည့် အထွေထွေလုပ်သားဖြစ်သည်။ သူ့လစာသည် ကျွန်တော်တို့ စက်ရုံတွင် အနိမ့်ဆုံးလစာ စာရင်းတွင် ပါဝင် သည်။

သိန်းချစ်က အထွေထွေလုပ်သားသာဖြစ်သော်လည်း နိုင်ငံခြားဖြစ် Brand ရှပ်အင်္ကျီများကို အကြွေးစနစ်ဖြင့် ဝယ်ဝတ်တတ်သည်။ ငါးသိန်းတန်တယ်လီဖုန်းကို အကြွေးစနစ်ဖြင့် ရောင်းချပေးကတည်းက ဝယ်ကိုင်သည်။ အရက်ကလေး တမြမြနဲ့ နေသည်။ သူ့ကို နေ့စဉ်လာချောင်းသော အကြွေးရှင်များက လက်ညှိုးထိုးမလွဲရှိသည်။ ဒါပေမယ့် ရသည့်နေရာက အကြွေးကို ရအောင်ယူပြီး အသက်ဆက်နေသည့်သူဖြစ်သည်။ သူ့အကြွေးရှင်တွေက ကျွန်တော့်ကိုတောင် တစ်ခါတစ်ရံ လာတိုင်သေးသည်။ အကြွေးပေးတုန်းကလည်း ကျွန်တော်တို့ မသိဘူး၊ အခုလည်း ကိုယ့်ဘာသာ ကိုယ်ရှင်းပါ ဟု ပြတ်ပြတ်သားသား ငြင်းရသည်။ မလွယ်။ ဒါပေမယ့် သိန်းချစ်အကြောင်းတွင် ဒါကအဓိက ပြောလိုရင်း မဟုတ်ပါ။ နိဒါန်းပျိုးခြင်းမျှသာ။

သူ့အသက်က အခုမှ ရှိလှ ၃၀ စွန်းစွန်းလေးသာ။ အိမ်ထောင်သက်က သုံးနှစ် ကျော်ကျော်။ သူ့သမီးက အခုမှ အသက် နှစ်နှစ်မပြည့်သေး။ သူ့မိန်းမကလည်း သူ့ထက် ၄၊ ၅ နှစ် ငယ်သည်။

ထိုသို့သော သိန်းချစ်က အငယ်အနှောင်းထားသည်ဟု ကျွန်တော်ကြားရသော အခါ ကျွန်တော်မနေနိုင်။ အခုဇာတ်ကြောင်းကို ပြောပြချင်လွန်း၍ ကျွန်တော်အပေါ်တွင် နိဒါန်းတွေ၊ အချီးတွေ လုပ်နေရခြင်းဖြစ်သည်။ အခု ကျွန်တော်ဆိုလိုချင်သည့် အကြောင်းကို စာဖတ်သူများ နည်းနည်းတော့ သဘောပေါက်လောက်ပြီထင်သည်။

ကျွန်တော်တို့ စက်ရုံတွင် အငယ်ထားတာက သိန်းချစ်တစ်ယောက်တည်း မဟုတ်ပါ။ စက်ရုံသူဌေး ဦးခင်အောင်တွင် အငယ်ရှိသည်။ စက်ရုံမန်နေဂျာ ကိုထွန်းထွန်းလည်း အငယ်ထားသည်သာ။ ဦးခင်အောင်က အသက် ၆၀၊ ကိုထွန်းထွန်းက အသက် ၅၀ ကျော်။ စက်ရုံသူဌေး ဦးခင်အောင်၏ တစ်လဝင်ငွေက သိန်းရာနှင့်ချီရှိသည်။ မန်နေဂျာကြီး ကိုထွန်းထွန်း၏ လစာက သိန်းဆယ်ဂဏန်း ရှိသည်။

ဦးခင်အောင်၏ ဇနီးက လေဖြတ်ထားသဖြင့် အိပ်ရာထဲ လဲနေသည်။ ကိုထွန်းထွန်း၏ ဇနီးက သူ့ထက် ၇ နှစ်ကျော်ကြီးသည်။ ကျွန်တော် တော်တန်ရုံဆို သူတို့ ကိစ္စကို လုံးဝ မဟပါ။ ကဲ့ရဲ့မှုလည်း မပြုပါ။ သူ့အကြောင်းနဲ့သူ ရှိကြသည်ပဲ။ အခုက သိန်းချစ်ကိစ္စပြောရင်း သူတို့အကြောင်းပါ ကျွန်တော် တစ်နွယ်ငယ် တစ်စင်ပါ ထည့်ပြောရခြင်းဖြစ်သည်။

ဦးခင်အောင်က သူ့အငယ်ကို တိုက်ခန်းတစ်ခန်း ဝယ်ပေးပြီး အိမ်တစ်ဆောင် မီးတပြောင်နှင့် ထားသည်။ ကလေးတောင်ရနေပြီဟု သိရသည်။ အရင်အကြီးနဲ့က သူတို့ ကလေးမရ။ ကိုထွန်းထွန်းက နှစ်ချုပ်ဖြင့် ငှားထားသော တိုက်ခန်းတွင် သူ့အငယ်ကို ထားသည်။ သူ့တွင် သမီးနှစ်ယောက်ရှိသော်လည်း သား လိုချင်စိတ် အလွန်ပြင်းပြသည်။ သူ့ဇနီးက အသက်အရွယ်အရ သမီးနှစ်ယောက်ရအပြီးတွင် သားကြောဖြတ်လိုက်သောအခါ သားရူး ရူးနေသည့် သူ့အတွက် ကိုထွန်းထွန်းက အငယ်ထားခြင်း ဖြစ်ကြောင်း အကြောင်းပြသည်။ သူလိုချင်သော သားယောကျ်ားလေးတော့ မမွေးပါ။ သမီးတစ်ဦးသာ ထပ်မွေးသည်။ သားလေး ထပ်လိုချင်သေးသည်ဟု မကြာမီက သူပြောပြသည်။

သိန်းချစ်၏ အငယ်သည် သူ့မိဘနှင့်အတူနေပြီး သိန်းချစ်နှင့် ရော်ဘာတောထဲ၊ တိုက်ပျက်တွေထဲ တွေ့ကြသည်ဟု သိန်းချစ်၏ ဇနီးပြော၍ သိရသည်။ သိန်းချစ် မူးပြီး အိပ်ပျော်နေစဉ် အငယ်ထံမှ ဖုန်းလာ၍ သူ့ဇနီးသိသွားပြီး လိုက်ချောင်းဖမ်းသည်၊ နောင်ဂျိန်တွေ ပလေးကြသည်ဟု ကြားရသည်။

သိန်းချစ်က စက်ရုံအတွင်း စတိုခန်းလိုအဆောင်တွင် အိမ်ခန်းဖွဲ့နေရခြင်းဖြစ်သည်။ အနို့ သိန်းချစ် အငယ်ထားသည်ကတော့ ကျွန်တော့်အတွက် ထူးဆန်းလွန်းနေသည်။ ဒါကြောင့် လူထူးဆန်းတစ်ယောက်အနေဖြင့် ကျွန်တော်ဒီအကြောင်းကို ကျွန်တော် မအောင့်နိုင် မအည်းနိုင် ပြောနေမိခြင်း ဖြစ်သည်။

ဦးခင်အောင်နှင့် ကိုထွန်းထွန်းတို့အပေါ် နားလည်လက်ခံနိုင်ခဲ့သလောက် သိန်းချစ်အငယ်ထားမှုကို လက်မခံနိုင်ဖြစ်နေမိသည်။ ကျွန်တော့်တွင် လူတန်းစား ခွဲခြားမှုရှိနေသလား။ လွန်ခဲ့သည့်အပတ်မှစ၍ နေ့စဉ် ကျွန်တော့်အတွေးထဲတွင် သိန်းချစ်အကြောင်းက ဝင်နေသည်။ ကျွန်တော့် သိစိတ်က ဘာတစ်ခုမှ မခွဲခြားတတ်ဟု ငြင်းသည်။ ခွဲခြားဆက်ဆံမှုကို ကျွန်တော် လက်မခံဟု ခိုင်ခိုင်လုံလုံ ဆိုမိသည်။

သို့သော် ကျွန်တော့် မသိစိတ်တွင် ဘာရှိသည်ကိုတော့ ကျွန်တော်ကိုယ်တိုင် မသိပါ။ စာဖတ်သူများကော သိန်းချစ်၏ အငယ်ထားမှုအပေါ် ဘယ်လို သဘောထားသလဲဟု ကျွန်တော်ပြင်းပြင်းပြပြ သိချင်မိပါသည်။

# မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် တောင်သမန်ကျေးလက်Resortစီမံကိန်း အမရပူရတွင် တည်ဆောက်

à မင်းထက်အောင်(မန်းကိုယ်ပွား)

မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် ကျေးလက်ဒေသအငွေ့အသက်များကို တစုတစည်းတည်း ခံစားနိုင်ရန်ရည်ရွယ်ချက်ဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် တောင်သမန်ကျေးလက် Resortတည်ဆောက်ရေး စီမံကိန်းကို မန္တလေး အမရပူရမြို့နယ် တောင်သမန်အင်းအရှေ့ဘက်ရှိ ကိုင်းမြေဧက ၄၀ ပေါ်တွင် ယခုလပထမအပတ်မှစတင်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းစီမံကိန်းသည် ဦးပိန်တံတားနှင့်ပေပေါင်း ၁၉၀၀ ကျော်ဝေးကွာပြီး တောင်သမန်၊နွားနို့တော်စု၊ တဲနံ့သာနှင့်ရွာသစ်ကျေးရွာတို့အနီးတွင် တည်ရှိကာ စီမံကိန်းဧရိယာသည် ယာဉ်ကျေးမှုဝန်ကြီးဌာနမှ သတ်မှတ်ထားသော ရှေးဟောင်းဇုန်နှင့်ကင်းလွတ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းသာဖြစ်သည်။

စီမံကိန်းတည်ဆောက်ရေးကာလကိုသုံးနှစ်အဖြစ်သတ်မှတ်ထားပြီး စီမံကိန်းတွင် မြန်မာရိုးရာယဉ်ကျေးမှုအမွေအနှစ်များဆိုင်ရာပြကွက်၊ မြန်မာ့ရိုးရာလက်မှုပစ္စည်းဈေးတန်း၊ ဝန်ဆောင်မှုနယ်မြေ၊ခရီးသွားလမ်းညွှန်နယ်မြေ၊ နားနေအပန်းဖြေဥယျာဉ်နှင့် ခရီးသွားဝန်ဆောင်မှုနယ်မြေတို့ ပါဝင်ကာ စီမံကိန်းအဆောက်အအုံများကို အမြင့်ဆုံး နှစ်ထပ်အနေအထားဖြင့် ဆောက်လုပ်သွားမည်ဖြစ်သည့်အပြင် ပတ်ဝန်းကျင်ဒေသတစ်ဝိုက် စိမ်းလန်းစိုပြည်သော သဘာဝအလှတရားများဖြင့် ပုံဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

“ကျွန်တော်တို့အနေနဲ့ ဒီစီမံကိန်းကြီးအကောင်အထည်ဖော်ဖို့အတွက် အရင်ဆုံးလေ့လာမှုတွေပြုလုပ်ခဲ့ပါတယ်။ စီမံကိန်းအတွက်မြေနေရာက မြေတွေက ကိုင်းမြေတွေဖြစ်တဲ့အတွက် ရေတက်ချိန်မှာရော ရေကျတဲ့ အချိန်မှာပါအသုံးပြုလို့မရတဲ့မြေမျိုးတွေဖြစ်တဲ့အတွက် ဒေသခံရွာသားတွေပိုင်ဆိုင်တဲ့ကိုင်းမြေတွေကို ကျွန်တော်တို့အနေနဲ့ ရွာသားတွေဆီကတရားဝင်ဝယ်ယူခဲ့တာပါ။ အခုချိန်မှာ ပထမအဆင့် မြေထုတိုင်းတာခြင်းလုပ်ငန်းကိုဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့စီမံကိန်းအကောင်အထည်ဖော်စဉ်မှာရော ပြီးစီးသွားတဲ့အခါမှာလည်း ဒေသခံရွာသူ/ရွာသားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေက ပေါ်ထွန်းလာမှာပါ။ နောက်ပြီး ဦးပိန်တံတားမှာပျံကျရောင်းချနေတဲ့ ဈေးသည်တွေကိုလည်း နေရာအတည်တကျဖြစ်အောင်ပြုလုပ်ပေးသွားမှာပါ။ ကျွန်တော်တို့က ဒီစီမံကိန်းကို သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပဖို့၊ ဒေသခံပြည်သူတွေအလုပ်အကိုင်အခွင့်အလမ်းရရှိဖို့နဲ့ ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်ဖို့အတွက်လုပ်ဆောင်နေတာပါ။ ဒီအတွက် စီမံကိန်းလုပ်ဆောင်နေစဉ်မှာ သစ်ပင်တွေကိုခုတ်လှဲသွားတာမျိုးမပြုလုပ်ပါဘူး။ စိမ်းစိမ်းစိုစိုလေးဖြစ်အောင် လိုအပ်ရင်ထပ်မံပြီးတော့ စိုက်ပျိုးသွားမှာပါ”ဟု တောင်သမန်သစ္စာကုမ္ပဏီမှတာဝန်ခံအကြံပေးဖြစ်သူ ဦးစိုးမြင့်သူကပြောသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် တောင်သမန်ကျေးလက်Resortတည်ဆောက်ရေး စီမံကိန်းကို မြန်မာနိုင်ငံသားစီးပွားရေးလုပ်ငန်းရှင် ၁၂ ဦးဖြင့်ဖွဲ့စည်းတည်ထောင်ထားသော တောင်သမာန်သစ္စာကုမ္ပဏီမှ တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်း၏ ပထမအဆင့်ဖြစ်သော မြေထုတိုင်းတာခြင်းလုပ်ငန်းကိုဆောင်ရွက်နေကာ စီမံကိန်းကို ငွေကျပ်သိန်းပေါင်း ၂၀၀၀မှ ၃၀၀၀အထိ သုံးစွဲသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

စီမံကိန်းတည်ဆောက်ပြီးစီးသွားပါက ပါဝင်မည့် မြန်မာ့ရိုးရာယဉ်ကျေးမှုပြခန်းများတွင် အညာမြေကျေးတောရွာ၏ ဆီဆုံနွားဆီကြိတ်သရုပ်ပြကွက်၊ ထန်းပင်တစ်ပင်၏ အသုံးဝင်ပုံပြကွက်၊ အမရပူရခေတ် ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ကျေးလက်လူနေမှုသဏ္ဌာန်ပြကွက်၊ ရှေးကာလအညာမြေလှည်းလမ်းပြကွက်၊ ပန်း ၁၀ မျိုးပြကွက်၊ ချည်ထည်၊ပိုးထည်၊ရက်ကန်းထည်အမျိုးမျိုးတို့ကိုဖော်ပြမည့် လက်မှုပညာပြကွက်၊ မြန်မာပြည်အရပ်ရပ်မှ ဒေသထွက် လက်မှုပညာရှင်အဆင့်ပြကွက်၊ သဘာဝအရင်းအမြစ်မှ ရရှိသောမြန်မာ့ရိုးရာအစားအစာနှင့် မုန့်မျိုးစုံပြကွက်နှင့် ၁၂ လရာသီအလိုက်ကျင်းပပြုလုပ်သော မြန်မာ့ရိုးရာ ၁၂ လရာသီ ပြပွဲ၊ ပြိုင်ပွဲများကျင်းပပြုလုပ်မှုအခန်းကဏ္ဍတို့ကိုကို လုပ်ဆောင်သွားမည်ဖြစ်သည်။

အဆိုပါစီမံကိန်းတည်ဆောက်မှုလုပ်ငန်းများကို နိုင်ငံခြားပညာရှင်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းအတွက် ရေထုတ်လွှင့်မှုအပိုင်းမှာလည်း နိုင်ငံခြားပညာရှင်များဖြင့်ညှိနှိုင်းပေါင်းစပ်၍ အတတ်နိုင်ဆုံး သောက်သုံး၍မရသည့်တိုင် သုံးရေအဖြစ်ပြန်လည်သုံးစွဲနိုင်အောင် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။



# တောင်တွင်းကြီးမြို့နယ်တွင် မြေအောက်ရေအသုံးပြု၍ပြောင်းဖူးများ စမ်းသပ်စိုက်ပျိုးအောင်မြင်



**တောင်တွင်းကြီး ဧပြီ ၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ချောင်းနက်အုပ်စု ကွင်းအမှတ်(၂၇၂၉)၊ ဦးပိုင်အမှတ်(၉၇/၂)တောင်သူ ဦးညဏ်သိန်း၏ လယ်ယာမြေ လေးဧက၌ ပံရွှေအမျိုးအစားပြောင်းဖူး သုံးဧကနှင့် ကူပတ္တမြားပံအမျိုးအစားပြောင်းဖူးတစ်ဧကတို့ကိုမြေအောက်ရေအသုံးပြု၍စမ်းသပ်စိုက်ပျိုးခဲ့ရာအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။

အဆိုပါစိုက်ခင်းသို့ မကွေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနတိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းသည် ဧပြီ ၄ ရက် နေ့လည် ၁ နာရီက ကွင်းဆင်းကြည့်ရှု၍ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ တောင်သူများ၏လိုအပ်ချက်များကို ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

အဆိုပါပြောင်းဖူးတစ်ဧကစိုက်ပျိုးမည်ဆိုပါက မျိုးစေ့ ၅၀၀ဂရမ်တစ်ထုပ်အား ကျပ် ၁၅၀၀၀ ဖြင့် ဝယ်ယူ၍ တစ်ဧကအတွက်မျိုးစေ့ ၂၀၀၀ ဂရမ်လိုအပ်မည်ဖြစ်ကာ အပင်ပေါင်း ၁၇၀၀၀ပင်ခန့်စိုက်ပျိုးနိုင်မည်ဖြစ်ကာ တစ်ပင်လျှင်တစ်ဖူးမှ နှစ်ဖူးအထိထွက်ရှိနိုင်သည်။

"ပြောင်းဖူးတစ်ဖူးကို ၁၀၀ကျပ်နှုန်းရောင်းရတယ်။ ကျွန်တော်ဒီနှစ်တော့ ကျပ် ၁၇ သိန်းလောက်ရမယ် ကုန်ကျစရိတ်က လေးသိန်းလောက်ဆိုတော့ ကျပ် ၁၃ သိန်းလောက်တော့အမြတ်အစွန်းရနိုင်မယ်" ဟု တောင်သူ ဦးညဏ်သိန်းကပြောသည်။ ၎င်းပြောင်းစိုက်ခင်းများသည် မိုးစပါးရိတ်သိမ်းပြီးလယ်ကွတ်လွတ်များတွင် စိုက်ပျိုးခြင်းဖြစ်ပြီး သုံးလအတွင်းအမြတ်အစွန်းရရှိသည့် သီးနှံဖြစ်ခြင်းကြောင့် ဒေသခံတောင်သူများ စမ်းသပ်စိုက်ပျိုးရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။ **နိုင်ဝင်း**

# သံလွင်တံတား၌ ယာဉ်များစတင်ဖြတ်သန်းသွားလာ

**ဖားဆောင်း ဧပြီ ၈**

ကယားပြည်နယ် ဘော်လခဲခရိုင် ဖားဆောင်းမြို့နယ်တွင် သံလွင်မြစ်ကို ဖြတ်ကျော်၍ ဖားဆောင်း၊ မယ်ဆည်နန်၊ မယ်စဲ့၊ နန့်မန်းအရှေ့နှင့် အနောက်သွယ်တန်းထားသော သံလွင်တံတားကြီးပေါ်တွင် ဧပြီ ၆ ရက် နံနက်မှစတင်၍ မော်တော်ယာဉ်များအား မောင်းနှင် ဖြတ်သန်းသွားလာခွင့်ပြုလိုက်ပြီဖြစ်ကြောင်းသိရသည်။

ရှေးဦးစွာ မော်တော်ယာဉ်များကို တံတား၏ အနောက်ဘက်အခြမ်းမှစတင်ဖြတ်သန်းခြင်းကို ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးချစ်လှနှင့် ဝန်ကြီးများ၊ တံတားအထူးစီမံကိန်းကြီး အဖွဲ့(၄)မှ အင်ဂျင်နီယာမှူးကြီး ဦးစိုးမင်းနှင့် ဝန်ထမ်းများ၊ ဘော်လခဲခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့်ဖားဆောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်းနှင့်ဌာနဆိုင်ရာအကြီးအကဲများတို့က စတင်ဖြတ်သန်းကာ ဖွင့်လှစ်ပေးခဲ့သည်။

တံတားကြီးကို အထူးစီမံကိန်းကြီးအဖွဲ့(၄)မှ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားအမျိုးအစားမှာသံကူ ကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။ အောက်ခြေဖောင်ဒေးရှင်းအမျိုးအစားမှာ သံကူကွန်ကရစ်လွန်တူးဘိုးပိုင်အမျိုးအစားဖြစ်သည်။

တံတားကြီးတွင် အခန်းကိုးခန်းပါရှိပြီး အရှည်ပေအားဖြင့် ၁၂၆၀ ပေဖြစ်ကာ တံတားတစ်ဖက်တစ်ချက်တွင် ၃ ပေ ရှိသော လူသွားလမ်းထည့်သွင်းတည်ဆောက်ထားသဖြင့် နှစ်လမ်းသွားကားလမ်း အကျယ်မှာ ၂၄ ပေနှင့် ရေလမ်းကင်းလွတ်အကျယ် ၂၂၂ ပေ၊ အမြင့် ၁၇ ပေ ရှိပြီး ယာဉ်သွားလာမှု ခံနိုင်ဝန်အားဖြင့် ၆၀ တန်ခံ နိုင်မည်ဖြစ်သည်။

ဒေသခံများတံတားကြောင့် ကူးသန်းသွားလာမှု၊ ကုန်စည်သယ်ဆောင်မှု၊ခရီးသွားလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာမှုများအရှိန်အဟုန်မြင့် လာမည်ဖြစ်သည်။ **လှရွှေ** ( IPRD)

## လုံခြုံရေးအသိပညာပေးပူးပေါင်းဆောင်ရွက်မှုသင်တန်းဖွင့်

**ဖြူး ဧပြီ ၈**

ဖြူးမြို့နယ် ရဲတပ်ဖွဲ့နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်း၍ ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးအသိပညာပေးရက်တို ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဧပြီ ၆ ရက် နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆင့်ပွားသင်တန်းသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးသန်းနှင့် ဖြူး - ကညွတ်ကွင်း - ညောင်ပင်သာ၊ အုတ်ဖြတ်မှ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းအေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာစိန်ထွန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ကြိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆင့်ပွားသင်တန်းဖွင့်ပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်းနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းအေးတို့က ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ၊ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ရမည့် နည်းစနစ်များကို အကျယ်တဝင့်ရှင်းလင်းပို့ချပေးပြီး သင်တန်းကို တစ်နေ့တာဖွင့်လှစ် ပို့ချပေးခဲ့ကြောင်းသိရသည်။ **(ဖြူးမြင့်ဦး)**



# မြို့ပြ၊ ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးဆု စိစစ်ရွေးချယ်ရေး ဆွေးနွေး



**ပခုက္ကူ ဧပြီ ၈**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေးစိစစ်ရွေးချယ်ရေးကော်မတီမှ မြို့ပြ၊ ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်သည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သစ်တောသတ္တုစွမ်းအင်ဝန်ကြီး ဦးသိန်းထွန်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထန်ဒိုကျင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အေး၊ ပညာရေးဝန်ကြီးဌာန၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းတို့ လိုက်ပါလျက် ပခုက္ကူမြို့သို့ ဧပြီ ၄ ရက် ညနေပိုင်းတွင်ရောက်ရှိကာ ပခုက္ကူမြို့နယ်အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမတွင် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ကော်မတီ(၃)ရပ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ရေးရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များအားရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်သည် ဧပြီ ၅ ရက် နံနက်ပိုင်းတွင် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မရဲစခန်းမှူးတို့နှင့် သတင်းညှိနှိုင်းအစည်းအဝေးပြုလုပ်ပြီး ပခုက္ကူမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် နေအိမ်လိုင်းခန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး မြစ်ခြေကျေးရွာသို့ ဆက်လက်ထွက်ခွာခဲ့ရာ မြစ်ခြေကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးစည်းဝေးခန်းမတွင် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြစ်ခြေကျေးရွာ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်ရည်ဆုချီးမြှင့်ရေးအစီအစဉ်အရ နိုင်ငံအတွင်း ကျေးရွာအဆင့်ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးအဆင့်(၅)တွင် ပါဝင်သည့် မြစ်ခြေကျေးရွာနှင့်ပတ်သက်၍ မြေပြင်အနေအထားများအပေါ် ကွင်းဆင်းစစ်ဆေးမည့်ကိစ္စရပ်များနှင့် စံပြကျေးရွာ အင်္ဂါရပ်စံချိန်များအား ဆက်လက်ထိန်းသိမ်းလိုက်နာဆောင်ရွက်ရေး ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဒုဝန်ကြီးနှင့်အဖွဲ့သည် အဖွဲ့(၃)ဖွဲ့ခွဲ၍ မြစ်ခြေကျေးရွာရှိ မြစ်ခြေဈေး၊ ဆီစက်၊ ဝါကြိတ်စက်လုပ်ငန်း၊ သံဗျင်စာကြည့်တိုက်အား စစ်ဆေးခြင်းနှင့် စာကြည့်တိုက်အတွက် အလှူငွေကျပ်တစ်သိန်း လှူဒါန်းခြင်း၊ ၎င်းနောက် ကျွန်းစိုက်ခင်း၊ ဓမ္မစကူး ယဉ်ကျေးလိမ္မာသင်တန်းအား စစ်ဆေးခြင်း၊ ကျောင်းအတွက် အလှူငွေကျပ်နှစ်သိန်းလှူဒါန်းခြင်း၊ ၎င်းနောက် ဗာဂျီးနီးယားဆေးပေါင်းရုံ၊ ရဲစခန်း၊ နေ့ကလေးထိန်းကျောင်းနှင့် လက်ရက်ကန်းလုပ်ငန်း၊ မီးသတ်စခန်း၊ ဆွမ်းလောင်းဓမ္မာရုံ၊ တိုက်နယ်ဆေးရုံတို့အားစစ်ဆေးခြင်း၊ အရှေ့ကမ်းဖြူရွာနေ ဦးဝင်းကျော်-ဒေါ်ခိုင်ရွှေတို့က မွေးဖွားသည့် အမြွှာသမီးငယ်များအတွက် အလှူငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းခြင်းများပြုလုပ်ခဲ့သည်။ ယင်းနောက် ADRA မြန်မာရုံးနှင့် ဆိတ်မွေးမြူရေးခြံတို့အား ကြည့်ရှုစစ်ဆေးခဲ့သည်။ **အောင်(မန်းတက္ကသိုလ်)**

# မြန်အောင်စာရေးဆရာအသင်း နွေရာသီ ပန်းချီ၊ ကဗျာနှင့်စာပေစကားဝိုင်းပြုလုပ်ရန်ညှိနှိုင်းစည်းဝေး

**မြန်အောင် ဧပြီ ၈**

ရခိုင်ပြည်နယ် ... ရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်စာရေးအသင်းမှကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော နွေရာသီ ပန်းချီ၊ ကဗျာနှင့် စာပေသင်တန်းများ ဖွင့်လှစ်ခြင်းကို ယခုနှစ်တွင် သင်တန်းအစား နွေရာသီ ပန်းချီ၊ ကဗျာနှင့် စာပေစကားဝိုင်းပြုလုပ်သွားရန် ဧပြီ ၅ ရက်က မြန်အောင်မြို့နယ်စာရေးဆရာအသင်းက ဖွင့်လှစ်ထားသော စုပေါင်းရုံးရှိ ရသအောင်မြေစာကြည့်တိုက်တွင် ကြိုတင်ညှိနှိုင်းစည်းဝေးပွဲတစ်ရပ် ကျင်းပခဲ့ကြောင်း သိရသည်။

စာပေစကားဝိုင်းတွင် ပန်းချီနှင့်ပတ်သက်သောအကြောင်းအရာများကို ပန်းချီပညာရှင်များက ဦးဆောင်ဆွေးနွေးပြီး သင်တန်းသားများက အပြန်အလှန်မေးမြန်းဆွေးနွေးခြင်း၊ ကဗျာနှင့်ပတ်သက်၍လည်းကောင်း၊ စာပေနှင့်ပတ်သက်၍လည်းကောင်း၊ မြန်အောင်မြို့သမိုင်းနှင့်ပတ်သက်၍လည်းကောင်း မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်များက ဦးဆောင်ဆွေးနွေးသွားကြမည်ဖြစ်ပြီး သင်တန်းတက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဆွေးနွေးခြင်းများကို မေ ၁ ရက် မေဒေးနေ့တွင် စတင်ပြုလုပ်သွားကြမည်ဖြစ်ပြီး စာပေစကားဝိုင်းကို မေ ၁ ရက်မှ မေ ၅ ရက်အထိ ပြုလုပ်သွားကြမည်ဖြစ်ကြောင်း အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြသည်။

သင်တန်းသားများ၏ အရည်အချင်းသတ်မှတ်ချက်အနေဖြင့် သတ္တမတန်း၊ အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းနှင့် တက္ကသိုလ်တက်ရောက်နေသောကျောင်းသား၊ ကျောင်းသူများကို သတ်မှတ်ထားကြောင်း၊ စကားဝိုင်း ၅ ရက်အပြီးတွင် စကားဝိုင်းများမှ ဆွေးနွေးချက်များကို ပြန်လည်ဆန်းစစ်သည့်အနေဖြင့် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲများကို ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း အစည်းအဝေးတက်ရောက်လာကြသူများက ဆွေးနွေးဆုံးဖြတ်ကြသည်။

ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသူများကို ထိုက်တန်စွာဆုများချီးမြှင့်သွားမည်ဖြစ်ပြီး ဆုရရှိသူများကို လှူတော်ရန်ပုံငွေဖြင့်တည်ဆောက်လျက်ရှိသော အမှတ်(၁)ရပ်ကွက်ရှိ ရသအောင်မြေစာကြည့်တိုက်အသစ်ဖွင့်ပွဲတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် သင်တန်းသားများဆွေးနွေးနိုင်ရေးအတွက် နောက်ဆုံးစာရင်းသွင်းရက်အနေဖြင့် ဧပြီ ၂၅ ရက်တွင် နောက်ဆုံးသတ်မှတ်ထားကြောင်း သိရသည်။ **နေဝင်းဇော်(မြန်အောင်)**

# မြစိမ်းရောင်ကျေးရွာ(ငါးကဏ္ဍ)စီမံကိန်း အရင်းမပျောက် မတည်ရန်ပုံငွေ ပေးအပ်

**ငါန်းဇွန် ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ပန်းရွာကျေးရွာအုပ်စု နတ်သားတောကျေးရွာ မြစိမ်းရောင်(ငါးကဏ္ဍ) စီမံကိန်းအတွက် အရင်းမပျောက်မတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ငါန်းဇွန်မြို့ ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ဧပြီ ၂ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြင်းခြံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသော်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းက အရင်းမပျောက်မတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ကျေးရွာမြစိမ်းရောင်(ငါးကဏ္ဍ) ကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ဆက်လက်၍ နတ်သားတောကျေးရွာရှိ မြစိမ်းရောင်(ငါးကဏ္ဍ)စီမံကိန်းအဖွဲ့ဝင် ၁၄၉ ဦးအား ကော်မတီဝင်များက ငွေထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြင်းခြံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသော်ထွန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်း၊ မြို့နယ်မြစိမ်းရောင်ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးနေလင်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နတ်သားတောကျေးရွာဥက္ကဋ္ဌနှင့် မြစိမ်းရောင်(ငါးကဏ္ဍ)ကော်မတီဝင်များနှင့် အထောက်အကူပြုကော်မတီဝင်များ တက်ရောက်ကြသည်။ **သက်နောင်ဦး(ငါန်းဇွန်)**

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် ထိုင်းကုန်စည်မိတ်ဆက်ပွဲကျင်းပ

**ထားဝယ် ဧပြီ ၈**

ထိုင်းနိုင်ငံ ကမ်ချနာဘူရီခရိုင် ကုန်သည်နှင့်စက်မှုလုပ်ငန်းရှင်များအသင်းမှ ကြီးမှူး၍ ထိုင်းကုန်စည်မိတ်ဆက်ပွဲကို ဧပြီ ၆ ရက် ညနေ ၅ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ပန်းဥယျာဉ်ဟိုတယ်ဘေး၌ ကျင်းပခဲ့ကြောင်းသိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကို၊ ထားဝယ်ကုန်သည်နှင့် စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရဲထွဋ်နိုင်၊ ထိုင်းနိုင်ငံ ကမ်ချနာဘူရီခရိုင် ကုန်သည်နှင့်စက်မှုလုပ်ငန်းရှင်များအသင်းမှ Mr Teerachai Chutimant တို့က ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးမြတ်ကိုက ဂုဏ်ပြုအမှာစကားပြောကြားပြီး ထိုင်းနိုင်ငံ ကမ်ချနာဘူရီခရိုင် ကုန်သည်နှင့်စက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ထိုင်းကုန်စည်မိတ်ဆက်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။



ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမြတ်ကို၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထားဝယ်ကုန်သည်နှင့် စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ထိုင်းနိုင်ငံ ကမ်ချနာဘူရီခရိုင် ကုန်သည်နှင့် စက်မှုလုပ်ငန်းရှင်များအသင်းမှ ထိုင်းနိုင်ငံသား ၄၈ ဦး၏ ထိုင်းနိုင်ငံထုတ် လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများအား ကြည့်ရှုအားပေးပြီး ကုန်စည်များကို ဧပြီ ၆ ရက်မှ ၈ ရက်အထိ ပြသရောင်းချခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း လုပ်ငန်းဆောင်ရွက်မှုများရှင်းလင်း

**ရန်ကုန် ဧပြီ ၈**

ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းက ပြည်သူ့ကျန်းမာရေးဖွံ့ဖြိုးမှုဌာန စေတနာ ဆေးခန်းကို မုံရွာမြို့နယ် မုံရွေးကြေးမုံရွာ၌ မေလလယ်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ချင်းတွင်းလမ်းရှိ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း၏ မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

အဆိုပါ ဆေးခန်းတွင် ကျန်းမာရေးစောင့်ရှောက်မှုများ၊ အရေးပေါ်လူနာကြည့်ရှုခြင်း၊ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊လူငယ်များလမ်းမှား မရောက်စေဖို့ Youth Information များကို ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။ စေတနာဆေးခန်းဖွင့်လှစ်မည့် အဆောက်အအုံမှာ ပြန်လည်ပြင်ဆင်မှုလုပ်ငန်းများ ပြီးစီးသွားပြီ ဖြစ်သည်။

စေတနာဆေးခန်းများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ စတင်ဖွင့်လှစ်ခဲ့ရာ လက်ရှိတွင် ဆေးခန်း ၂၀ ဖွင့်လှစ်ထားရှိပြီး မန္တလေးတိုင်းဒေသကြီးတွင် ငါးခန်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ခုနစ်ခန်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် လေးခန်း၊ မကွေးတိုင်းဒေသကြီးတွင် နှစ်ခန်း၊ပဲခူးတိုင်းဒေသကြီးတွင် နှစ်ခန်း ဖွင့်လှစ်ထားရှိပြီး ယခုနှစ်အတွင်း ခုနစ်ခန်း ထပ်မံဖွင့်လှစ်ထားရှိရန် ရည်ရွယ်ထားသည်။

မုံရွေးကြေးမုံတွင် ယခုဖွင့်လှစ်မည့် ဆေးခန်းကို ပြည်သူ့ကျန်းမာရေးဖွံ့ဖြိုးမှုဌာနအဖြစ် ကျန်းမာရေးဖွံ့ဖြိုးမှုပညာပေးစခန်းဆောင်ရွက်မှုများကို ပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဝင်းမော်**

# အားကစားကွင်း တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီး

**ပလောက် ဧပြီ ၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ အမှတ်(၁)ရပ်ကွက်တွင် တနင်္သာရီတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဒီဇင်ဘာ ၂၅ ရက်မှ စတင်တည်ဆောက်ခဲ့သော မြို့မအားကစားကွင်း အဆင့်မြှင့်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အားကစားကွင်းကို Multi Centre Co.Ltd က တာဝန်ယူတည်ဆောက်ပေးပြီး အဆင့်မြှင့်ပြုပြင်ခြင်းလုပ်ငန်းအနေဖြင့် ကွန်ဂရစ်ပွဲကြည့်စင် အလျား ၆၀ ပေ၊ အနံ ၂၅ ပေ၊ အမြင့် ၁၆ ပေ တည်ဆောက်ခြင်း၊ ကွင်းပတ်လည် ၁၅၆၂ ပေ၊ ခြံစည်းရိုးပတ်လည် ၁၂၂၆ ပေ၊ ကွန်ကရစ်တိုင်နှင့် သံဆန်ခါကာရံခြင်း၊ သံပိုက်လုံးဂိုးတိုင်၊ ဂိုးအရေအတွက်ပြဆိုင်းဘုတ်၊ ကွင်းပတ်လည်ရေနုတ်မြောင်း ၁၁၃၂ ပေ အကျယ်နှစ်ပေနှင့် ရေမြောင်းအဖုံးပြုလုပ်ခြင်း၊ ကစားကွင်းဧရိယာ ၃၄၀×၂၂၀ ပေအား ကွင်းမြေကိုးလက်မအမြင့်မြှင့်၍ မြက်စိုက်ခြင်းလုပ်ငန်းများကို အားကစားနှင့်ကာပညာဦးစီးဌာန ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေကျပ် ၈၆၅ သိန်းဖြင့် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ပလောက်(ပြန်/ဆက်)**

## သရက်သီးပွဲတော် ပြပွဲ ပြိုင်ပွဲ စာတမ်းဖတ်ပွဲကို ရန်ကုန်မြို့ ရွှေပုစွန်တွင် ကျင်းပမည်

**ရန်ကုန် မေ ၈**

မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းကြီး၏ သရက်သီးပွဲတော်ကို ပြပွဲ၊ ပြိုင်ပွဲ၊ စာတမ်းဖတ်ပွဲများဖြင့် ယခင်နှစ်များအတိုင်း မေ ၂၃ ရက်မှ ၂၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သရက်သီးပြပွဲကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဒေါပုံမြို့နယ်၊ မင်းနန္ဒာလမ်း၊ 'ရွှေပုစွန်' ကဖေးနှင့်မုန့်တိုက်တွင် မြန်မာပြည်အရပ်ဒေသအသီးသီးမှ ဒေသထွက်သရက်သီးအမျိုးမျိုး၊ ပြိုင်ပွဲဝင် သရက်သီးအမျိုးအစားများဖြစ်သည့် စိန်တလုံး၊ ရွှေဟင်္သာ၊ ရင်ကွဲ၊ ပတ္တမြားငမောက်၊ မြကျောက်၊ အခြားသရက် (ပြည်တွင်းမျိုး/ဒေသမျိုး)၊ အခြားသရက် (ပြည်ပမျိုး/ပြည်ပနိုင်ငံမှ တင်သွင်းစိုက်ပျိုးအောင်မြင်နေသည့်မျိုး)များကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲစည်းကမ်းချက်များမှာ ပြိုင်ပွဲဝင်သရက်သီးများတွင် မိမိကိုယ်တိုင်စိုက်ပျိုးထားသောအပင်မှ ခူးထားသော အညှာ လေးလက်မပါရှိရမည်ဖြစ်ပြီး အနည်းဆုံး ငါးလုံး ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မိမိခြံမှထွက်ရှိသော သရက်သီး မှန်ကန်ကြောင်းကိုယ်တိုင်တာဝန်ယူရမည်ဖြစ်ပြီး သံသယဖြစ်ဖွယ်တွေ့ရှိရပါက ဆုပြန်လည်ရုပ်သိမ်းခံရမည်ဖြစ်သည်။

ပြိုင်ပွဲတွင် တစ်မျိုးသော်လည်းကောင်း၊ အမျိုးအစားအလိုက်သော်လည်းကောင်း ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြင်ပမှ ဖိတ်ကြားထားသည့် သရက်ပညာရှင်များမှ အကဲဖြတ် အမှတ်ပေးမည်ဖြစ်ပြီး ချီးမြှင့်မည့်ဆုများမှာ အမျိုးအစား တစ်မျိုးချင်းအလိုက် ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်းငါးသောင်း၊ နှစ်သိမ့်ဆု ကျပ်တစ်သိန်းတို့ဖြစ်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ လိပ်စာသို့လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။ မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း MFVP အမှတ်-၂၉၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှု အသင်းချုပ် UMFCCI Tower ငါးလွှာ၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ရှိ သရက်သီးပွဲတော် ကျင်းပဖြစ်မြောက်ရေးကော်မတီ ဦးအောင်မြင့်ကျော် ဖုန်း ၀၁ ၂၁၈၃၆၇ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ **သန့်ဇင်ဝင်း**

## မြစ်ငယ်-စစ်ကိုင်းဖြတ်လမ်းလေးလမ်းသွား မကြာမီပြီးစီးမည်

**မန္တလေး မေ ၈**



မြစ်ငယ်-စစ်ကိုင်းဖြတ်လမ်းသည် မြို့ရှောင်လမ်းအဖြစ် အသုံးပြုလာခဲ့သည်မှာ ကြာပြီဖြစ်သည်။ ယခင် မြစ်ငယ်-စစ်ကိုင်း ဖြတ်လမ်း၏ လမ်းအကျယ်မှာ နှစ်လမ်းသွားအဆင့်ဖြစ်သည်။ လက်ရှိကာလတွင် ထိုနှစ်လမ်းသွား လမ်းအား အဆင့်မြှင့် လေးလမ်းသွားလမ်းမကြီး ဖြစ်ပေါ်လာရေး အကောင်အထည်ဖော် ဆောင်ရွက်မှုမှာ များစွာပြီးစီးနေပြီဖြစ်သည်။ စစ်ကိုင်း-မြစ်ငယ် ဖြတ်လမ်းသည် ၄ မိုင် ၆ ဖာလုံခန့်ရှိပြီး အဓိကကျသော မြို့ရှောင်လမ်းအဖြစ် အသုံးပြုလျက်ရှိသည်။

မြစ်ငယ်-စစ်ကိုင်းဖြတ်လမ်းသည် ယာဉ်ကြီး၊ ယာဉ်ငယ်၊ဆိုင်ကယ်၊ စက်ဘီးများစွာ ဖြတ်သန်းသွားလာကြပြီး ကုန်စည်စီးဆင်းမှု မြန်ဆန်လာသလို အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးထားသည်။ မြစ်ငယ်-စစ်ကိုင်း ဖြတ်လမ်းစတင်ပေါ်လာသည်မှ စကာလမ်းဘေးဝဲယာ ကျေးရွာတို့ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ ရန်ကုန်-မန္တလေး လမ်းနှင့် စစ်ကိုင်း၊ အင်းဝ၊ တံတားဦးမြို့နယ်တို့နှင့် တိုက်ရိုက်ဆက်စပ်ပေးကာ ပြင်ဦးလွင်နှင့် မူဆယ်တက်သည့်ကုန်ကားများ ဖြတ်သန်းသွားလာသော လမ်းဖြစ်သည်။

ယခုအခါတွင် ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာပြီး မြစ်ငယ်-စစ်ကိုင်း ဖြတ်လမ်းဆီသို့ ကျေးရွာချင်းဆက် လမ်းများ ပေါ်ထွက်လာခဲ့သည်။ ကျောက်မျက်ရတနာဈေး၊ကျောက်စိမ်းစေတီတော်တို့နှင့်အတူ ဖွံ့ဖြိုးတိုးတက်လာမှု အချက်အချာကျသော လမ်းတစ်ခုဖြစ်သည်။ **တိမ်တမန်**

## မွေးမြူရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်ရန် ချေးငွေပေးအပ်

**ကန့်ဘလူ မေ ၈**

ကန့်ဘလူမြို့နယ် သိုး၊ ဆိတ်မွေးမြူရေးအသင်းသားများ မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန် မွေးမြူရေးချေးငွေပေးအပ်ပွဲကို မေ ၃ ရက် နံနက် ၁၀ နာရီက မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးမြင့်ဇော်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးညဏ်တင့်၊ မြို့နယ်ဌာနဆိုင်ရာများ၊ သိုး၊ ဆိတ်မွေးမြူရေးအသင်းဥက္ကဋ္ဌနှင့် မြို့မ၊ ထန်းကုန်း၊ ချပ်သင်း၊ ဇီးကုန်း၊ မလယ်တိုက်နယ်များမှ အသင်းသား ၅၉ ဦး၊ မြို့နယ်မွေး/ကုဦးစီး ဒေါက်တာကျော်ဝင်း၊ ဒုတိယဦးစီးမှူးများနှင့် ဝန်ထမ်းများတက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးမိုးမြင့်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်မွေး/ကုဦးစီးမှူး ဒေါက်တာကျော်ဝင်းက မွေးမြူရေးချေးငွေနှင့်ပတ်သက်၍ အသင်းသားများလိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မွေးမြူရေး ချေးငွေများကို သက်ဆိုင်ရာအလိုက် ပေးအပ်ခဲ့သည်။

၂၀၀၉ ခုနှစ်တွင် ကန့်ဘလူမြို့နယ် သိုး၊ ဆိတ်မွေးမြူရေးအသင်းကို အသင်းသား ၅၉ ဦးဖြင့် ဖွဲ့စည်းပြီး ကမ္ဘာ့ရတနာဘဏ်လီမိတက်မှ မွေးမြူရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်ရန် ချေးငွေကျပ် သိန်း ၅၉၀ ဖြင့် ဆိတ်ကောင်ရေ ၆၃၅၄ ကောင် စတင်မွေးမြူခဲ့သည်။

လက်ရှိဆိတ်ကောင်ရေ ၉၄၈၅ ကောင်ရှိပြီး ၉၄၅၃ ကောင်ကို ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးသို့ တင်ပို့နိုင်ခဲ့သည်။ ၂၀၀၉ ခုနှစ်မှ ၂၀၁၅ ခုနှစ် ဘဏ္ဍာနှစ်များအတွင်း ချေးငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၅၉၀ ကို အတိုးနှုန်း ၁ ဒသမ ၇ ကျပ်နှုန်းဖြင့် ထပ်မံချေးပေးသဖြင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် ကျေးလက်နေပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေးအတွက် အထောက်အကူပြုပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌက ပြောကြားခဲ့သည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ထာဝရငြိမ်းချမ်းရေးအတွက် (NCA) မူကြမ်း သဘောတူလက်မှတ်ရေးထိုးနိုင်မှု ထောက်ခံဆန္ဒထုတ်ဖော်ပွဲ တာချီလိတ်၌ကျင်းပ

**တာချီလိတ် မေ ၈**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) မူကြမ်း သဘောတူလက်မှတ်ရေးထိုးနိုင်မှု နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (Process)များကို ကြိုဆိုထောက်ခံပြီး ဧပြီလကုန်ပိုင်းတွင် အပြီးသတ်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ငြိမ်းချမ်းရေးလိုလားသူ ဒေသခံတိုင်းရင်းသား ပြည်သူများ စုပေါင်းကာ မေ ၆ ရက် နံနက် ၇ နာရီက စတင်၍ ခွင့်ပြုချက်ရယူပြီး ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ဆန္ဒဖော်ထုတ်ပွဲတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌဦးကြည်မြင့် ဦးဆောင်သည့် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ တိုင်းရင်းသားပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆိုင်ကယ်အသင်းများ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ တာလေမြို့ရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှတိုင်းရင်းသားပြည်သူများ၊ စုစုပေါင်းအင်အား ၁၅၀၀ ခန့်က မြို့မအားကစားကွင်းမှ စတင်ထွက်ခွာကာ အပစ်အခတ်အမြန်ရပ်စဲပေးပါ၊ ငြိမ်းချမ်းရေးကိုလိုလားပါသည်။ အပစ်အခတ်ရပ်စဲကြ ပြည်သူ့ဆန္ဒ၊ လူထုအားလုံး အေးချမ်းစွာနေလိုသည်။ အပစ်အခတ်ရပ်စဲရေး စာချုပ်လက်မှတ်ရေးထိုးခြင်းအား ထောက်ခံပါသည်စသည့် ဆိုင်းဘုတ်များကိုင်ဆောင်ပြီး၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းမှုခိုင်မာရေး၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး၊ ပြည်သူများ၏ တောင်းဆိုချက်အောင်ရမည်စသည့် ကြွေးကြော်သံများဖြင့် ဗိုလ်ချုပ်လမ်းမကြီးအတိုင်း ဆန်ဆိုင်း (ခ)ရပ်ကွက်ရှိ ရှမ်းရိုးမကွင်းပြင်ရှေ့၌ ငြိမ်းချမ်းစွာ လှည့်လည်ပြီးဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ယင်းနောက် မစ္ဆိမလူမှုကူညီရေးအသင်းမှ ဦးတင့်ဆွေက ရှမ်းရိုးမကွင်းပြင်တွင် ငြိမ်းချမ်းစွာလှည့်လည် ဆန္ဒထုတ်ဖော်လာ၍ စုရပ်တွင် ရပ်နားသည့် ပြည်သူများ၏ ရှေ့၌ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးနဲ့ တစ်နိုင်ငံလုံးက ပြည်သူတွေမက်နေတဲ့ ငြိမ်းချမ်းရေး အိပ်မက်ရောင်နီဦး စတင်လင်းလက်ရရှိပြီဖြစ်ကြောင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထောက်ခံကြောင်း ဂုဏ်ယူဝမ်းမြောက်စကား ရှင်းလင်းပြောကြားခဲ့သည်။

"တာချီလိတ်မြို့အနေနဲ့ နယ်စပ်ဒေသဖြစ်တဲ့အတွက် တည်ငြိမ်အေးချမ်းမှုမရှိရင် ပိုခံစားရတယ်။ ဒါကြောင့် စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေးရရှိရေးကို လိုလားတယ်၊ ထောက်ခံအားပေးပါတယ်။ ယခုလို ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲပြီး၊ နယ်မြေတည်ငြိမ် အေးချမ်းလာလျှင် ဒေသအမှန်တကယ်ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တဲ့အတွက် ထောက်ခံပါတယ်" ဟု ဒေသခံတိုင်းရင်းသားတစ်ဦးကလည်း ပြောသည်။

**ခရိုင်ပြန်/ဆက်**

## သင်္ကြန်ကာလအတွင်း အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲ မြဝတီမြို့တွင်ကျင်းပ

**မြဝတီ မေ ၈**

မြန်မာ့ရိုးရာအတာသင်္ကြန် ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေး၊ လိင်စိတ်နိုးကြွစေသောဆေးဝါးများ သုံးစွဲခြင်း၊ ရောင်းဝယ်ခြင်းများမရှိစေရေး အသိပညာပေးဟောပြောပွဲကို ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင် ဧပြီ ၄ ရက်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးအောင်ဝင်းသိန်းက အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအကြောင်းကိုလည်းကောင်း၊ ဒုတိယ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ငွေက ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ လိုက်နာရမည့် စည်းကမ်းချက်ကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ဆေးဝါးများဆိုင်ရာကိုလည်းကောင်း၊ အမှတ်(၃၂)မူးယစ်တပ်ဖွဲ့စုမှူးက လိင်/ကာမစိတ်ကြွဆေးဝါးများနှင့် တားမြစ်ဆေးဝါးဆိုင်ရာများကိုလည်းကောင်း ဟောပြောခဲ့သည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

## အဘိုး၊ အဘွားနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့

**ဘားအံ မေ ၈**



ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူမြို့ သစ္စာအေးမြိုင်ကျေးရွာရှိ တိုင်းရင်းသားပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြတ်မြတ်အုန်းခင်သည် ကရင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးဦးချစ်လှိုင်၊ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ နာယက ဒေါ်ညွန့်ညွန့်ဝေနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဧပြီ ၅ ရက်၊ ညနေပိုင်းတွင် သစ္စာအေးမြိုင် အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ကာရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ကြောင်းသိရသည်။

ယင်းသို့ တွေ့ဆုံပြီး အဘိုး ၁၉ ဦး၊ အဘွား ၁၄ ဦး စုစုပေါင်း ၃၃ ဦးအား အာဟာရဖြစ်စေသော အစားအစာများနှင့် အလှူငွေများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ သစ္စာအေးမြိုင်ကျေးရွာ ကိုယ်ဝန်ဆောင်မိခင် ၁၄ ဦးနှင့် မြိုင်ကြီးငူဒေသရှိ ကိုယ်ဝန်ဆောင် ၅၃ ဦးတို့အား ကိုယ်ဝန်ဆောင်အားဆေး၊ ကြက်ဥ၊ ကွေကာအုပ်၊ အိုင်အိုဒင်းဆားနှင့် အနှီးပိတ်များ ထောက်ပံ့ပေးအပ်ကြပြီး သစ္စာအေးမြိုင်ကျေးရွာရှိ ကလေးသူငယ်များအား ပဲနို့နှင့် မုန့်များ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

ဆောင်းပါး

# မြန်မာနှစ်သစ်အတွက် အကောင်းဆုံးရည်ရွယ်ချက်လေးများ



à ပေါက်ပေါက်

မဟာသင်္ကြန်ပြီးမြောက်လို့ ၁၃၇၇ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့သို့ ရောက်လာတော့မည်ဖြစ်ပါတယ်။ မြန်မာ့ရိုးရာအစဉ်အလာအရ ရှေးမူမပျက် နှစ်ဟောင်းမှအညစ်အကြေးတွေ နှစ်သစ်သို့မပါသွားအောင် ခေါင်းလျှော်၊ အဝတ် (ခြင်ထောင်၊ အိပ်ရာခင်း၊ စောင်၊ ခန်းဆီး၊ လိုက်ကာ၊ ထိုင်ခုံစွပ်) တွေ လျှော်၍ နှစ်သစ်ကိုကြိုကြလေ့ရှိပါတယ်။ လူသန့်ရှင်းဖို့ထက် စိတ်သန့်ရှင်းဖို့က ပိုအရေးကြီးပါတယ်။

နှစ်ဆန်း ၁ ရက်နေ့မှာ မိမိချစ်ခင်ရတဲ့သူတွေနှင့် ဘုရားသွားကျောင်းတက် ဘေးမဲ့ငါးလေးတွေလွှတ်ကာ ကုသိုလ်ပြုရုံနဲ့လည်း မလုံလောက်သေးပါဘူး။ တစ်နှစ်တာကာလပတ်လုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာပြည့်ဝစေဖို့ စိတ်သစ်၊ လူသစ်၊ အတွေးသစ်၊ နှစ်သစ်အတွက် အကောင်းဆုံးရည်ရွယ်ချက်လေးများဖြင့် စတင်လိုက်ကြပါစို့လားရှင်။

(၁) 'အာရောဂျ ပရမံလာဘံ' ပါ။ 'အစာလည်းဆေး၊ ဆေးလည်းအစာ' အဖြစ် အစားအစာ စုံစား ပေးရပါမယ်။ (ကျန်းမာရေးကို ကောင်းကျိုးပြုစေမယ့် မှန်ကန်တဲ့အစားအစာမျိုးကိုတော့ ရွေးချယ်တတ်ပါစေ။)

(၂) လေ့ကျင့်ခန်းလုပ်ဖို့မပျင်းပါနဲ့။ အနည်းဆုံးလမ်းလျှောက်လေ့ကျင့်ခန်းလေးဖြစ်ဖြစ် နေ့စဉ် ကိုယ်လက်လှုပ်ရှားကစားပေးရပါမယ်။

(၃) အိပ်ရာဝင်ချိန်၊ အိပ်ရာနိုးထချိန်၊ အစာစားချိန် မှန်နေရပါမယ်။

(၄) တိုးတက်ပြောင်းလဲလာတဲ့ ခေတ်စနစ်နဲ့အညီ မိမိတစ်ယောက် မကျန်ခဲ့ရအောင် စူးစမ်းလေ့လာမှတ်သားတတ်ရပါမယ်။

(၅) နိစ္စဓူဝ ကြိုးစားရုန်းကန်နေရသူတွေအဖို့ စိတ်ရဲ့ထွက်ပေါက်အဖြစ်၊ သီချင်းဆိုခြင်း၊ ကခုန်ခြင်း၊ အစားအသောက် ချက်ပြုတ်စားသောက်ခြင်း၊ သစ်ပင်စိုက်ခြင်းစတဲ့ မိမိဝါသနာပါရာကို အချိန်နည်းနည်းပေးလုပ်ကြည့်ပါ။

(၆) နှစ်ဟောင်းမှာတင်ခဲ့တဲ့ကြွေးဟောင်းတွေကို ကျေအောင်ဆပ်ပြီး နှစ်သစ်မှစ၍ မိမိတတ်နိုင်သလောက် ပိုက်ဆံ (ငွေကြေး) စုဆောင်းတဲ့အလေ့အကျင့်ကောင်းကို စတင်မွေးမြူရပါမယ်။

(၇) နေထိုင်စားသောက်မှုပုံစံပြောင်းလဲလာမှုကြောင့် ကမ္ဘာနဲ့အဝှမ်း အဝလွန်သူတွေ တစ်နေ့တခြား တိုးပွားနေပါတယ်။ အဲဒီအထဲမှာ ကိုယ်မပါအောင် ခန္ဓာကိုယ်အလေးချိန်ကို ထိန်းထားနိုင်ရပါမယ်။

(၈) မတွန့်တိုပါနဲ့၊ မနှမြောပါနဲ့၊ မိမိတတ်နိုင်သလောက် ပေးကမ်းစွန့်ကြဲလှူဒါန်းရပါမယ်။ (လှူပြီးနောက် နှမြောတသနောင်တမရဘဲ ပီတိဖြစ်စေမယ့်အလှူမျိုးသာဖြစ်ပါစေ။)

(၉) စိတ်ရောကိုယ်ပါကျန်းမာဖို့အတွက် အကောင်းဆုံးဆေးတစ်ခွက်က 'အိပ်ရေးဝဝ အိပ်စက်ခြင်း' ဖြစ်တယ်ဆိုတာကို အမြဲသတိရနေပေးပါ။

(၁၀) စိတ်ချမ်းသာဖို့အတွက် ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ခြင်းကလည်း အရေးကြီးတဲ့ ကဏ္ဍတစ်ရပ်ပါပဲ။ နှစ်ဟောင်းမှာ ဆက်ဆံရေး အဆင်မပြေခဲ့သူတွေကို၊ နှစ်သစ်ကစလို့ အသွင်သစ်၊ စိတ်သစ်၊ လူသစ်၊ အကောင်းမြင်စိတ်ဓာတ်ဖြင့် ပြောင်းလဲဆက်ဆံကြည့်ပါ။

(၁၁) ဘယ်လောက်ပဲအလုပ်များ၊ အလုပ်ရှုပ် စိတ်ရှုပ်ထွေးနေပါစေ မိသားစုအတွက် အချိန်ပေးပြီးတော့ ပျော်ရွှင်စရာ မိသားစုကမ္ဘာကို တည်ဆောက်ပေးရပါမယ်။ (ကိုယ်ချစ်ရတဲ့သူတွေ အနားမှာရှိနေတုန်း တန်ဖိုးထားတတ်ပါစေ။)

(၁၂) တီဗွီကြည့်ချိန်၊ ဂိမ်းကစားချိန်၊ အင်တာနက်သုံးချိန်ကို လျှော့ချပေးပြီး၊ ဥပမာ ဘာသာစကားသစ် လေ့လာသင်ယူခြင်းစတဲ့ ဗဟုသုတရစရာတွေကို ရှာမှီးပါ။

(၁၃) 'စာအုပ်စာပေ လူ့မိတ်ဆွေ' 'အလိမ္မာစာမှာရှိ' သမို့ အတွေးအခေါ်ကောင်းများ တိုးတက်လာအောင် စာများများဖတ်ရပါမယ်။

(၁၄) 'ဆေးလိပ်' ဖြတ်ကြပါစို့။

(၁၅) 'အရက်' ဖြတ်ကြပါစို့။

(၁၆) ဖြစ်နိုင်လျှင် ကား (ယာဉ်အမျိုးမျိုး) မစီးဘဲ လမ်းများများလျှောက်ပါ။ စက်လှေကား၊ ဓာတ်လှေကားမသုံးဘဲ မိမိခြေထောက်ကိုသာ အားကိုးပါ။

(၁၇) လောကမှာ ကိုယ်မသိ၊ မတတ်သေးတာတွေ အများကြီးရှိနေပါသေးတယ်။ မိမိထက်ကြီးသူ၊ ရွယ်တူ၊ ငယ်သူတွေဆီကနေ မိမိမသိသေးတာတွေကို လေ့လာသင်ယူဖို့ မရှက်ပါနဲ့၊ ဝန်လေးမနေပါနဲ့။

(၁၈) ကြောက်ရွံ့စိုးရိမ်၊ အားငယ်စိတ်တွေရှိနေရင် အဲဒီစိတ်တွေကို မိမိဘာသာ အနိုင်ယူပစ်ရပါမယ်။ (သူများစိတ်နဲ့ ကိုယ့်ကိုယ်အဖြစ်မခံပါနဲ့။ လူ့ဘဝက တိုတိုလေးရယ်။)

(၁၉) မြန်မာပြည်သူ ပြည်သားတစ်ယောက်အနေနဲ့ မြန်မာပြည်တွင်းထဲမှာတောင် မိမိမရောက်ဖူးသေးတဲ့မြို့၊ ရွာဒေသတွေ အများကြီးရှိနေပါသေးတယ်။

ရုံးပိတ်ရက် အတို၊ အရှည်ပေါ် မူတည်ပြီး ကျန်းမာရေးကောင်းစဉ် မရောက်ဖူးသေးတဲ့ နေရာဒေသတွေကို ချစ်ရတဲ့မိသားစု (သို့မဟုတ်) မိတ်ဆွေတွေနဲ့ ခရီးထွက်ဖြစ်အောင်ထွက်ကြည့်ပါ။

## ကျောက်ပန်းတောင်းမြို့နယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ လူဦးရေစာရင်းများ တိကျမှန်ကန်မှုရှိစေရေး လုပ်ငန်းဆောင်ရွက်

**ကျောက်ပန်းတောင်း မေ ၈**

၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် နိုဝင်ဘာလဆန်းတွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးနှင့်မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်မှုရှိစေရေးတို့အတွက် ကွန်ပျူတာဖြင့် မဲစာရင်းပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးတွင် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။



ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ မြို့ပေါ် ၁၂ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၀၉ အုပ်စုတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ကျား ၉၉၃၃၅ ဦးနှင့် မ ၁၂၀၀၂၁ ဦး စုစုပေါင်း ၂၁၉၃၅၆ ဦးရှိသည်။

ရပ်ကွက် နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့မှပူးပေါင်းစိစစ်၍ ဆက်လက်တင်ပြလာသည့်မဲဆန္ဒရှင်စာရင်း ပုံစံ(၁) သုံးစောင်တွဲတစ်စုံကို၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ မိတ္တူလေးစုံ ထုတ်ယူရရှိရေးအတွက်လည်းကောင်း၊ စာရင်းဇယားများတိကျမှန်ကန်မှုရှိစေရေးအတွက်လည်းကောင်း ကွန်ပျူတာဖြင့် စနစ်တကျပြန်လည်စိစစ်ထည့်သွင်းနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ပျူတာဖြင့်မဲစာရင်းပြုစုခြင်းလုပ်ငန်းကို မတ် ၃၀ ရက်မှစတင်၍ မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်ရှိန်၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကော်မရှင်အဖွဲ့ဝင်များက မြို့နယ်ခွဲအလိုက် တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး ကွန်ပျူတာကိုးလုံးနှင့် ပညာရေးဌာနမှ ကွန်ပျူတာကျွမ်းကျင်ဝန်ထမ်း ၂၀ ဦးတို့ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## အလုပ်အကိုင်အခွင့်အလမ်းပါ မိတ်ဆက်ပေးသည့် ဂျပန်စာရင်းအင်းပညာသင်တန်း ဖွင့်လှစ်

**ရန်ကုန် မေ ၈**

သင်တန်းပြီးသည်နှင့် အလုပ်အကိုင်အခွင့်အလမ်းပါမိတ်ဆက်ပေးမည့် Japanese Style Accounting ဂျပန်စာရင်းအင်းပညာသင်တန်းကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း ဗားကရာလမ်းတွင် ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

Japanese Style Accounting ဂျပန်စာရင်းကိုင်ပညာနှင့် မြန်မာနိုင်ငံတွင် လက်ရှိသင်ကြားနေသည့် UK မှ LCCI တို့သည် မတူဘဲ သင်ကြားရာတွင် လက်တွေ့ကျပြီး ပိုမိုလွယ်ကူကြောင်းနှင့် သင်တန်းပြီးပါက ဂျပန်လုပ်ငန်းရှင်များနှင့် မိတ်ဆက်ပေးကာ အလုပ်အကိုင်အခွင့်အလမ်းများပါ ချိတ်ဆက်မေးမည့်အစီအစဉ် ပါဝင်သဖြင့် မြန်မာနိုင်ငံရှိ လူငယ်များအနေဖြင့် တက်ရောက်သင့်ကြောင်း ယခင်သင်တန်းတက်ဖူးသူ စာရင်းစစ်လုပ်ကိုင်နေသူ ဒေါ်လှသိန်းကပြောသည်။

သင်တန်းမှာ နှစ်ဆင့်ရှိပြီး တစ်ပတ်လျှင်တစ်ရက်၊ တစ်ရက်တွင် ၃ နာရီ တစ်ကြိမ်သာတက်ရမည်ဖြစ်ပြီး Elementary အဆင့်အတွက် သုံးလနှင့် Advanced သင်တန်းအတွက် ၃ လကြာမြင့်မည်ဖြစ်ပြီး သင်တန်းကြေး တစ်လ ၃၀၀၀၀ ကျပ် ပေးရမည်ဖြစ်ကြောင်း သိရသည်။ မူရင်းပုံနှိပ်စာအုပ်များဖြင့်သာ သင်ကြားပေးမည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်းမအောင်သေးသူ ၁၀ တန်းအဆင့်ရှိသူများလည်း တက်ရောက်နိုင်ပြီး ဂျပန်စာတတ်ပါက အလုပ်ရရန် အခွင့်အလမ်းများသေချာနေကြောင်း ကျောင်းအုပ်ကြီးကပြောသည်။

ဂျပန်စာသင်ကြားတတ်မြောက်ထားသူများအနေဖြင့် သင်တန်းတွင် ထူးချွန်ပါက ဂျပန်နိုင်ငံရှိရုံးခွဲတွင် တာဝန်ထမ်းဆောင်မည့်အခွင့်အရေးလည်းရှိသဖြင့် ဂျပန်ဘာသာစကားကိုပါ လေ့လာထားသင့်ကြောင်းနှင့် မြန်မာနိုင်ငံသို့ ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ လာမည့်နှစ်တွင် ယခုနှစ်ထက် ငါးဆပိုမိုဝင်ရောက်လာဖွယ်ရှိနေသဖြင့် ယခုနှစ်တွင် ဂျပန်ရင်းနှီးမြှုပ်နှံမှုပေါင်း ၂၀၀ ရှိရာမှ လာမည့်နှစ်တွင် ဂျပန်ကုမ္ပဏီပေါင်း ၁၂၀၀ ခန့် ဝင်လာဖွယ်အလားအလာရှိနေကြောင်း၊ ဗီယက်နမ်နိုင်ငံတွင် ယခုဂျပန်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီစုစုပေါင်းမှာ ၁၂၀၀ ကျော်နေကြောင်း၊ သို့သော် မြန်မာလူမျိုးများသည် အလုပ်ပိုကြိုးစားကြသဖြင့် မြန်မာပြည်တွင် ဂျပန်ကုမ္ပဏီများ ပိုမိုရင်းနှီးမြှုပ်နှံလိုကြောင်း ဂျပန် CPA တစ်ဦးဖြစ်သည့် ဂျပန်နိုင်ငံ၏ ဘဏ္ဍာရေးဒုတိယဝန်ကြီးဟောင်း TANIGUCHI TAKAYOSHI OFFICE မှ ကျောင်းအုပ်ကြီး Mr. Taniguchi Takayoshi က မေ ၅ ရက်က UMFCCI တွင် ပြုလုပ်သော ကျောင်းမိတ်ဆက်ပွဲတွင်ပြောသည်။

"အခုဆို ရန်ကုန် သီလဝါမှာ ဂျပန်ရင်းနှီးမြှုပ်နှံမှုအတွက် ၂၄၀၀ ဟက်တာတွင် စက်ရုံများဆောက်နေတယ်။ အဲဒီမှာ မြန်မာလူမျိုးနှစ်သိန်းကျော် အလုပ်ရနိုင်မှာဖြစ်ပါတယ်။ ဒါပေမဲ့ ဂျပန်ကုမ္ပဏီတွေကတော့ အလုပ်ထဲမှာ ဂျပန်လူမျိုးတွေက ဂျပန်လိုပဲပြောပါတယ်" ဟု ကျောင်းအုပ်ကြီးက ဆက်လက်ပြောသည်။

**ဖိုးသန့်**

## သံဖြူဇရပ်မြို့နယ်တွင် (၃၈) ကြိမ်မြောက် နိုင်ငံတော်အစိုးရပါဠိပထမပြန်စာမေးပွဲ ကျင်းပ

**သံဖြူဇရပ် မေ ၈**

(၃၈) ကြိမ်မြောက် နိုင်ငံတော်အစိုးရပါဠိပထမပြန်စာမေးပွဲကို သံဖြူဇရပ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် မေ ၁ ရက်မှ ၇ ရက်အထိကျင်းပခဲ့ကြောင်း သိရသည်။

ယခုနှစ်ကျင်းပသည့်ပထမပြန်စာမေးပွဲတွင် မြို့နယ်အတွင်း စာသင်တိုက်များမှ ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်းဖြေဆိုသူများနှင့် မြို့နယ်အခြေပြု မူလတန်းဖြေဆိုသူ ရဟန်းသာမဏေ၊ သီလရှင် ၄၂၀ ပါးတို့ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

စာမေးပွဲဖြေဆိုရာသို့ မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် အမှူးပြုသည့် ဆရာတော် ၃၂ ပါးမှ ကြီးကြပ်ဆောင်ရွက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သာသနာရေးမှူး၊ မြို့နယ်ဥပဋ္ဌာကအဖွဲ့နှင့် ကျင်းပရေးလုပ်ငန်းကော်မတီများ မြို့နယ်အတွင်းရှိအလှူရှင်၊ စေတနာရှင်များမှ ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းနှင့် ဝေယျာဝစ္စလုပ်ငန်းများ ဒါနပြုကြကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

# နတ်တလင်းမြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်



**နတ်တလင်း မေ ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ မြို့မဈေးကြီးအတွင်း မတ် ၃၀ ရက် နံနက် ၉ နာရီက မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို မြို့မရဲစခန်းမှူးယာယီရဲမှူး ဇော်လွင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစတီးဘိုဘို၊ မြို့နယ်မီးသတ်တာဝန်ခံဒုတိယဦးစီးမှူးမင်းနိုင်၊ စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ခင်ဇော်၊ မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမင်းကျော်ရနှင့် အဖွဲ့ဝင် ၁၅ ဦးပါဝင်၍ မြို့မဈေးကြီးအတွင်း လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ စစ်ဆေးရာတွင် ဈေးအတွင်း သန့်ရှင်းဆောင်ရွက်ထားရှိမှု၊ မီးနှင့်အသုံးပြုရောင်းချသော အသုပ်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ၊ မုန့်ဟင်းခါးဆိုင်များ မီးကိုကန့်သတ်ထားချိန်အတွင်း စနစ်တကျ သုံးစွဲကြရန်နှင့် သုံးစွဲပြီးစီးပါက ငြိမ်းသတ်ထားကြရန်မှာကြားခဲ့သည်။

စားသုံးဆီ ရောင်းချသောဆိုင်များကို ဆီပီပါများ စနစ်တကျ သိုလှောင်ထားရှိမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ဈေးသူဈေးသားများ မီးဘေးကာကွယ်ရေးအတွက် အစဉ်သတိပြုရန်၊ ဈေးအတွင်း မီးသတ်ရေစင်အား ကြည့်ရှုပြီး ရေပြတ်လပ်မှုမရှိအောင်တာဝန်ရှိသူများမှ ဆောင်ရွက်ထားကြစေရန် အကြံပြု မှာကြားခဲ့သည်။

**ဝ၇၁**

# အများပြည်သူနှင့် ကလေးငယ်များ စိတ်ဝင်စားသည့် တိရစ္ဆာန်များရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ထပ်မံရောက်ရှိ

**ရန်ကုန် မေ ၈**

အများပြည်သူနှင့် ကလေးငယ်များ စိတ်ဝင်စားမှုအများဆုံးဖြစ်သည့် တိရစ္ဆာန်လေးများသည် တိရစ္ဆာန်ဥယျာဉ်နေပြည်တော်နှင့် ဆာဖာရီဥယျာဉ်မှတစ်ဆင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ မေ ၄ ရက်က ရောက်ရှိလာခဲ့ကြောင်းသိရသည်။

"အခုရောက်လာတဲ့ တိရစ္ဆာန်တွေထဲမှာ နေပြည်တော်မှာပေါက်တာဆိုလို့ ဘိဲ့တစ်လုံးကုလားအုတ်တစ်စုံပဲပါတယ်။ ကျန်တာတွေက အာဖရိကကနေ ရောက်လာတာပါ။ နေပြည်တော် ဆာဖာရီကနေတစ်ဆင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို သယ်လာတာပါ။ ရန်ကုန်မှာရှိတဲ့ ကလေးငယ်တွေနဲ့ အများပြည်သူတွေ အပန်းဖြေ လေ့လာကြည့်ရှုစေချင်တဲ့အတွက်ဖြစ်ပါတယ်" ဟု ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးတင်ရွှေက ပြောသည်။

အသစ်ထပ်မံရောက်ရှိလာသည့် တိရစ္ဆာန်များမှာ ခြင်္သေ့ညို အမတစ်ကောင်၊ ကြံ့ဖြူအထီး တစ်ကောင်၊ ဘိဲ့တစ်လုံးကုလားအုတ်အထီးအမတစ်စုံ၊ ငှက်ကုလားအုတ်တစ်စုံ၊ မြင်းကျားအထီးအမ တစ်စုံတို့ဖြစ်သည်။

၆၉ ဒသမ ၂၉ ဧက ကျယ်ဝန်းသည့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီးထဲတွင်အော်ရန်အူတန် လူဝံများ၊ ချင်ပန်စီမျောက်ဝံများ၊ မျိုးသုဉ်းလုနီးပါး ဖြစ်နေသော ကြံ့များ၊ ကျား၊ ကျားသစ်၊ ခြင်္သေ့၊ သမင်၊ ဒရယ်၊ ဝံပုလွေနှင့် ဆင်များ၊ တောရိုင်းတိရစ္ဆာန်များ၊ မြန်မာ့မျိုးရင်း ဒေါင်းအပါအဝင် ကျေးငှက်သာရကာများ၊ မြွေများ၊ မိကျောင်းများ၊ မျောက်မျိုးစုံစသည့် တိုင်းပြည်၏ အဖိုးတန် တောရိုင်းတိရစ္ဆာန်ကောင်ရေပေါင်း ၁၃၀၀ ကျော်ရှိကြောင်းသိရသည်။

**(သီသီမင်း)**



# မီးဘေးသင့်အိမ်ထောင်စုဝင်များအားနိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေး

**ချောက် မေ ၈**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ထိန်ကန်ကျေးရွာရှိ မီးဘေးသင့်အိမ်ထောင်စု ဝင်များအား ကျေးရွာရှိ ကယ်ဆယ်ရေးစခန်းသို့ ယမန်နေ့ကသွားရောက်၍ မီးဘေးသို့ပါသွားသော နိုင်ငံသား စိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်း (၆၆/၆) ဆောင်ရွက်ခြင်းအား တိုက်နယ်မှူး ဦးအောင်ချမ်းငြိမ်း၊ လ-ဝ-ကမှူးနှင့် လက်ထောက် လ-ဝ-ကမှူး တို့က အခမဲ့ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဓာတ်ပုံရိုက်ခများအား 'ခေတ်ဆန်းဝင်း' ဓာတ်ပုံတိုက်မှ လှူဒါန်းခဲ့ကြောင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျား ၃၆ ဦး၊ မ ၃၁ ဦး စုစုပေါင်း ၆၇ ဦးနှင့် အိမ်ထောင်စုလူဦးရေစာရင်း (၆၆/၆) ၃၁စု ဆောင်ရွက်ပေးခဲ့သည်။

**မချို(ချောက်)**

# မော်တော်ဆိုင်ကယ်များ ယာဉ်စည်းကမ်းနှင့်အညီ မောင်းနှင်သွားလာရေး အတွက်စစ်ဆေး

**ကျုံပျော် မေ ၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ယာဉ်စည်းကမ်းကြီးကြပ်မှုကော်မတီက မေ ၆ ရက်တွင် မော်တော်ဆိုင်ကယ်များ ယာဉ်စည်းကမ်းနှင့်အညီ မောင်းနှင်သွားလာရေးအတွက် စစ်ဆေးဆောင်ရွက်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

"အခုလို ကြပ်မတ်ဆောင်ရွက်မှုမျိုးကို မကြာခဏ လုပ်ပေးသင့်ပါတယ်။ ဆိုင်ကယ်စီးသူတွေက စစ်ဆေးတဲ့ရက်တွေမှာပဲ စည်းကမ်းလိုက်နာပြီး စစ်ဆေးမှု မလုပ်တော့ရင် ဆိုင်ကယ်စီးဦးထုပ်တောင် မဆောင်းကြတဲ့အတွက် တိုက်မိခိုက်မိပြီး အသက်အန္တရာယ်ဆုံးရှုံးမှုတွေ မကြာခဏဖြစ်ကြရပါတယ်။ အခုလာမယ့် သင်္ကြန်နှစ်ကူးရက်ထဲမှာလည်း မော်တော်ယာဉ်တွေကို ယာဉ်စည်းကမ်းနဲ့အညီ စစ်ဆေးကြပ်မတ်ပေးနိုင်ရင် ပိုပြီးကောင်းမွန်ပါလိမ့်မယ်" ဟု မြို့ခံပြည်သူတစ်ဦးက ပြောသည်။

ဆိုင်ကယ်စီးနင်းသူများအနေဖြင့် ယာဉ်မောင်းနှင်စဉ် လိုက်နာရမည့် စည်းကမ်းချက်များကိုသိရှိပြီး လိုက်နာဆောင်ရွက်ခြင်းဖြင့် မိမိနှင့် တစ်ပါးသူများ ယာဉ်အန္တရာယ် ကင်းဝေးရေးအတွက် ကူညီဆောင်ရွက်ရန်လိုကြောင်း၊ မြန်နှုန်းမြင့် မောင်းနှင်ခြင်းများကိုလည်း မပြုလုပ်ရန်လိုအပ်ကြောင်း၊ မကြာခဏ စစ်ဆေးကြပ်မတ်ပြီး ယာဉ်အန္တရာယ် ကင်းဝေးရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

**(မြို့နယ်ပြန် /ဆက်)**

# သင်္ကြန်ကာလ မှုခင်းများမဖြစ်ပေါ်ရေး အသိပညာ ပေးဆွေးနွေး

**ကျောက်တံခါး မေ ၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့ မြို့မရပ်ကွက် မြို့မ အလက ကျောင်းတွင် မေ ၂ ရက် နံနက် ၉ နာရီက သင်္ကြန်ကာလနှင့် သင်္ကြန်မတိုင်ခင်ရက်များတွင် မှုခင်းများမဖြစ်ပေါ်စေရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ကျောက်တံခါးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းညွန့်က သင်္ကြန်မတိုင်ခင်နှင့် သင်္ကြန်အတွင်း မှုခင်းများ မဖြစ်ပေါ်စေရေးကို နယ်မြေရဲစခန်းများအလိုက် နေ့စဉ်အချိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်းပြောကြားခဲ့သည်။

ဟောပြောရာတွင် တရားမဝင်အရက်ပုန်းဆိုင်များ၊ လိင်စိတ်ကြွဆေးနှင့်တားမြစ်ဆေးဝါးအရောင်းဆိုင်များ၊ လက်နက်ပုန်းကိုင်ဆောင်သူများ၊ မူးယစ်ရမ်းကား၍အရှိန်ပြင်းစွာ ယာဉ်မဆင်မခြင်မောင်းနှင်သူများအား အသိပညာပေးခြင်း၊ ဆောင်ရန်၊ ရှောင်ရန်နှင့် သတ်မှတ်စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်စေရန် မြို့မိမြို့ဖများ၊ အထောက်အကူပြုအဖွဲ့နှင့် ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများနှင့်ပူးပေါင်း၍ဆောင်ရွက်သွားကြရမှာဖြစ်ပြီး ယာဉ်မဆင်မခြင်မောင်းနှင်ခြင်းကြောင့် မိမိမြို့နယ်အတွင်းမှ သေဆုံးနှင့် ထိခိုက်ဒဏ်ရာရသည့် မှုခင်းဖြစ်ရပ်မှန်များကိုလည်း ပြည်သူများ အသိတရားရရှိ၍ သတိထားစေရန် ပါဝါပွိုင့်ဖြင့်ပြသခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပဲနွယ်ကုန်းနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းနိုင်က ပဲနွယ်ကုန်းနယ်မြေအတွင်း မှုခင်းများမဖြစ်ပေါ်စေရေး ကြိုတင်ဆောင်ရွက်ထားမှုအခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသောပြည်သူများမှ အကြံပြုတင်ပြကြရာ တင်ပြချက်များအပေါ် မြို့နယ်ရဲတပ်ဖွဲ့မှူးမှ ပြန်လည်ရှင်းလင်းတင်ပြခဲ့သည်။

ဆွေးနွေးပွဲသို့ ပဲနွယ်ကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောတာကလူထူး၊ မြို့နယ်အထောက်အကူပြုဥက္ကဋ္ဌ ဦးလှဝင်းကျော်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆေးအရောင်းဆိုင်များမှ အရောင်းကိုယ်စားလှယ်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ စုစုပေါင်း ၁၇၀ တက်ရောက်ခဲ့သည်။ **ခင်ကို(ကျောက်တံခါး)**

# မိုးပွင့်အထူးစီမံချက် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်

**မိုင်းစံ မေ ၈**

မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအား မတ်လနောက်ဆုံးအပတ်က လွိုင်လင်ခရိုင် မိုင်းစံမြို့ ဝမ်လီကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မိုင်းစံမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လဝကမှူး ဦးတိုးဝင်းအောင်က မိုးပွင့်အထူးစီမံချက်ဆိုင်ရာ လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး အသက်(၁၀)နှစ်နှင့် (၁၈)နှစ်ပြည့်နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၂၉ ခုကို လျှောက်ထားသူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။ **ဝင်းမင်းသန်း**(IPRD)

# မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**လောင်းလုံ မေ ၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့ လူမှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးမောင်မောင်နှင့်ဝန်ထမ်းများသည် မိုးပွင့်(အထူး) စီမံချက်အရ Norwegian Refugee Council (NRC) အဖွဲ့နှင့်ပူးပေါင်း၍ မေ ၁ ရက်နှင့် ၂ ရက်တွင် နံနက် ၉ နာရီမှစတင်၍ စခန်းကြီးကျေးရွာ အ. လ. က (ခွဲ) ကျောင်း စခန်းကြီးကျေးရွာတွင် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၅ နှင့် အကျုံးဝင်သော တိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများအား နေ့ချင်းပြီး အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ညနေပိုင်းတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးမောင်မောင်၊ NRC အဖွဲ့ ကွင်းဆင်းတာဝန်ခံ ဦးစောမောရစ်၊ စခန်းကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှိုင်တင်နှင့် အထောက်အကူပြုအဖွဲ့တို့မှ ကျေးရွာပြည်သူ ၂၇၄ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းလက်ဝယ်သို့ပေးအပ်ပြီး အိမ်ထောင်စုလူဦးရေစာရင်း ၆ စုတို့ကို ပေးအပ်ခဲ့သည်။ **ဖိုးရွှေသွန်း(ထားဝယ်)**

# နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အင်းစိန်မြို့နယ်မသန်စွမ်း စစ်မှုထမ်းဟောင်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်



**ရန်ကုန် မေ ၈**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့သည် ၂၀၁၅ ခုနှစ် နှစ် (၇၀) ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မသန်စွမ်းအငြိမ်းစားစစ်သည်များအား ဂုဏ်ပြုသောအားဖြင့် ထောက်ပံ့ငွေများ ပေးအပ်ပွဲကိုမတ်လအတွင်း၌ အင်းစိန်မြို့နယ်အောင်ဆန်းရပ်ကွက်ရှိ မြို့နယ်စစ်မှုထမ်းဟောင်းရုံးခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးစောအယ်စီ (ငြိမ်း)နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းဥက္ကဋ္ဌက မသန်စွမ်း စစ်မှုထမ်းဟောင်း ၄၇ ဦးအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၂၃၅၀၀၀ ပေးအပ်ခဲ့သည်။ **မြဓ၄**

## ရွှေပြည်ဟိန်းမိုးကောင်းလမ်းကွန်ကရစ်လမ်းခင်းအလှူပါဝင်လှူဒါန်းနိုင်

ရွှေပြည်ဟိန်းဆရာတော်၏ဇာတိနယ်မြေဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်နှင့်ကျေးရွာပေါင်း (၃၀)ကျော်တို့ သွားလာမှုအဆင်ပြေစေရန်အတွက် ထန်းကုန်းကျေးရွာမြောက် (၂)မိုင်ခန့်အကွာ ရွှေပြည်ဟိန်း တံတားမှ မိုးကောင်းရွာအထိ (၂)မိုင်ခွဲအရှည်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ကျောက်တစ်ကျင်း (၃၀၀၀ဝိ/-)၊ သဲကားတစ်စီး (၂၀၀ဝိ/-) ဘိလပ်မြေ(၁)အိတ် ၆၀၀ဝိ/-၊ ဂဝံမြေ(၁)ကျင်း ၁၅၀၀ဝိ/- ပါဝင်လှူဒါန်းကာ လမ်းတံတားအလှူရှင်အဖြစ် ခံယူနိုင်ကြပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

## သီတဂူရွှေပြည်ဟိန်းစက္ခုဒါနဆေးရုံ အလင်းဒါန ပါဝင်လှူဒါန်းနိုင်

မတ်လ (၁၅)ရက် (၄၅)ကြိမ်အထိ မျက်စိဝေဒနာရှင်ဦးရေ (၅၈၀၀)ပြည့် အလင်းဒါန ပြုလုပ်ပြီးဖြစ်ပါသည်။ မေလ (၂၅၊ ၂၆)ရက်တွင် ၄၆-ကြိမ်မြောက် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀ဝိ/-ကို အလင်းဒါနအလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူ ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊ (ကျိုက္ကဆံဘုရားပါဝင်။ တာမွေလေး။ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉
ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အနှင်းဆီဘဏ်ခွဲ(AccountNo.00730200701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း၊ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

Travel Palace
အဆင့်မြင့်ဘုရားဖူးနှင့်ခရီးသွားလုပ်ငန်း
တောင်ကြီး၊အင်းလေး၊ပင်းတယ၊ထန့်ဆန်း 4N/5D 180000
ရွှေတော်ကျော
ရွှေစက်တော်၊ပုပ္ပါး 4N/5D 180000
အလောင်းတော်ကဿပ 4N/5D 180000
စစ်ကိုင်း၊မန္တလေး၊ပြင်ဦးလွင် Hotel 3 N
April 12th 17th
01 577795, 09 253981795
09 448025596, 09 5155170
Hotelတည်း၊Restaurantစား

B.L.T Travels
သင်္ကြန်အထူးခရီးစဉ် Apr12
တောင်ကြီး၊ အင်းလေး၊ ပင်းတယ
ကျိုက်ထီးရိုး 15000 ✧ ချောင်းသာ 20000
09-73163538, 09-31785622

NT Car Rental 09 73139320 01 661668
(သင်္ကြန်ကားအမျိုးမျိုး)
ခရီးစဉ်မျိုးစုံနှင့် လချုပ်
ကားမျိုးစုံငှားရန်ရှိသည်
ယာဉ်ပိုင်ရှင်များအားဖိတ်ခေါ်ပါသည်

သဇ္ဇိသုခ သင်္ကြန်
ထားဝယ် ... APR 13
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကကူ APR 13
: 09 423 743 233, 09 4210 14940

မီးသတိပြု

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန
## သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်း
## မွန်ပြည်နယ်၊ မော်လမြိုင်မြို့
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် တည်ဆောက်မည့် သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးစီမံကိန်းအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါသည်။

| | | | |
|---|---|---|---|
| ၁။ | Bentonite | - | ၄၀၀ တန် |
| ၂။ | တောသစ်(ကောင်းမှု) | - | ၁၅၀ တန် |
| ၃။ | တောသစ်(ပန်းစုံ) | - | ၁၅၀ တန်(ဘိုင်သားမပါ) |
| ၄။ | 1.5mm Thick M.S Plate 8'x4' | - | ၂၀၀၀ ချပ် |
| ၅။ | မြစ်သဲ(ဇာသပြင်) Export Quality | - | ၁၂၀၀ ကျင်း |
| ၆။ | Chipping (ဇင်းကျိုက်) | - | ၁၀၀၀ ကျင်း |
| ၇။ | Welding Rod No.8(20Kg) | - | ၂၀၀ ထုပ် |
| | Welding Rod No.10(20Kg) | - | ၈၀၀ ထုပ် |

တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၂၉-၄-၂၀၁၅ရက် (၁၃း၀၀)နာရီ
တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ၂၉-၄-၂၀၁၅ရက် (၁၄း၀၀)နာရီ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ - သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့

တင်ဒါစည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များ၊ တင်ဒါလျှောက်လွှာပုံစံများကို ၈-၄-၂၀၁၅ရက်မှစ၍ ရောင်းချပါမည်။ ၁၃-၄-၂၀၁၅ရက်(သင်္ကြန်အကြိုနေ့)မှ ၁၇-၄-၂၀၁၅ရက် (နှစ်ဆန်း ၁ ရက်နေ့)အတွင်းမှအပ ကျန်ရက်များတွင် ရုံးချိန်အတွင်း ရောင်းချပေးပါမည်။ လျှောက်လွှာများကို သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့တွင် ဝယ်ယူနိုင်ပါသည်။

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန
## 66KV ဓာတ်အားလိုင်း သံလွင်မြစ်ကျော်တာဝါတိုင်တည်ဆောက်ရေးစီမံကိန်း
## မွန်ပြည်နယ်၊ မော်လမြိုင်မြို့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင်တည်ဆောက်မည့် 66KV ဓာတ်အားလိုင်း သံလွင်မြစ်ကျော်တာဝါတိုင်တည်ဆောက်ရေးစီမံကိန်းအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါသည်။

**မုပွန်ဘက်ကမ်းအရောက်**

(က) Chipping (ဇင်းကျိုက်) - ၆၀၀ ကျင်း
(ခ) မြစ်သဲ(ဇာသပြင်)Export Quality - ၄၀၀ ကျင်း

**ကညွှော်ဘက်ကမ်းအရောက်**

(က) Chipping (ဇင်းကျိုက်) - ၃၀၀ ကျင်း
(ခ) မြစ်သဲ(ဇာသပြင်) Export Quality - ၂၀၀ ကျင်း

တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၂၉-၄-၂၀၁၅ရက် (၁၃း၀၀)နာရီ
တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ၂၉-၄-၂၀၁၅ရက် (၁၄း၀၀)နာရီ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ - သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့

တင်ဒါစည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များ၊ တင်ဒါလျှောက်လွှာပုံစံများကို ၈-၄-၂၀၁၅ရက်မှစ၍ ရောင်းချပါမည်။ ၁၃-၄-၂၀၁၅ရက် (သင်္ကြန်အကြိုနေ့)မှ ၁၇-၄-၂၀၁၅ရက် (နှစ်ဆန်း ၁ ရက်နေ့)အတွင်းမှအပ ကျန်ရက်များတွင် ရုံးချိန်အတွင်း ရောင်းချပေးပါမည်။ လျှောက်လွှာများကို သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်ရေးစီမံကိန်းရုံး၊ ကျိုက်မုပွန်ဘုရားအနီး၊ မော်လမြိုင်မြို့တွင် ဝယ်ယူနိုင်ပါသည်။






ကြော်ငြာ

## ဆူးခါးပရိယတ္တိစာသင်တိုက် ပထမအကြိမ် မိုးကုတ်ဝိပဿနာတရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ ဆူးခါးပရိတ္တိစာသင်တိုက်ကြီး၌ ပထမအကြိမ်ကျင်းပမည့် မိုးကုတ်ဝိပဿနာ သင်္ကြန်တွင်း(၇)ရက်တရားစခန်းကို နှောင်းတန်ခူးလဆုတ်(၈)ရက်မှ လကွယ်နေ့ထိ ၁၁-၄-၂၀၁၅(စနေနေ့)မှ (၁၇-၄-၂၀၁၅)နေ့ထိ ကျင်းပမည်ဖြစ်သည်။ (ဆူးခါးပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသုမနအရှင်သူမြတ်မှ ကြီးမှူး၍ မိုးကုတ်ဝိပဿနာဖွဲ့ချုပ်ကြီး၏ နာယကချုပ်ဆရာတော် ဇနိတာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်များမှ ဦးစီးပဓာနနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇနိတာလင်္ကာရ၏ ဩဝါဒကိုခံ ယူကာ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂၀)ရပ်ကွက်၊ မြောင်းမြလမ်း၊ နေပြည်တော်ဓမ္မ ဗိမာန်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တလက္ခဏ(ဓမ္မာစရိယ) ကမ္မဋ္ဌာနာစရိယနှင့် ဆူးခါးကျောင်းတိုက်မှ ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဓမ္မကထိက ဘဒ္ဒန္တဓမ္မရံသီ(မိုးကုတ်) အရှင်မြတ်တို့က ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယ အတိုင်း ပဋိစ္စသမုပ္ပါဒ်တရားနှင့် သစ္စာလေးပါးတရားတော်များကို ခန္ဓာဉာဏ်ရောက်သစ္စာစိုက်အောင် ဟောကြားပြသမည်ဖြစ်ပါ၍ ဓမ္မမိတ်ဆွေသူတော်ကောင်းအပေါင်း ကြွရောက်ကြပါရန်နှင့် ဘဒ္ဒန္တသုမန (ဆူးခါးကျောင်းတိုက်) ၀၉-၄၂၀၁၀၂၉၀၆ ထံသို့ စာရင်းပေးသွင်းနိုင်ပါသည်။ မှတ်ချက်-တန်ဖိုးကြီးသော ရွှေ ငွေ၊ ရတနာများယူဆောင်မလာရ။ စားအုန်းဆီလုံးဝ မသုံးပါ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးဝန်ကြီးဌာန
## ငွေတိုက်ဦးစီးဌာန
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ ငွေတိုက်ဦးစီးဌာနတွင် စိစစ်ရေးမှူး(၂)(လစာနှုန်းကျပ်-၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး(၉)နေရာလစ်လပ်လျက်ရှိပါသည်။ လစ်လပ်ရာထူး(၉)နေရာတွင် စီးပွားရေးတက္ကသိုလ်များမှ ဘွဲ့ရများနှင့် အင်္ဂလိပ်စာအဓိကဘွဲ့ရသူများကို ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

၂။ ရွေးချယ်ခြင်းခံထားရသူများအား (လစာနှုန်းကျပ်-၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)တွင် ကနဦးလစာကျပ်-၁၈၀၀၀၀ိ/-ဖြင့် အလုပ်သင်အဖြစ်စတင်ခန့်ထားပါမည်။ ရွေးချယ်ခြင်းခံရသူများသည်ငွေတိုက်ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အရာထမ်းငယ်အခြေခံသင်တန်းသို့တက်ရောက်ပြီးမှသာလျှင် အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်ထား၍ နှစ်တိုးလစာကို ခံစားခွင့်ပြုမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အနည်းဆုံးပညာအရည်အချင်းမှာအောက်ဖော်ပြပါ ဘွဲ့တစ်ခုခုရရှိသူများဖြစ်ရပါမည်။
  - (၁) ဝါဏိဇ္ဇဘွဲ့ (B.Com)
  - (၂) စာရင်းကိုင်ပညာဘွဲ့ (B.Act)
  - (၃) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့ (B.B.A)
  - (၄) စီးပွားရေးပညာဘွဲ့(ဘောဂဗေဒ) B.Econ (Economics)
  - (၅) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘွဲ့ (B.P.A)
  - (၆) ဖွံ့ဖြိုးရေးပညာဘွဲ့ (B.Dev.S)
  - (၇) စီးပွားရေးပညာဘွဲ့(စာရင်းအင်း) B.Econ(Statistics)
  - (၈) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) B.A(English)
- (ဂ) ၃၀-၄-၂၀၁၅ရက်တွင် အသက်(၂၅)နှစ်ထက်မကျော်စေရ။ အစိုးရဝန်ထမ်းများအား အသက်(၃၀)နှစ်အထိခွင့်ပြုသည်။

၄။ ရေးဖြေစာမေးပွဲကို ဖြေဆိုရမည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဖြစ်ပါသည်။ ရေးဖြေစာမေးပွဲအစီအစဉ်ကို သတင်းစာများတွင် ထပ်မံကြော်ငြာပါမည်။

၅။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေးကျပ်-၅၀၀ိ/-ပေးသွင်းရမည်ဖြစ်ပါသည်။ နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်တွင် စာမေးပွဲဝင်ကြေးပေးသွင်းသူများသည် နေပြည်တော်မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ်-MD-012683သို့ငွေစာရင်းခေါင်းစဉ်-၂၄။ ဘဏ္ဍာရေး၊ ၇။ ငွေတိုက်ဦးစီးဌာန၊ "၁။ ပစ္စည်းများရောင်းချရငွေနှင့်ဆောင်ရွက်ပေးမှုအတွက် ရငွေများ၊ ၀၂။ ဆောင်ရွက်ပေးမှုအတွက် ရငွေများ"ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး စာရင်းအမှတ်အောက်ရှိ ကွက်လပ်တွင် "ငွေတိုက်ဦးစီးဌာန၊ စိစစ်ရေးမှူး-၂ ရာထူးအတွက် စာမေးပွဲဝင်ကြေးပေးသွင်းခြင်း"ဟု ဖော်ပြ၍ပေးသွင်းရမည်ဖြစ်ပါသည်။

၆။ လျှောက်လွှာတွင်-
- (က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ခ) မွေးသက္ကရာဇ်(အသက်)
- (ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
- (ဃ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်
- (င) မိဘအမည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(သို့) အမျိုးသားမှတ်ပုံတင်အမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်
- (စ) ဝန်ထမ်းဖြစ်လျှင်အလုပ်အကိုင်နှင့်ဌာန
- (ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့်ရက်စွဲ
- (ဇ) ဆက်သွယ်ရန်လိပ်စာနှင့်တယ်လီဖုန်းအမှတ်
- (ဈ) အမြဲတမ်းလိပ်စာအပြည့်အစုံတို့ကို ဖော်ပြရမည်။

၇။ လျှောက်လွှာနှင့်အတူ
- (က) ဝင်ကြေးပေးသွင်းချလန်မူရင်း
- (ခ) ဘွဲ့လက်မှတ်မိတ္တူ
- (ဂ) ရရှိသည့်ဘွဲ့၏အမှတ်စာရင်းမိတ္တူ
- (ဃ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
- (င) အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (စ) ဝန်ထမ်းမဟုတ်သူများအတွက် ပြစ်တမ်းဝင်အရာရှိနှင့် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ၁-၄-၂၀၁၅ ရက်နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တထောက်ခံချက်မူရင်းတို့ပါရှိရမည်။

၈။ ဝန်ထမ်းမဟုတ်သူများ လျှောက်လွှာတင်သွင်းရာတွင် ညွှန်ကြားရေးမှူးချုပ်၊ ငွေတိုက်ဦးစီးဌာန၊ ရုံးအမှတ်(၃၄)၊ နေပြည်တော်သို့ လိပ်စာတပ်ပြီး လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်စာပြုလုပ်၍သော်လည်းကောင်း၊ ငွေတိုက်ဦးစီးဌာနသို့ ၂၄-၄-၂၀၁၅ရက် နောက်ဆုံးထား၍ပေးပို့ရမည်။

၉။ ဝန်ထမ်းများသည်လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနမှတစ်ဆင့် ဤဦးစီးဌာနသို့ ၁၅-၅-၂၀၁၅ရက် နောက်ဆုံးထား၍အရောက်ပေးပို့ပါရန်နှင့် လျှောက်လွှာမိတ္တူတစ်စောင်ကို ၂၄-၄-၂၀၁၅ရက်နောက်ဆုံးထား၍ ဤဦးစီးဌာနသို့ ကြိုတင်ပေးပို့ရန်ဖြစ်ပါသည်။

## (၅၀)နှစ်မြောက် ရွှေရတုမင်္ဂလာဆုတောင်း

မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေဟူသော မိဘဝတ္တရားနှင့်အညီ သားသမီးများအပေါ် စည်းစနစ်ကျစွာ ထိန်းသိမ်းပဲ့ပြင်သွန်သင်ဆုံးမပြီး တန်ဖိုးမဖြတ်နိုင်သော ပညာရွှေအိုးအမွေပေးခဲ့သည့်အပြင် စေတနာ၊ မေတ္တာ၊ ကရုဏာ၊ အကြင်နာတရားအပြည့်အဝဖြင့် အနှိုင်းမဲ့မိဘမေတ္တာကို ယနေ့တိုင် ပေးနေဆဲဖြစ်သော ကျေးဇူးရှင်ချစ်ပါကြီး **သုဓမ္မမဏိဇောတဓရ (စံချိန်မီ)ဦးလှထွန်း (လူမှုထူးချွန်)နှင့် ချစ်မေမေ သုဓမ္မသိင်္ဂီဒေါ်ခင်သန်း (စံချိန်မီလုပ်ငန်းစု)** သုံးဆယ်မြို့တို့၏ ၉-၄-၂၀၁၅ ရက်တွင်ကျရောက်သည့် (၅၀)နှစ်မြောက် ရွှေရတုမင်္ဂလာရက်မြတ်မှသည် ချစ်သောသားသမီး၊ မြေးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပျော်ရွှင်စွာဖြင့် သာသနာတော်၏အကျိုး ဆတက်တိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ချစ်သားကြီး - ကိုအောင်သန်းထွန်း** B.A(Hist)-**မသန်းသန်းမော်** B.Sc(Maths)
**ချစ်သမီးကြီး - ကိုခင်မောင်မြင့်** B.Sc (Geo)(Hons:)-**မခင်လေးထွန်း** B.Com
**ချစ်သားငယ် - ကိုရဲသန်းထွန်း** B.Sc (Chem:) (Hons:)-**မဖြူဇာခင်** B.A(English-Q)
**ချစ်သားလေး - ကိုဇော်ဇော်ထွန်း** B.Sc (Bot:) (E.S)- **မဝင်းဝင်းထွေး** M.A (Geog)
**ချစ်သမီးငယ် - မသင်းသင်းထွန်း** M.Res:(I.C)Y.U
**ချစ်သမီးလေး - မောင်နိုင်ဝင်း(ခ)အောင်ချမ်း-မလင်းလင်းထွန်း** B.A (Myan:)
**ချစ်မြေး - 'တုံ' မောင်နှမများ**




## Open Tender ခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၃)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ဆောင်ရွက်မည့် မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်းနှင့် မြတောင်ချဉ်းကပ်လမ်းလုပ်ငန်းအတွက် (မန္တလေးတိုင်းဒေသကြီးအပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအပိုင်းတွင်)အသုံးပြုရန် လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

| | |
|---|---|
| အိတ်ဖွင့်တင်ဒါအမှတ် | - အမှတ်(၁) ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် |
| ကျောက်ရွယ်စုံ | - (၂၇၁၄. ၃၂)ကျင်း |
| သဲ | - ( ၅၇. ၀၁ ) ကျင်း |
| (၁) တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက် | - ၁၀-၄-၂၀၁၅ရက် |
| (၂) တင်ဒါပိတ်မည့်ရက်/အချိန် | - ၂၃-၄-၂၀၁၅ရက်၊ ၉း၀၀နာရီ |
| (၃) တင်ဒါဖွင့်မည့်ရက်/ အချိန် | - ၂၃-၄-၂၀၁၅ရက်၊ ၁၁း၀၀နာရီ |
| (၄) တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ | - ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ လမ်းအထူးအဖွဲ့(၁၃)၊ မိတ္ထီလာမြို့။ |

**အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။**
**ဖုန်း-၀၆၄-၂၃၁၁၈**

## ချောင်းသာ သွားမလို့လား .....
**'အောင်'** တည်းခိုရိပ်သာမှ Booking လက်ခံနေပြီ။
ခရီးသွားလုပ်ငန်းများဆက်သွယ်နိုင်ပါသည်။
**Ph :09-252077123, 09-2562295669**

## မြောင်းမြမြို့၊ ဘုရားချောင်း(မြကန်သာ)ရပ်ကွက်တွင် မြေကွက်ရယူထားသူများအား အသိပေးအကြောင်းကြားခြင်း

မြောင်းမြမြို့၊ ဘုရားချောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၇၅-ခ)၊ ဦးပိုင်အမှတ်(၁၀၇၊ ၁၀၈၊ ၁၇၀/၂၂၀၊ ၁၀၉/၁၊ ၁၁၀) ဧရိယာ (၇. ၀၆)ဧကရှိမြေတွင် မြေကွက်(၈၃)ကွက် ဖော်ထုတ်၍ ၂၀၁၀ခုနှစ်တွင် မြေကွက်များချထားပေးခဲ့ရာ ယခုအချိန်ထိ (၁၆)ကွက်သာ အဆောက်အအုံများဆောက်လုပ်ထားပြီး (၆၇)ကွက် ကျန်ရှိနေသေးကြောင်း စိစစ်တွေ့ရှိရ၍ လုပ်ငန်းဆောင်ရွက်မှုမရှိသောမြေကွက်ရယူထားသူများအနေဖြင့် ကြော်ငြာသည့်နေ့မှ ၃၁-၅-၂၀၁၅ရက်နောက်ဆုံးထားပြီး ခြံစည်းရိုးကာ၍ အဆောက်အအုံများ ဆောက်လုပ်သွားရန်နှင့် နေအိမ်အဆောက်အအုံဆောက်လုပ်ဆောင်ရွက်ခြင်းမရှိသော မြေကွက်များအား မြို့မြေနေရာချထားရေးကော်မတီမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်သိမ်းယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**စုံစမ်းရန် -**
မြောင်းမြခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အမှတ်(၇)ရပ်ကွက်၊ မြောင်းမြမြို့။ ဖုန်း ၀၄၂-၇၀၀၀၄၊ ၀၄၂-၇၀၀၀၈၊ ၀၄၂-၇၀၀၁၀၊ ၀၄၂-၇၀၀၁၁

**မြို့မြေနေရာချထားရေးကော်မတီ၊ မြောင်းမြမြို့**

## ဒေါ်ခင်အေးနွယ်[၅/ကလတ(နိုင်)၁၅၀၂၈၀]သိရှိစေရန် ကြော်ငြာခြင်း

Seven Colour Trading Co.,Ltd (Warehouse Department) Textile တွင် တာဝန်ထမ်းဆောင်ခဲ့သော ကလေးမြို့၊ ဘဲအင်းရပ်ကွက်နေ ဒေါ်ခင်အေးနွယ်(Storekeeper)**မှတ်ပုံတင်အမှတ်[၅/ကလတ(နိုင်)၁၅၀၂၈၀]**သည် ကုမ္ပဏီသို့ တစ်ပတ်အတွင်း စာရင်းဇယားများအား အမြန်ဆုံးလွှဲပြောင်းပေးရန် အသိပေးကြော်ငြာအပ်ပါသည်။ ကုမ္ပဏီသို့ တစ်ပတ်အတွင်း လာရောက်ဖြေရှင်းပေးခြင်း၊ လွှဲပြောင်းပေးခြင်းမရှိပါက မရိုးသားစွာ လုပ်ကိုင်ခဲ့သည်ဟု ယူဆရသဖြင့် သက်ဆိုင်ရာမှ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**Seven Colour Trading Company Limited**

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း ကြီးကြပ်မှုအတွင်းရှိ အောက်ဖော်ပြပါ စက်ရုံများအတွက် ဆောက်လုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တည်နေရာ | လုပ်ငန်းအရေအတွက် |
|---|---|---|
| (က) | ဆေးဝါးစက်ရုံ(အင်းစိန်) | ၁၀ မျိုး |
| (ခ) | ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး) | ၁ မျိုး |
| (ဂ) | ဆေးဝါးကုန်ကြမ်းစက်ရုံခွဲ(မှော်ဘီ) | ၄ မျိုး |
| (ဃ) | မြင်းနှင့်သိုးမွေးမြူရေးဌာန(ဟဲဟိုး) | ၄ မျိုး |

တင်ဒါစတင်ရောင်းချမည့်ရက် - ၈-၄-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၅-၂၀၁၅ရက် (ညနေ ၄း၀၀နာရီ)
တင်ဒါပေးသွင်းရမည့်နေရာ - ဒုတိယဝန်ကြီးရုံးခန်း၊ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းများ၏ အသေးစိတ်အချက်အလက်များနှင့် ပတ်သက်၍ အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။**
**ဖုန်း ၀၆၇-၄၀၈၃၇၀၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆**
**ဆေးဝါးစက်ရုံ(အင်းစိန်)၊ ဖုန်း ၀၁-၆၄၆၂၇၄**

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းကြီးကြပ်မှုအတွင်းရှိ အောက်ဖော်ပြပါ စက်ရုံများအတွက် စက်ပစ္စည်းများအား (CIF, YGN) နိုင်ငံခြားငွေ (US$) (သို့မဟုတ်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တည်နေရာ | အရေအတွက် |
|---|---|---|
| (က) | ဆေးဝါးစက်ရုံ(အင်းစိန်) | (၆၅) မျိုး |
| (ခ) | ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး) | (၃၃) မျိုး |
| (ဂ) | ဆေးဝါးစက်ရုံ(အင်ရောင်း) | (၂၂) မျိုး |
| (ဃ) | မြင်းနှင့်သိုးမွေးမြူရေးဌာန(ဟဲဟိုး) | (၃) မျိုး |

တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန် - ၈-၄-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၅-၂၀၁၅ရက် မွန်းလွဲ ၁၆း၀၀နာရီ
တင်ဒါပေးသွင်းရမည့်နေရာ - ဒုတိယဝန်ကြီးရုံးခန်း၊ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့် စက်ပစ္စည်းများ၏ အမျိုးအမည်နှင့် (Technical Specification) များ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ အောက်ပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန**
**နေပြည်တော်**
**ဖုန်းနံပါတ်- ၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆**
**ဆေးဝါးစက်ရုံ(အင်းစိန်)၊ ၀၁-၆၄၆၂၇၄**

## Roller & Tipper ရောင်းမည်။

| 3 Wheel, vibrator mode | (6)ပေါက် | (8)ပေါက် |
|---|---|---|
| | (၂)ကျင်း | (၃)ကျင်း |
| | 6G/၃၅၆၀ | 6G/၁၂၁၅ |
| **400 သိန်း** | **125 သိန်း** | **145 သိန်း** |

(၃၀)၊ဘုရင့်နောင်လမ်း၊ ချောင်းဝဘုန်းကြီးကျောင်းအနီး၊လှိုင်မြို့နယ်။ 09-420071743,09793614360

## TAKARAJIMA GROUP

(TOTAL CAR SUPPORT)

CAR CARE SERVICE CENTER

No.54/55, Sein Yadanar St, 1St Qr,

Near Moe Myinttar Hospital. Insein Rd.

Kamayut Tsp,Yangon, Myanmar.

HOT LINE 09-250790371,

Tel/Fax (95)01-2306226,

TEL: 09-8621714, 09-261678789

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနတွင် ကာလတိုသင်တန်းဖွင့်လှစ်ရန်လိုအပ်သော လယ်ယာသုံး စက်ကိရိယာ၊ စက်အပိုပစ္စည်းများနှင့် အခြားဆက်နွယ် စက်အစိတ်အပိုင်းများအတွက် Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့်အစိုးရ နည်းပညာအထက်တန်းကျောင်းများတွင် ကာလတိုသင်တန်းဖွင့်လှစ်ရန်အတွက် လိုအပ်သောလယ်ယာသုံး စက်ကိရိယာနှင့် စက်အပိုပစ္စည်းများ၊ အခြားဆက်နွယ်လျက်ရှိသော စက်အစိတ်အပိုင်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

၂။ Open Tender ပုံစံများကို ၈-၄-၂၀၁၅ရက် နံနက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနတွင် တစ်စုံလျှင်(၁၀၀၀၀/-) ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂၂-၄-၂၀၁၅ ရက် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အဆိုပါ လယ်ယာသုံးစက်ကိရိယာနှင့် စက်အပိုပစ္စည်းများ၊ အခြားဆက်နွယ်လျက်ရှိသော စက်အစိတ်အပိုင်းများအား သက်ဆိုင်ရာဒေသအရောက် ၂၆-၄-၂၀၁၅ရက် နောက်ဆုံးပေးသွင်းနိုင်သူများကို ဦးစားပေးရွေးချယ်မည်ဖြစ်ပါသည်။

၄။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၄၈၃၊ ၀၆၇-၄၀၄၄၅၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

**ယဉ်ယဉ်မိသားစု** သကြ်န်အဆင့်မြင့်အထူးခရီးစဉ်

**ဘားအံ၊ မြဝတီ၊ မဲဆောက်၊ ဖဝေါ**

(စရိတ်ငြိမ်း ၂၀၀၀၀၀/ကျပ် Hotel အိပ်၊ Hotel စား)

ဧပြီ(၁၁မှ ၁၅ထိ) L~7 ယုဇနပလာဇာမြေညီ

**ဖုန်း-၀၁-၂၀၀၇၄၇ လိုင်းခွဲ-၁၃၁၅၊ ၀၉-၇၃၀၀၉၈၄၁**

7Stars(ရာထူးဝင်သင်တန်းကြီး)
PPTT(၂/၂၀၁၅)
မူလတန်းပြ ဆရာ/ဆရာမဝင်ခွင့်
(ပုံမှန်တန်းခွဲ / အနီးကပ်တန်းခွဲများစပြီ။)
(အပြည်စုံဆုံးမှတ်စုများရောင်းချပေးသည် ၊ နယ်သို့ပို့ပေးသည် ၊)
တိုက်(18 / 3B)၊ သပြေညိုကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လှိုင်) မရှိပါ ။
09.421052736, 09.49282366, 09.799860155

**စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ထီးဆောင်းစံပြကျေးရွာ (မန္တလေး-မုံရွာကားလမ်းမဘေး) ရွှေရတုတိပိဋကစကျူပါလကုသိုလ်ဖြစ် အခမဲ့မျက်စိဆေးရုံကြီးတွင် ဆေးရုံနှစ်ပတ်လည်ခွဲစိတ်ပြီး လူနာတစ်သောင်းပြည့်အထိမ်းအမှတ်အဖြစ် ရွှေသံလွင်တိပိဋက အနန္တမေတ္တာနှစ်ထပ်ဆောင်ကြီး ရေစက်ချအလှူမင်္ဂလာ။ တိပိဋကသုဘဒ္ဒါသူနာပြုခန်းမကြီးဖွင့်ပွဲမင်္ဂလာ၊ ဆေးရုံအတွင်း ကွန်ကရစ်ပတ်လမ်းရေစက်ချ အလှူမင်္ဂလာ၊ ဧရာဝတီမြစ်မှ သုံးမိုင်ဝေးသောဆေးရုံသို့ မြစ်ရေသွယ်တန်း၍ လှူဒါန်းခြင်း ချယ်ရီမေတ္တာရေအလှူတော် ရေစက်ချမင်္ဂလာအခမ်းအနားများကို (၁၃၇၇ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်) ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၀ရက်များတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညိုသဒ္ဓါတရားပွားများနိုင်ရန် နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

## ပြည်ထဲရေးဝန်ကြီးဌာန
## ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီသည် ပြည်ထဲရေးဝန်ကြီးဌာန၏ ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သောရုံးသုံးစက်ကိရိယာ၊ မီးသတ်ယာဉ်နှင့်ယာဉ်စက်ပစ္စည်းများ၊ လုံခြုံရေး၊ စစ်ဆေးရေးနှင့် ဆက်သွယ်ရေးပစ္စည်းများဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါ ပစ္စည်းများတင်သွင်းလိုသော ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၂၂-၄-၂၀၁၅ရက်မှစ၍ နေပြည်တော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၀)တွင် ဝယ်ယူနိုင်ပြီး ၁၅-၅-၂၀၁၅ရက် ညနေ ၁၆:၀၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile စသည်တို့ကို တင်ဒါစည်းကမ်းချက်များနှင့်အညီ တင်သွင်းရမည် ဖြစ်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်အား နိုင်ငံပိုင်သတင်းစာများမှ ထပ်မံကြော်ငြာမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| (က) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၄၁၂၅၁၂၊ ၄၁၂၀၄၅၊ |
| (ခ) | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဖုန်း-၀၆၇-၄၃၁၃၇၄၊ ၄၃၁၃၉၆ |
| (ဂ) | အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၄၃၁၄၁၆၊ ၄၃၁၄၂၀ |
| (ဃ) | မီးသတ်ဦးစီးဌာန | ဖုန်း-၀၆၇-၄၂၀၀၂၅၊ ၆၆၀၅၄၄ |

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးဝန်ကြီးဌာန
## ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
## ရုံးချုပ်၊ နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် စိစစ်ရေးမှူး(၂) (လစာနှုန်းကျပ်-၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူး(၁၃)နေရာ လစ်လပ်လျက်ရှိပါသည်။ လစ်လပ်ရာထူး(၁၃)နေရာတွင် စီးပွားရေးတက္ကသိုလ်များမှ ဘွဲ့ရများ၊ ဥပဒေဘွဲ့ရများ၊ ဝိဇ္ဇာဘွဲ့ရများနှင့် ကွန်ပျူတာသိပ္ပံဘွဲ့ရများအား ရွေးချယ်ခန့်ထားမည် ဖြစ်ပါသည်။

၂။ ရွေးချယ်ခြင်းခံထားရသူများအား(လစာနှုန်းကျပ်-၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)တွင် ကနဦးလစာကျပ်-၁၈၀၀၀၀/-ဖြင့် အလုပ်သင်အဖြစ် စတင်ခန့်ထားပါမည်။ ရွေးချယ်ခြင်းခံရသူများသည် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး အရာထမ်းငယ်အခြေခံသင်တန်းသို့ တက်ရောက်ပြီးမှသာလျှင် အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထား၍ နှစ်တိုးလစာကို ခံစားခွင့်ပြုမည် ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အနည်းဆုံးပညာအရည်အချင်းမှာအောက်ဖော်ပြပါဘွဲ့တစ်ခုခုရရှိသူများ ဖြစ်ရပါမည်။

- (၁) ဝါဏိဇ္ဇဘွဲ့(B.Com)
- (၂) စာရင်းကိုင်ပညာဘွဲ့(B.Act)
- (၃) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့(B.B.A)
- (၄) စီးပွားရေးပညာဘွဲ့(ဘောဂဗေဒ)B.Ecom (Economics)
- (၅) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဘွဲ့(B.P.A)
- (၆) ဖွံ့ဖြိုးရေးပညာဘွဲ့(B.Dev.S)
- (၇) စီးပွားရေးပညာဘွဲ့(စာရင်းအင်း)B.Econ(Statistics)
- (၈) ဥပဒေဘွဲ့ (LL.B)
- (၉) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)B.A (English)
- (၁၀) ကွန်ပျူတာသိပ္ပံဘွဲ့(B.C.Sc)

(ဂ) ၃၀-၄-၂၀၁၅ရက်တွင် အသက်(၂၅)နှစ်ထက်မကျော်စေရ၊ အစိုးရဝန်ထမ်းများအား အသက်(၃၀)နှစ်အထိ ခွင့်ပြုသည်။

၄။ ရေးဖြေစာမေးပွဲကိုဖြေဆိုရမည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဖြစ်ပါသည်။ ရေးဖြေစာမေးပွဲအစီအစဉ်ကို သတင်းစာများတွင် ထပ်မံကြော်ငြာပါမည်။

၅။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ်-၅၀၀/-ပေးသွင်းရမည် ဖြစ်ပါသည်။ နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တွင် စာမေးပွဲဝင်ကြေး ပေးသွင်းသူများသည် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ် MD-010624 သို့ ငွေစာရင်းခေါင်းစဉ် ၂၄။ ဘဏ္ဍာရေး၊ ၂။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ "၁။ ပစ္စည်းများရောင်းချရငွေနှင့် ဆောင်ရွက်ပေးမှုအတွက်ရငွေများ၊ ၀၂။ ဆောင်ရွက်ပေးမှုအတွက်ရငွေများ"ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး၊ စာရင်းအမှတ်အောက်ရှိ ကွက်လပ်တွင် "ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စိစစ်ရေးမှူး-၂ရာထူးအတွက် စာမေးပွဲဝင်ကြေးပေးသွင်းခြင်း"ဟု ဖော်ပြ၍ ပေးသွင်းရမည် ဖြစ်ပါသည်။

၆။ လျှောက်လွှာတွင်-

(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ခ) မွေးသက္ကရာဇ်(အသက်)

